ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 April 2019 ၉၆၁၀

# မြေယာကိစ္စများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးရန် အရေးကြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧရာဝတီတိုင်းဒေသကြီးတွင် ပြောကြား

နေပြည်တော် ဧပြီ ၂

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညီ့ရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပန်းတနော်မြို့ ပန်းတနော်ရိပ်သာ၌ မြို့မိမြို့ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ တွေ့ရစဉ်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူထုတွေ့ဆုံပွဲများတွင် တင်ပြချက်များကို ချက်ချင်းဖြေရှင်းနိုင်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တင်ဒါခေါ်ယူသည့်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုရှိရမည့်အပြင် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ချက်၊ ဒီဇိုင်းနှင့် BQ တို့ကို ယှဉ်ပြိုင်မည့်သူများအတွက် တန်းတူရည်တူ မျှမျှတတ ဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ MoU ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာရန် လိုအပ်ပါကြောင်း၊ အဆိုးဆုံးတွေ့ကြုံနေရသည်မှာ မြေယာကိစ္စပင် ဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ ယင်းသို့ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ပကတိမြေပြင်အခြေအနေလိုအပ်ချက်အရ ဖြေလျှော့ပေးရန် လိုအပ်သည်များရှိပါက တင်ပြကြရန်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေး အဓိကဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးတွင် အထွက်တိုးရေးနှင့် အရည်အသွေးမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**“အရွေးချယ်ခံ၍ တက်လာသည့် အစိုးရများသည် မဲပေးပြီး ရွေးချယ်လိုက်သည့် ပြည်သူလူထုနှင့် နိုင်ငံအပေါ်တွင် တာဝန်ရှိပါကြောင်း၊ ယင်းတာဝန်များ ကျေပွန်အောင်ဆောင်ရွက်ရန်မှာ အစိုးရ၏ အဓိကလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးမှာ အစိုးရနှင့် ပြည်သူအကြားတွင် ယုံကြည်စိတ်ချမှုရှိရန်ဖြစ်”**

**ကြေးမုံ သတင်းအညွှန်း**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)(ဗဟို)နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး စာမျက်နှာ » ၉

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင် ဒုတိယနေ့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပ စာမျက်နှာ » ၁၁

ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်များ၌ လေထုညစ်ညမ်းမှု အခြေအနေ ဆိုးရွား စာမျက်နှာ » ၁၂



# မြန်မာ-ကနေဒါ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး



**နေပြည်တော် မေ ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကနေဒါနိုင်ငံ Canada Trade Link ကုမ္ပဏီမှ ဥက္ကဋ္ဌ Hon. Bryon Wilfert နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UN-HABITAT ၏ Country Programme Manager နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UN-HABITAT Country Programme Manager, Mr.Bijay Karmacharya နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UN-HABITAT အဖွဲ့အစည်းတို့အနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဝန်ထမ်းများ စွမ်းရည်မြင့်မားရေးအတွက် သင်တန်းများပေးခြင်း၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်နေရာချထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ UN-HABITAT အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ဂျပန်နိုင်ငံ၏အလှူငွေဖြင့် UN-HABITAT နှင့် MoU ရေးထိုးဆောင်ရွက်မည့် “Rakhine Settlements Support Project: RASSP စီမံကိန်း အကောင်အထည်ဖော်ရန်ကိစ္စ၊ စီမံချက်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ သဘောထားအမြင်များကို နားထောင်ခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်၍ သက်ဆိုင်ရာအုပ်ချုပ်မှု အဖွဲ့အစည်းများ၊ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီအခြေခံအားကစားသင်တန်းတတ်မြောက်မှုဆန်းစစ်ခြင်းနှင့်သင်တန်းဆင်းပွဲကျင်းပ

**ပလက်ဝ မေ ၂**

ချင်းပြည်နယ် ပလက်ဝမြို့တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၁၂ ရက်မှ မေ ၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၀ ကို မြန်မာ့ရိုးရာသိုင်း၊ ကြက်တောင်ရိုက်၊ ဘောလုံး၊ ဘော်လီဘောစသည့် အားကစားနည်းများကို သင်ကြားပေးကာ တတ်မြောက်မှုစွမ်းရည်ကို သင်တန်းဆင်းပွဲတွင် ဆန်းစစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ Fitness dance ကာယပညာသင်တန်းကို သင်ကြားပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အသက်အရွယ်မရွေးသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးမှူး ဦးဦးထွန်းထံမှ သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂**

ရန်ကုန်(ရွှေဈေး) ၁၀၄၁၀၀၀ - ၁၀၄၁၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၁၀၀၀ - ၁၀၄၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၃၅ ကျပ် | ၈၇၀/၈၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၄၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၁.၆ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၃.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၅၆၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၁၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၇၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၇.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၉၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၉.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၄.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

# ကြေးမုံ

## တရားဥပဒေစိုးမိုးမှ နိုင်ငံတည်ငြိမ်အေးချမ်း

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းပြီးစ နိုင်ငံများနှင့် နှိုင်းစာလျှင် စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင် ကြုံတွေ့ရသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရစဉ်ကာလမှစ၍ ယနေ့ကာလထိတိုင် ငြိမ်းချမ်းသည်ဟူ၍ တစ်ကြိမ်တစ်ခါမျှမရှိသေးချေ။ ငြိမ်းချမ်းရေးရရှိရန်လည်း နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းခြင်းနှင့် မငြိမ်းချမ်းခြင်း၏ ရလဒ်များကို မငြိမ်းချမ်းသည့် အနိဋ္ဌာရုံများအား ကိုယ်တိုင်ကြုံတွေ့ရသူများသာ လက်တွေ့ခံစားကြည့်နိုင်သည်။

မကြာသေးမီက ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံတစ်ပတ်ပတ်ပြီး တစ်ကိုယ်တော်စက်ဘီးစီးနင်း၍ လှည့်ပတ်နေသော အဘိုးအိုတစ်ဦးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ စစ်အတွင်းကာလနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းစစ်ကာလများအား ဖြတ်သန်းခဲ့ရာ၌ ကြုံတွေ့ခဲ့သော စစ်ပွဲများ၏အနိဋ္ဌာရုံများနှင့် ဒုက္ခဆင်းရဲရောက်ခဲ့ပုံများကို အသိပေးပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောစေရန် ရောက်ရာအရပ်၌ အသိပေးနှိုးဆော်ခဲ့သည့် ကောင်းသောပြုလုပ်မှုကို တွေ့ရသည်။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးနှင့်စပ်လျဉ်း၍ “မိမိတို့နိုင်ငံ တိုးတက်ရန်၊ ငြိမ်းချမ်းရန်၊ တစ်နိုင်ငံလုံးသာယာရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတစ်နိုင်ငံသည် တည်ငြိမ်နိုင်မည် ဖြစ်ပါကြောင်း၊ ရေရှည်တည်ငြိမ်မှုရှိမှ ရေရှည်ငြိမ်းချမ်းရေး ရရှိမည်ဖြစ်ပါကြောင်း” ဧပြီလ ၁ ရက်နေ့က ကျောင်းကုန်းမြို့ မြို့နယ်အားကစားခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ဒွန်တွဲနေပြီး တရားဥပဒေစိုးမိုးမှုပျက်ယွင်းလျှင် ငြိမ်းချမ်းမှုပျက်ယွင်းပြီး ငြိမ်းချမ်းမှုပျက်ယွင်းလျှင် တရားဥပဒေစိုးမိုးမှု ပျက်ယွင်းသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေး၏ အရေးကြီးပုံ၊ အရေးပါပုံတို့ကို ပြည်သူ ပြည်သားများ နားလည်သိရှိထားကြရန်လိုအပ်သည်။

အချို့ပြည်သူများအနေဖြင့် တရားဥပဒေဆိုသည်မှာ ပြည်သူများအား ထိန်းချုပ်ရန်၊ ကန့်သတ်ရန်၊ အပြစ်ပေးရန်အတွက်ဖြစ်သည်ဟု အထင်လွဲမှားနေသူများရှိသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းကို ပြည်သူများအား အနိုင်ကျင့်နှိပ်စက်ခြင်းဟု အထင်ရောက်နေသူများလည်း ရှိသည်။ ဥပဒေဆိုသည်မှာ လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ငြိမ်အောင် လုပ်ပေးရန်၊ တစ်ဦးနှင့်တစ်ဦးအကြား၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ပဋိပက္ခများ နည်းနိုင်သမျှနည်းအောင်၊ ရှောင်ရှား၍မရသည့် လူသားများ အချင်းချင်းအကြား ဖြစ်ပွားသည့်ပြဿနာများကို ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဥပဒေသည် တရားမျှတသည့် ဥပဒေသာဖြစ်သည်။ တရားမျှတသည့် ဥပဒေများသည် အများပြည်သူ ကောင်းကျိုးအတွက် ညီညီမျှမျှ ရေးဆွဲထားသည့် ဥပဒေဖြစ်ရမည်။ ထိုဥပဒေများကို လူတိုင်းလူတိုင်း လေးစားလိုက်နာပါက မငြိမ်းချမ်းသည့်အခြေအနေ၊ မအေးချမ်းသည့်ဘဝများ မည်သို့ရှိနိုင်ပါမည်နည်း။ ဥပဒေအမျိုးမျိုးတို့ကို လူသားများ၏အကျိုးစီးပွားကိုရှေးရှု၍ ရေးဆွဲပြဋ္ဌာန်းလိုက်နာဆောင်ရွက်ကြရသည်။

ဥပဒေသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်ကာလဒေသအခြေအနေနှင့်လည်း ဆီလျော်ကိုက်ညီမှုရှိရမည်။ ထိုဥပဒေတို့၏ အကျိုးသက်ရောက်မှုများကို ပြည်သူများအနေဖြင့် နားလည်သိရှိလက်ခံနိုင်ကြရမည်ဖြစ်သည်။ နားလည်လက်ခံနိုင်ရန်အတွက် ပြောင်းတန်၊ ပြင်တန်၊ ပြုတန်ပြုကြရသည်။ ထိုပြုထားသော ဥပဒေများနှင့်အညီ အထက်ပိုင်းမှအစ အောက်ခြေအဆုံးရှိ ပြည်သူအားလုံး လေးစားလိုက်နာကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူအားလုံးလိုလားလက်ခံသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ရည်ရွယ်တည်ဆောက်ကြရာတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ကန်သင့်မြတ်သည့် ဥပဒေများနှင့်အညီ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို မျှတစွာဖြင့် လွှမ်းခြုံဆောင်ရွက်နိုင်ပါက တရားဥပဒေစိုးမိုးသည့် ငြိမ်းချမ်းသာယာသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ထွန်းမည်မှာ မလွဲဧကန်အမှန်ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

❒ **ရှေ့ဖုံးမှ**

မြေယာသန်းခေါင်စာရင်း မကောက်ယူနိုင်သေးမီ လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး လွှတ်တော်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန် - ပုသိမ်လမ်း ပြုပြင်တည်ဆောက်ရေးနှင့် ရခိုင် - ဧရာဝတီ ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေပတ်လမ်းဖောက်လုပ်ရေး ကိစ္စရပ်များတွင် ကြန့်ကြာနေသည်များကို တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စည်ပင်သာယာလုပ်ငန်းများသည် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့နေရခြင်းဖြစ်၍ အလေးထားဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ အဓိကအားဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လူထုနှင့်အစိုးရ ထိတွေ့ဆက်ဆံမှုအားနည်းနေသဖြင့် လူထုအကြားရောက်အောင် သွားလာတွေ့ဆုံရှင်းလင်းခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ အိမ်မဲမြို့သို့ ရောက်ရှိကြပြီး အိမ်မဲမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ အိမ်မဲဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

**များစွာအရေးပါ**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဧရာဝတီတိုင်းဒေသကြီးသည် ကျယ်ပြန့်ပြီး လူဦးရေထူထပ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် များစွာအရေးပါသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရနှင့်လည်း တိုင်းဒေသကြီးအတွင်းမှာရှိသည့် ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်အကိုင်ဖန်တီးပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ လူတိုင်းလူတိုင်း၏ အဓိကဂုဏ်သိက္ခာသည် အလုပ်လုပ်နိုင်မှုအပေါ်တွင် မူတည်ပါကြောင်း၊ လူတစ်ယောက်သည် မိမိဘဝအတွက် မိမိဘာသာရပ်တည်နိုင်မှ ဂုဏ်သိက္ခာနှင့်ပြည့်စုံသည်ဟု ဆိုနိုင်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး အလုပ်ရရှိနိုင်ရေးအတွက် ကြိုးပမ်းရန်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်တစ်ခုဖြစ်ပါကြောင်း။

**လျှပ်စစ်မီးရရှိမှုသည် အရေးကြီး**

မိမိတို့ အစိုးရအနေဖြင့် တာဝန်ယူကတည်းက အလုပ်အကိုင် ဖန်တီးရေးကို ရှေ့တန်းတင်ပြီး ကြိုးစားခဲ့ပါကြောင်း၊ အလုပ်အကိုင် ဖန်တီးပေးရေးအတွက် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့် လျှပ်စစ်မီးရရှိမှုသည် အရေးကြီးပါကြောင်း၊ ထိုနှစ်ခုရရှိပါက အလုပ်အကိုင် ဖန်တီးရေးအတွက် အခွင့်အရေးများစွာ ပေါ်ပေါက်လာသည်ကို သတိပြုမိပါကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ကြိုးစားခဲ့ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည် မိမိတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်အတွက် များစွာအရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ ထို့အတူ လျှပ်စစ်မီးသည်လည်း ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးပါကြောင်း။

နောက်တစ်ခုမှာ ကျန်းမာရေးနှင့် ပညာရေးဖြစ်ပါကြောင်း၊ မိမိခရီးထွက်သည့်အခါတွင် ကျောင်းများကို သွားရောက်လေ့ရှိပါကြောင်း၊ မိမိတို့၏ ပညာအရည်အချင်းမည်မျှရှိပြီး ပညာသင်ကြားမှုအဆင့် မည်မျှရှိနေပြီဆိုသည့် ကိစ္စတင်မကဘဲ မိမိတို့ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့်ပတ်သက်၍လည်း စိတ်ဝင်စားပါကြောင်း။

မိမိတို့၏ ကျောင်းသား ကျောင်းသူများတွင် ကြောက်စိတ်မရှိသည်ကို တွေ့ရပါကြောင်း၊ ကြောက်စိတ်မရှိခြင်းကို များစွာသဘောကျပါကြောင်း၊ ကလေးများသည် သင်ယူရန်အတွက် ကြောက်စိတ်ကင်းမဲ့ရမည်ဖြစ်ပါကြောင်း၊ မသိသည့်ကိစ္စတစ်ခုကို သိအောင်လုပ်ရမည်ကို ကြောက်နေမည်ဆိုပါက ပညာသင်ယူရာတွင် အင်မတန် ခက်ခဲသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ကလေးများ ကြောက်စိတ်မရှိဘဲ ပညာသင်ယူနိုင်သည်ကို တွေ့ရသည့်အတွက် အားတက်မိပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံအတွက် တိုးတက်မှုတစ်ခုဖြစ်သည်ဟု ယူဆပါကြောင်း။

လူတိုင်းလူတိုင်းသည် မိမိကိုယ်ကို တာဝန်ယူရပါကြောင်း၊ လူတိုင်းတွင် အခွင့်အရေးရှိသလိုတာဝန်လည်းရှိပါကြောင်း၊ လူတိုင်းလူတိုင်းတွင် ရွေးချယ်ပိုင်ခွင့် အမြဲရှိပါကြောင်း၊ အခြားရွေးချယ်ပိုင်ခွင့် မရှိလျှင်ပင် မိမိစိတ်ကို မည်သို့ထားမည်ဆိုသည့် ရွေးချယ်ပိုင်ခွင့်ကို မိမိပိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ တိုးတက်ရန်အတွက် ပြည်သူများ တစ်ယောက်ချင်းတစ်ယောက်ချင်းသည် မိမိစိတ်ကို မိမိနိုင်ရမည်ဖြစ်ပါကြောင်း၊ မိမိစိတ်ကို မိမိနိုင်သော်လည်း ယင်းစိတ်ကို မည်သို့ ထားရမည်ကို တစ်ဦးချင်း ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း။

**သင်ယူချင်စိတ်ရှိမှ တတ်မြောက်**

ကလေးများကို မိတ်ဆွေများနှင့် ခင်ခင်မင်မင် ပေါင်းသင်းတတ်ရန်နှင့် တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင် နေတတ်ရန် ငယ်ငယ်ကတည်းက သင်ကြားမွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ မိဘများနှင့် ဆရာသမားများက မည်သို့သင်သင် မိမိကိုယ်တိုင်သင်ယူမှ တတ်မြောက်မည်ဖြစ်ပါကြောင်း၊ ပညာသင်ပေးသည့်အခါတွင်လည်း မည်မျှပင် ကြိုးစားသင်ကြားသင်ကြား ကလေးများကိုယ်တိုင် သင်ယူချင်စိတ်ရှိမှ တတ်မြောက်မည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် မိဘများဘက်က မိမိတို့၏ သားသမီးများကို အကောင်းဆုံးဖြစ်အောင် သွန်သင်ဆုံးမပေးရန် တာဝန်ရှိပါကြောင်း၊ မိမိတာဝန်ကို မိမိကျေပွန်ခြင်း ရှိ၊ မရှိကို ဆရာ ဆရာမများနှင့် မိဘများကလည်း မိမိကိုယ်ကို သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ဆက်ဆံရေးကို အမြဲလေ့လာပါကြောင်း၊ ကျောင်းဆရာ၊ ဆရာမကြီးများနှင့် ကျောင်းအုပ်ကြီးများ၊ အထက်တွင်ရှိသည့် လူကြီး၏ စိတ်ထားမှန်ကန်ပါက ကျန်သည့် တစ်ကျောင်းလုံးကပါ စိတ်ဓာတ်မှန်ကန်ရေး အလားအလာကောင်းသည်ကို မြင်မိပါကြောင်း၊ ယင်းမှာ တာဝန်ယူဦးဆောင်သည့် ပုဂ္ဂိုလ်၏လုပ်ကိုင်မှု မည်မျှပီပြင်သည်ကို ဆုံးဖြတ်ပေးခြင်းဖြစ်ပါကြောင်း၊ ထိုနည်းတူ အစိုးရတစ်ခုသည်လည်း အားလုံးအတွက် တာဝန်ယူရမည်ဆိုသည်မှာလည်း မမှားပါကြောင်း။

အရွေးချယ်ခံ၍ တက်လာသည့် အစိုးရများသည် မဲပေးပြီး ရွေးချယ်လိုက်သည့် ပြည်သူလူထုနှင့် နိုင်ငံအပေါ်တွင် တာဝန်ရှိပါကြောင်း၊ ယင်းတာဝန်များ ကျေပွန်အောင် ဆောင်ရွက်ရန်မှာ အစိုးရ၏ အဓိကလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးမှာ အစိုးရနှင့် ပြည်သူအကြားတွင် ယုံကြည်စိတ်ချမှုရှိရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အမြဲသတိပေးပါကြောင်း၊ မတည်နိုင်သည့် ကတိများကို ပြည်သူများကို မပေးရန် ထပ်တလဲလဲ ပြောကြားနေပါကြောင်း၊ မတည်နိုင်သည့် ကတိများကို ရေတိုအချိန်ကာလတွင် အကျိုးရှိကောင်းရှိနိုင်လိမ့်မည်ဟု ပေးလိုက်ပါက ရေရှည်တွင် ပြည်သူ၏ ယုံကြည်မှုဆုံးရှုံးသွားနိုင်ပါကြောင်း၊ ပြည်သူ၏ ယုံကြည်မှုဆုံးရှုံးသွားသည့် အစိုးရသည် အလုပ်လုပ်ရာတွင် အင်မတန်ခက်ပါကြောင်း၊ မှန်မှန်ကန်ကန် ပြောရဲသည့် သတ္တိရှိမှသာ အစိုးရနှင့် ပြည်သူကြားတွင် ယုံကြည်မှုတည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများနှင့် တွေ့ဆုံသည့် ပွဲများတွင် အမျိုးမျိုးတင်ပြကြပါကြောင်း၊ ရိုးရိုးသားသားတောင်းသည့်ကိစ္စများကို တတ်နိုင်သမျှ ဖြည့်ဆည်းနိုင်ရန် ကြိုးစားပါကြောင်း၊ တစ်တိုင်းပြည်လုံးကို တစ်ချိန်တည်းတွင် အားလုံးပြည့်စုံအောင် မလုပ်ပေးနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေနှင့် များစွာ သက်ဆိုင်နေပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ကြိုးစားနေပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုသည် ရှိလာနေပြီဟု ပြောချင်ပါကြောင်း၊ ဥပမာအားဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ယခုနှစ် မကုန်ခင် ၅၀ ရာခိုင်နှုန်းသော ပြည်သူများ လျှပ်စစ်မီးရရှိသုံးစွဲနိုင်အောင် စီမံကိန်းချထားပါကြောင်း၊ အောင်မြင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

အစိုးရသည် လုပ်ချင်တိုင်း လုပ်မည်ဆိုပါက နိုင်ငံအတွက် မကောင်းနိုင်ပါကြောင်း၊ တိုင်းဒေသကြီးတစ်ခုတည်း၊ မြို့နယ်တစ်ခုတည်း ရှိခြင်းမဟုတ်ပါကြောင်း၊ တစ်တိုင်းပြည်လုံးတိုးတက်အောင် လုပ်ဆောင်ပေးရန် လိုနေပါကြောင်း၊ မိမိထက်ပို၍ လိုအပ်နေသည့် နေရာများ ရှိနေသည်ကိုလည်း နှလုံးသွင်းစေလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည့်အတွက် ပြည်ထောင်စုပုံစံ မှန်ကန်စေရန် နိုင်ငံရေးဘက်ကလည်း ကြည့်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးတစ်ဖက်တည်း ကြည့်၍ မရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးကို လုပ်ဆောင်ပေးရာတွင် အမြဲတမ်း စီးပွားရေးတွက် တွက်၍ မရပါကြောင်း၊ ရပ်ပိုင်းဆိုင်ရာအရ၊ ငွေရေးကြေးရေးအရ စီးပွားရေးအမြင်ဖြင့် မည်သည့်ဘက်က အကျိုးအများဆုံးရနိုင်မည်ဆိုသည့် အချက်ကို သာကြည့်ပြီး တွက်၍မရပါကြောင်း၊ နိုင်ငံရေးအရ ပြည်ထောင်စု၏ လိုအပ်ချက်များကို ထည့်တွက်ရပါကြောင်း၊ အခြားပြည်နယ်များ၊ တိုင်းဒေသကြီးများ၏ လိုအပ်ချက်များကိုလည်း ဖြေရှင်းပေးရပါကြောင်း၊ ပြည်သူလူထုက တင်ပြသည့်ကိစ္စများကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန် ကြိုးစားနေပါကြောင်း၊ မေးလာသည့် မေးခွန်းများကိုလည်း ဖြောင့်ဖြောင့်မတ်မတ်၊ ပွင့်ပွင့်လင်းလင်း ဖြေပါကြောင်း။

**နီးနီးစပ်စပ်ဆက်ဆံ**

တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူနှင့်ပိုပြီး နီးနီးစပ်စပ် ဆက်ဆံရန် ပြောကြားထားပြီးဖြစ်ပါကြောင်း၊ ပြည်သူနှင့် အစိုးရအကြားတွင် နီးနီးကပ်ကပ်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုရှိမှ ပြည်သူများ သိချင်သောကိစ္စများ၏ အဖြေများကို သိနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ တင်ပြသည့်အခါတွင် မှန်မှန်ကန်ကန် စေတနာမှန်မှန်ဖြင့် တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ ကြိုတင်တင်ပြချက် ကိုးချက်ဖြစ်သည့် အိမ်မဲမြို့နယ် မြို့ကွက်သစ်တိုးချဲ့ဖွဲ့စည်းခွင့်အမှုတွဲ လျှောက်ထားလာပါက ဇရိယာအကျယ်အဝန်း၊ မြေအမျိုးအစားနှင့် လူဦးရေ အချိုးအစားများကို မြို့နယ်ဘုတ်အဖွဲ့မှ စိစစ်ကွင်းဆင်းဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားရေး၊ အိမ်မဲမြို့ ကမ်းနားလမ်းဘိုးဘွားပိုင်မြေပိုင်ရှင်များမှ ပြန်လည်ဆောက်လုပ်နေထိုင်ခွင့်၊ ကျေးရွာစားကျက်မြေများကို အိမ်ရာမြေကွက်များ တိုးချဲ့ဆောင်ရွက်ခွင့်ပြုရေး၊ အိမ်ရာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားနိုင်ရေး၊ အိမ်မဲမြို့ကွက်သစ်တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ အိမ်မဲ - ပန်းတနော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့ကာလကို ပညာသင်နှစ်ကုန်ဆုံးချိန်တွင် ပြုလုပ်ပေးနိုင်ရေး၊ အိမ်မဲမြို့ ခုတင် (၅၀) ဆံ့ဆေးရုံကို ခုတင် (၁၀၀) ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ခွင့်ပြုနိုင်ရေး၊ ရွာသစ်ကျေးရွာ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံကို (၂၅) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လူကောင်းကျွန်းကျေးလက်တိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအပြင်ဘက်မှ ဒေသခံပြည်သူ ငါးဦး၏ တင်ပြချက်များဖြစ်သည့် တပ်မတော်နှင့် ရေရွှေဝါကုမ္ပဏီတို့မှ သိမ်းဆည်းထားသည့် လယ်ယာမြေကိစ္စရပ်များ၊ ကန်ကြီးထောင့်ကျေးရွာ မူလတန်းကျောင်းဆိုင်ရာကိစ္စရပ်များ၊ ကျေးလက်နေတောင်သူများ၏ စိုက်ပျိုးစရိတ်ချေးငွေဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန် - ပုသိမ်လမ်းမကြီး ပိုမိုတိုးတက်ကောင်းမွန်ရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ အိမ်မဲမြို့ရှိဘိုးဘွားပိုင်မြေသိမ်းဆည်းခံရမှုများ၊ အိမ်မဲမြို့အတွင်း အရက်ဆီ၊ လောင်စာဆီသိုလှောင်နေမှုများ၊ စည်ပင်ဝန်ထမ်းစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်အားကို အစုရှယ်ရာများအဖြစ် ပုဂ္ဂလိကသို့ ရောင်းချပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

**ဖြည့်စွက်ရှင်းလင်း**

တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နေရာတိုင်း နေရာတိုင်းတွင် အရေးကြီးသည့်အချက်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပြည်သူများအကြားတွင် ဆက်သွယ်မှုကောင်းရန် ဖြစ်ပါကြောင်း၊ ထိတွေ့မှုအမြဲ ရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ပြည်သူများကြားသို့ ကွင်းဆင်းရန်၊ ပြည်သူများ၏ တင်ပြချက်နှင့် သိလိုသည့် မေးခွန်းများကို နားထောင်ရန် တိုင်းဒေသကြီးအစိုးရကို ပြောထားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် နိုင်ငံတော်

**စာမျက်နှာ ၄ သို့ »»**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းတို့နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ညေ့ရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂)အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

**ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။**

(၁ - ၄ - ၂၀၁၈ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိမ်မဲမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

»» **စာမျက်နှာ ၃ မှ**

အစိုးရ၏ မူဝါဒများနှင့် အစိုးရက မည်သို့လုပ်ဆောင်နေသည်ကို ပြန်လည်ရှင်းပြရမည်ဖြစ်ကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိ**

ပြည်သူများနှင့် အမေး၊ အဖြေလုပ်သည့်အခါတွင် ပြည်သူများအနေဖြင့်လည်း မိမိ၏အမြင်တစ်ဖက်တည်းသာမဟုတ်ဘဲ တခြားအမြင်များလည်းရှိကြောင်းကို သိပိုင်ခွင့်ရပါကြောင်း၊ မိမိတို့ အစိုးရအနေဖြင့်လည်း တချို့ကိစ္စများတွင် အများပြည်သူ သိရှိပြီးပြီဟု ထင်သောကိစ္စများကို အများက မသိသေးပါလားဆိုသည်ကို သဘောပေါက်ပါကြောင်း၊ အများသိအောင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပေးရန် မိမိတို့တွင် တာဝန်ရှိသည်ကို လက်ခံပါကြောင်း၊ အစိုးရက မည်သည့်အရာများ လုပ်နေသည်၊ မည်သို့ဖြစ်နေသည်ကို အများသိရှိအောင် အစီအစဉ်များချ၍ ကြိုးစားလုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း။

ဆွေးနွေးပွဲဝိုင်းတွင် ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အိမ်မဲမြို့နယ်မှ ပြည်သူလူထုအားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် လက်တွဲပြီး မိမိတို့မြို့နယ်အကျိုး၊ နိုင်ငံအကျိုး ထမ်းဆောင်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပန်းတနော်မြို့သို့ ရောက်ရှိပြီး ပန်းတနော်ရိပ်သာ၌ မြို့မိမြို့ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပန်းတနော်မြို့တွင် လူထုတွေ့ဆုံပွဲမဟုတ်ဘဲ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံသည့်ပွဲလုပ်ရခြင်းသည် နေရာအခြေအနေအရ ဖြစ်ပါကြောင်း၊ အပြင်က ပြည်သူများ မေးချင်သည့်မေးခွန်းများ မေးမြန်းနိုင်ရန်နှင့် တင်ပြချင်သည်များ တင်ပြနိုင်ရန်အတွက် စီစဉ်ထားပါကြောင်း၊ စာဖြင့်ရေးပြီးတင်ပြသည့် ပြည်သူများ၏ တင်ပြချက်ကို ဖတ်ရပါကြောင်း၊ ယင်းမေးခွန်းများမှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရက ဖြေနိုင်သည့် မေးခွန်းများဖြစ်ပါကြောင်း၊ အခုတွေ့ဆုံပွဲတွင် မြို့မိ၊ မြို့ဖများ၊ ဘာသာကြီးလေးခုမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် အားလုံးစုံစုံလင်လင် ပါဝင်သည်ဟု ယူဆပါကြောင်း၊ ဘာသာကြီး လေးခုက ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် အထူးဝမ်းသာပါကြောင်း။

> **“ အခြားနိုင်ငံများနှင့်မတူဘဲ မိမိတို့အတွက် ထူးထူးခြားခြား အရေးပါပြီး ခက်ခဲနေသည်မှာ မြေယာကိစ္စများဖြစ်ပါကြောင်း၊ မြေပိုင်ဆိုင်မှုကိစ္စ၊ မူလပိုင်ရှင်ကို ပြန်ပြီးပေးရမည့်ကိစ္စ သို့မဟုတ် လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းပြီးသုံးရမည့်ကိစ္စ စသည်ဖြင့် လယ်ယာမြေများနှင့်ပတ်သက်၍ ပြဿနာများက မိမိတို့နိုင်ငံတွင် ထူးထူးခြားခြား များပြားနေ ”**

**အပြန်အလှန် လေးစားရန်**

မိမိတို့နိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ကိုးကွယ်သည့်ဘာသာပေါင်းစုံ၊ ပြောဆိုသည့် ဘာသာစကားပေါင်းစုံ ရှိပါကြောင်း၊ ထိုသို့ အမျိုးမျိုးမတူကွဲပြားသည့်သူများ စုပြီး ထူထောင်ထားသည့် ပြည်ထောင်စုဖြစ်သည့်အတွက် အချင်းချင်းအကြားတွင် တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိရန်၊ အပြန်အလှန်လေးစားရန်၊ တန်ဖိုးထားရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံ၏ သိက္ခာဖြစ်သည်ဟု ထပ်တလဲလဲ ပြောထားပါကြောင်း၊ နိုင်ငံ၏သိက္ခာဆိုသည်မှာ မိမိတို့နိုင်ငံသူနိုင်ငံသားများ၊ နိုင်ငံအတွင်း မှီတင်းနေထိုင်သူများအားလုံး၏ စိတ်လုံခြုံရေး၊ ကိုယ်လုံခြုံရေးဖြစ်ပါကြောင်း။ တကယ့်လုံခြုံမှုဖြစ်သည့် စိတ်ရော၊ ကိုယ်ရော လုံခြုံမှုရပြီဆိုပါက မိမိတို့နိုင်ငံသည် အဆင့်မီသည့် နိုင်ငံတော်တစ်ခုဖြစ်ပြီဟု သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများသည် တစ်ယောက်နှင့်တစ်ယောက်အကြားတွင် နားလည်မှု၊ လေးစားမှုရှိသကဲ့သို့ ပြည်သူနှင့် အစိုးရအကြားတွင်လည်း နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုရှိရန်မှာ အင်မတန် အရေးကြီးပါကြောင်း။

**ကွာခြားမှုမရှိ**

ပြည်သူနှင့် အစိုးရအကြားတွင် ယုံကြည်မှု၊ နားလည်မှုမရှိပါက နိုင်ငံတော်၏ စီမံကိန်းများကို အောင်အောင်မြင်မြင် ဖြစ်အောင်လုပ်ကိုင်ရာတွင် အခက်အခဲများနှင့် တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်များသည် တစ်နေရာနှင့်တစ်နေရာ ကွာခြားမှုမရှိပါကြောင်း၊ ရည်မှန်းချက်၊ လိုအပ်ချက်များသည် အတူတူဖြစ်ပါကြောင်း။

မိမိအနေဖြင့် အစီအစဉ်မရှိ၊ မထင်မှတ်ဘဲ ရောက်ခဲ့သည့် ထူးခြားသည့် မြို့တစ်ခုအကြောင်းကို ပြောပြချင်ပါကြောင်း၊ ရာသီဥတု အခြေအနေအရ ရဟတ်ယာဉ်ဖြင့် ဆက်သွား၍ မရတော့သည့်အတွက် အစီအစဉ်မရှိဘဲ ထမံသီမြို့တွင် ဆင်းခဲ့ရပါကြောင်း၊ ယင်းမြို့၌ ဆွေးနွေးပွဲပြုလုပ်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် လူငယ်တစ်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ အခန်းကဏ္ဍ မည်သို့ရှိသည်ကို သိလိုကြောင်း မေးမြန်းခဲ့မှုအပေါ် သဘောကျမိပါကြောင်း၊ ထိုသို့ မြို့လေးတစ်မြို့မှ လူငယ်တစ်ဦးက နိုင်ငံအတွက် အင်မတန်အရေးကြီးသည့် ကိစ္စများကို စိတ်ဝင်စားစွာ လိုက်စုံစမ်းနေပြီး သိချင်နေသည့်စိတ်ရှိနေခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာအားရစရာကိစ္စဖြစ်ပါကြောင်း၊ အများအားဖြင့် မိမိတို့ ပြည်သူများ၏ လိုအပ်ချက်များသည် အခြေခံလိုအပ်ချက်များ ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံတိုးတက်ရန် များစွာလိုအပ်နေသေးကြောင်းကို ထောက်ပြနေပါကြောင်း၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မပြည့်စုံသေးသည့် အခြေအနေတွင် ရှိနေသေးပါကြောင်း။

**ထူးထူးခြားခြား များပြား**

အခြေခံလိုအပ်ချက်များမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် အခြားနိုင်ငံများနှင့်မတူဘဲ မိမိတို့အတွက် ထူးထူးခြားခြားအရေးပါပြီး ခက်ခဲနေသည်မှာ မြေယာကိစ္စများဖြစ်ပါကြောင်း၊ မြေပိုင်ဆိုင်မှုကိစ္စ၊ မူလပိုင်ရှင်ကို ပြန်ပြီးပေးရမည့်ကိစ္စ သို့မဟုတ် လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းပြီးသုံးရမည့်ကိစ္စ စသည်ဖြင့် လယ်ယာမြေများနှင့်ပတ်သက်၍ ပြဿနာများက မိမိတို့နိုင်ငံတွင် ထူးထူးခြားခြား များပြားနေပါကြောင်း၊ ယင်းပြဿနာများကို ဖြေရှင်းရန်အတွက် ဗဟိုအစိုးရအနေဖြင့် မြန်မြန်ဖြေရှင်းပေးနိုင်ရန် နည်းလမ်းများ ချပေးထားပါကြောင်း၊ ဖြေရှင်းပေးရာတွင် အချိန်ကြာနေပါက အစိုးရအတွက်မကောင်းသလို ပြည်သူများလည်း နစ်နာပါကြောင်း၊ ထို့ကြောင့် အမြန်ဆုံးဖြေရှင်းနိုင်အောင် ကြိုးစားနေပါကြောင်း။

တင်ပြချင်သည်များ၊ မေးမြန်းချင်သည်များကို တင်ပြမေးမြန်းနိုင်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိမိကိုယ်တိုင် တတ်နိုင်သမျှ ဖြေကြားပေးမည်ဖြစ်ပါကြောင်း၊ ခရီးထွက်သည့်အခါတွင် တိုင်စာဌာနများ ဖွင့်ထားပါကြောင်း၊ တိုင်စာတွေများပြားပါကြောင်း၊ သေသေချာချာ စိစစ်ပြီး တင်ပြထားသည့်ပုဂ္ဂိုလ်များ၏ အမည်နှင့် လိပ်စာပါပါက အဖြေကို ပြန်ပြီး အသိပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှေ့ဆက်လက်ဆောင်ရွက်**

တွေ့ဆုံစဉ် ဒေသခံပြည်သူများ၏ ကြိုတင်တင်ပြချက် (၅) ချက်ဖြစ်သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမြေနေရာ သတ်မှတ်ပေးနိုင်ရေး၊ ပန်းဧရာခန်းမအသစ် ဆောက်လုပ်ပေးနိုင်ရေး၊ သမိုင်းဝင်ရွှေမြင်တင်ဘုရားကြီး အဝင်အထွက်လမ်းများ ရာသီမရွေးကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ ဦးသန့်စာကြည့်တိုက်နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ပန်းတနော်မြို့ (၂၅) ခုတင်ဆံ့ ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ **ခန်းမအပြင်ဘက်မှ ဒေသခံပြည်သူ (၁၀)ဦး** တင်ပြသည့် ပန်းတနော် ဦးအောင်ဇေယျလမ်း တိုးချဲ့သည့်ကိစ္စ၊ သိမ်းဆည်းခံမြေယာကိစ္စရပ်များ၊ ရန်ကုန် - ပုသိမ် လမ်းမကြီး တည်ဆောက်ရာတွင် သိမ်းဆည်းခံရသည့် လယ်ယာမြေကိစ္စရပ်များ၊ ရေချိုငါးလုပ်ငန်းဥပဒေအရ အင်းဂရန်များ ချထားရာတွင် ပြည်သူများလက်ဝယ်ရောက်ရှိရေး၊ ပန်းတနော်မြို့ပညာရေးဆိုင်ရာ

**စာမျက်နှာ ၅ သို့** »»

»»» စာမျက်နှာ ၄ မှ

အခြေအနေများ၊ ဒေါ်ဝါ ကျေးရွာ အုပ်ချုပ်ရေး မှူးရွေးချယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ **ခန်းမအတွင်းရှိ မြို့မိမြို့ဖကိုယ်စားလှယ်နှင့်** ဘာသာကြီး လေးမျိုးမှ ကိုယ်စားလှယ်တို့ တင်ပြဆွေးနွေး သည့် ပန်းဈေးခန်းမ ပြန်လည်ပြုပြင် တည်ဆောက်ရေး၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ မူလအတိုင်း ပြန်လည် ပြုပြင်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း တင်ပြဆွေးနွေးကြသည်။

**ဖြည့်စွက်ဆွေးနွေး**

တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက် ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာ တွင် မိုးဦးမကျမီ မိမိတို့သွားရမည့်နေရာများ ကို အားလုံးအပြီးသွားနိုင်အောင် စီစဉ်ရပါ ကြောင်း၊ ယနေ့ဆိုလျှင် ပုသိမ်မှ အိမ်မဲ၊ အိမ်မဲ မှ ပန်းတနော်၊ ပန်းတနော်မှ မအူပင်သို့ သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်နေရာပြီး တစ်နေရာသွားရသည့်အခါ ပေးနိုင်သည့်အချိန်က နည်းပါကြောင်း၊ အချိန် နည်းသည့်အတွက် နောက်တစ်ခါ ပြန်လာ နိုင်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ခါလာပါက အချိန်ပိုပေးနိုင် အောင် ကြိုးစားပြီး စီစဉ်သွားမည်ဖြစ်ပါ ကြောင်း၊ မိမိတို့ကိုတွေ့ဆုံရန် တက်ရောက် လာသည့် မြို့မိ၊ မြို့ဖများကို ကျေးဇူးတင်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပန်းတနော်မြို့ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့၌ ပန်းတနော်ဒေသခံပြည်သူ များနှင့် တွေ့ဆုံသည်။

**မှန်မှန်ကန်ကန်အသုံးချ**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က ပြည်သူများ၏တင်ပြချက်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြေရှင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက် လာစေရန် နိုင်ငံသားတစ်ဦးချင်းစီတိုင်းက ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါ ကြောင်း၊ ပြည်သူများ မိမိတို့ကို မိမိယုံကြည် မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါ ကြောင်း၊ မိမိတို့၏ ယုံကြည်ချက်များနှင့် အရည်အချင်းများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ရေးတွင် မှန်မှန်ကန်ကန် အသုံးချသွားကြရ မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက္ကသိုလ်ပညာသည်သာ ပညာဖြစ်သည်ဆိုသည့် ခေတ်သည်ကုန်ပြီ ဖြစ်ပါကြောင်း၊ မိဘများက သားသမီး များကို တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်ဟု မထင်စေလိုပါ ကြောင်း၊ လူငယ်များကိုယ်တိုင်ကလည်း တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်ဖြစ်သည်ဟု မထင်စေလိုပါကြောင်း၊ အတိုး တက်ဆုံး၊ အဖွံ့ဖြိုးဆုံးနိုင်ငံများတွင် တက္ကသိုလ်ပညာရေး နှင့် အသက်မွေးဝမ်းကျောင်းပညာရေးသည် တန်းတူညီတူ အဆင့်အတန်းရှိပါကြောင်း၊ တန်းတူညီတူ သင်ယူထားသည့် ပုဂ္ဂိုလ်များ အသက်မွေးဝမ်းကျောင်းရှာနိုင်ရန်အတွက် အခွင့်အရေးများပေးခြင်းဖြစ်. . .**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မအူပင်မြို့ သို့ ရောက်ရှိကြပြီး မအူပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က မိမိတို့ ပြည်သူများ ရင်ဆိုင်နေရ သည့် ပြဿနာများသည် များစွာကွာခြားမှု မရှိပါကြောင်း၊ ကွာခြားမှုမရှိခြင်းသည် မိမိတို့ အားလုံး ဘဝတူများဖြစ်သည်ကို မီးမောင်း ထိုးပြနေခြင်းဖြစ်ပါကြောင်း၊ ဘဝတူများဖြစ် သည့်အတွက် တစ်ယောက်နှင့်တစ်ယောက် ကူညီဖေးမ လက်တွဲခေါ်သွားရန်မှာ များစွာ အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် လိုချင်သည်ကိုသာ အဓိကကြည့်ပြီး လုပ်မည် ဆိုပါက တိုးတက်မှုသည် နှောင့်နှေးမည်ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် နေရာတိုင်းသွားခဲ့သည့် အခါတွင် အားလုံးညှိနှိုင်း၍ အဖြေရှာရန် အားပေးပါကြောင်း။

မိမိတို့လူသားများသည် တစ်ယောက်နှင့် တစ်ယောက် စကားပြောနိုင်၊ ဆက်သွယ်နိုင် သည့် အခွင့်အရေးရှိပါကြောင်း၊ စကားပြော နိုင်ခြင်း၊ ဆက်သွယ်နိုင်ခြင်းကြောင့် မတူ ကွဲပြားသည့်ကိစ္စရပ်များကို စကားဖြင့်ပြော ၍ လက်မပါဘဲဖြေရှင်းနိုင်သည့် အခွင့်အရေး ရှိပါကြောင်း၊ ယင်းမှာ မိမိတို့၏ အားသာချက် ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် သဘောထား ကြီးကြီးဖြင့် ကြိုးစားမည်ဆိုပါက အဖြေမပေါ် နိုင်စရာမရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုးတက်ရန် လိုအပ်ချက်များစွာရှိနေသေး ပါကြောင်း၊ ကမ္ဘာကြီးတွင်သာမက ဒေသတွင်း တွင်ပင် တိုးတက်ရန် အားနည်းနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ အားနည်းနေသည့် နိုင်ငံ ဖြစ်နေသည့်အတွက် အားငယ်စရာမလိုပါ ကြောင်း၊ စုပေါင်းအင်အားဖြင့် ပြဿနာများကို ကျော်လွှားပြီး ပိုမိုတောင့်တင်းသည့်၊ ဖွံ့ဖြိုးမှု မြန်သည့် နိုင်ငံတစ်ခုဖြစ်လာစေအောင် လုပ်ဆောင်နိုင်ပါကြောင်း။

**အခွင့်အရေးများပေးခြင်းဖြစ်**

ယခု မိမိတို့နိုင်ငံတွင် အတိုင်းအတာတစ်ခု အထိ တိုးတက်မှုရှိလာပြီ ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့် ပြည်သူများ၏ အခြေခံလိုအပ်ချက် များကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်း ပေးနိုင်သည့် အခြေအနေကို ရောက်နေပါ ကြောင်း၊ ပိုမိုအောင်မြင်မှု ရှိလာသည်နှင့်အမျှ နောက်ထပ်အောင်မြင်မှု ရရှိရန် အခြေအနေ ပေးလာပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတွင် မိမိတို့အနေဖြင့် အနာဂတ်ကို မျှော်မှန်း၍ လုပ်ဆောင်နေပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကို များစွာ အားပေးပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ခြင်းစနစ်သည် စီးပွားရေး၊ နိုင်ငံရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အရည်အချင်းများဖြင့် ပြည့်စုံသည့် လူငယ် များကို မွေးထုတ်နိုင်ရန်ဖြစ်ပါကြောင်း။

တက္ကသိုလ်ပညာသည်သာ ပညာ ဖြစ်သည်ဆိုသည့် ခေတ်သည်ကုန်ပြီ ဖြစ်ပါ ကြောင်း၊ မိဘများက သားသမီးများကို တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်ဟု မထင်စေ လိုပါကြောင်း၊ လူငယ်များကိုယ်တိုင်ကလည်း တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်ဖြစ်သည်ဟု မထင်စေလိုပါကြောင်း၊ အတိုးတက်ဆုံး၊ အဖွံ့ဖြိုးဆုံးနိုင်ငံများတွင် တက္ကသိုလ် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးသည် တန်းတူညီတူ အဆင့်အတန်း ရှိပါကြောင်း၊ တန်းတူညီတူ သင်ယူထားသည့် ပုဂ္ဂိုလ်များ အသက်မွေးဝမ်းကျောင်းရှာနိုင်ရန် အတွက် အခွင့်အရေးများပေးခြင်းဖြစ်ပါ ကြောင်း၊ ကျန်းမာရေးတွင် ပြည်သူ့ကျန်းမာရေး ကို ဦးစားပေးလုပ်ခြင်းမှာ ပြည်သူများ ကျန်းမာရေးကောင်းမွန်ပါက အဆင့်မြင့် ကျန်းမာရေးကုသမှု၊ ဆေးဝါးကုသမှု လိုအပ် ချက်များလည်း လျော့ကျသွားမည် ဖြစ်ပါ ကြောင်း၊ ထိုအခါတွင် အရည်အချင်း ပိုမို ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှု ကို ပေးနိုင်မည်ဖြစ်ပါကြောင်း။

**မှန်ကန်သည့်နည်းလမ်းဖြင့်လက်တွဲ**

ကဏ္ဍတိုင်းတွင် တစ်ခုတည်းကိုကွက်ပြီး မကြည့်ဘဲ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဆက်သွယ်၍ ကြည့်ရမည်ဖြစ်ပါကြောင်း၊ အတိတ်က အားနည်းချက်များကို ပြန်လည် လေ့လာပြီး သင်ခန်းစာယူရမည် ဖြစ်ပါ ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် တစ်ချိန်က မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့ စပါးကျီကြီးဟု ခေါ်ဆိုရသည့် လွန်စွာဖွံ့ဖြိုး သည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် ယခင်ကလောက် ဖွံ့ဖြိုး တိုးတက်သည့်အခြေအနေ မရှိသောကြောင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဧရာဝတီတိုင်း ဒေသကြီးတွင် နေထိုင်ကြသည့် ပြည်သူ ပြည်သားများ၏ဘဝများ မြင့်မားရန်အတွက် နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်သူ များတွင် တာဝန်ရှိပါကြောင်း၊ အားလုံးသည် မိမိတွင် တာဝန်ရှိသည်ဆိုသည့် စိတ်ဓာတ်နှင့် လက်တွဲ၍ လုပ်စေချင်ပါကြောင်း၊ တင်ပြလို သည်များ တင်ပြနိုင်ရန်နှင့် ပြည်သူများ၏ အသံကို နားထောင်နိုင်ရန် အခြေအနေများ ဖန်တီးခြင်းသည် အစိုးရနှင့် ပြည်သူအကြား တွင် နီးကပ်မှုရှိရန်အတွက် ဖြစ်ပါကြောင်း၊ အစိုးရနှင့်ပြည်သူအကြား နီးနီးကပ်ကပ် လုပ်နိုင်မှ မိမိတို့နိုင်ငံအောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ အစိုးရတစ်ခုတည်းဖြင့် အောင်မြင်အောင်လုပ်၍ မရသလို ပြည်သူ ချည်းသာ အောင်မြင်အောင်လုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် အစိုးရနှင့် ပြည်သူလက်တွဲပြီး လုပ်ဆောင်ရန် လိုအပ်ပါ ကြောင်း၊ လက်တွဲရာတွင်လည်း မှန်ကန်သည့် နည်းဖြင့် လက်တွဲ၍ မှန်မှန်ကန်ကန်လုပ်ကြရန် လိုပါကြောင်း၊ မိမိတို့အနေဖြင့် ဖြောင့်ဖြောင့် မတ်မတ်၊ တည်တည်ငြိမ်ငြိမ်ဖြင့် မှန်မှန် ကန်ကန်ဖြစ်အောင် လုပ်ချင်ပါကြောင်း၊ ဖြတ်လမ်းနည်းဖြင့်၊ မမှန်မကန်သည့်နည်းဖြင့် အဖြေရှာပါက ရေတိုတွင် အဆင်ပြေနိုင်သလို ရှိသော်လည်း ရေရှည်တွင် မိမိတို့အတွက် ပိုပြီး ပြဿနာများ များလာရန်သာရှိပါကြောင်း။

မိမိတို့အနေဖြင့် ကျောင်းသားများအသံ နှင့် တောင်သူလယ်သမားများအသံကို နားထောင်လိုပါကြောင်း၊ လူကြီးလူငယ်မရွေး အားလုံးသည် မိမိတို့၏ နိုင်ငံသူနိုင်ငံသား များဖြစ်ပါကြောင်း၊ ယင်းအချက်ကို ပြည်သူ ပြည်သားများအားလုံး နှလုံးသွင်းကြရန် လိုအပ်ပါကြောင်း၊ ကျောင်းသား၊ လူကြီး၊ တောင်သူလယ်သမား၊ အလုပ်သမား၊ ဝန်ထမ်းများအားလုံးသည် ပြည်သူများဖြစ်ပါ ကြောင်း၊ အားလုံးသည် ပြည်ထောင်စု၏ သားသမီးများဖြစ်သည်ဆိုသည့် စိတ်ဓာတ် ဖြင့် မိမိတို့ အတူတကွသွားချင်သည့် ပန်းတိုင် ကို လက်တွဲပြီးသွားမည်ဆိုပါက မြန်မြန် ဆန်ဆန် ရောက်မည်ဖြစ်ပါကြောင်း၊ ခရီးလမ်း က ကြမ်းတမ်းမည်ဆိုပါက မိမိတို့အချင်းချင်း ညီညွတ်မှုအင်အားဖြင့် ကြမ်းတမ်းမှုကို မိမိတို့ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ အချင်းချင်း ညီညွတ်မှုရှိပါက မိမိတို့၏ ဒီမိုကရေစီ ခရီး လမ်းကြီးသည် ကြာသော်လည်း မကြာဘူးဟု ခံစားရလောက်အောင် အဆင်ပြေချောမွေ့ သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ ကြိုတင် တင်ပြချက်(၇)ချက်ဖြစ်သည့် မအူပင်မြို့လယ်ရှိ လွတ်လပ်ရေးကျောက်တိုင် ကွင်းပတ်လည်ရှိ အဆောက်အဦများကို ဖယ်ရှားနိုင်ရေးကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မြို့နယ် နယ်နိမိတ် သတ်မှတ်ရာတွင် မြေငှားဂရန်ချထားရေး မြန်ဆန်လွယ်ကူစေရန် လူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်နိုင်ရေး၊ ဆန်စပါးဈေးကျဆင်းနေ သည့်အတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက် ပေးနိုင်သည်ကို သိရှိလိုခြင်း၊ ပဲနှင့် ပြောင်းများ ထွက်ပေါ်ပါက အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ တို့မှ အဝယ်ရပ်သဖြင့် တောင်သူလယ်သမား များအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ရေး၊ လယ်ယာမြေဉပဒေပါအတိုင်း သတ်မှတ်ထား သောဘဏ်များတွင် ပုံစံ -၇ ထား၍ ငွေချေးယူ ခွင့်ပြုနိုင်ရေး၊ (၁၀) ဧကအထက်ပိုင်ဆိုင်သော လယ်သမားများကို ငွေချေးယူခွင့်ပြုပေးနိုင် ရေး၊ အင်းများလေလံစနစ်မဟုတ်၍ နိုင်ငံတော် ဝင်ငွေနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးနိုင် ရေး၊ မိုးရာသီတွင်လမ်းဦးစီးဌာနမှ လမ်းကို တားမြစ်ပိတ်ဆို့မှုကြောင့် ထွက်ကုန်ပစ္စည်းများ ရန်ကုန်သို့တင်ပို့ရောင်းချရာတွင် အခက်အခဲ ရှိနေမှု၊ စည်ပင်သာယာမှ လမ်းများကို အမှိုက် သိမ်းဆည်းနိုင်ခြင်းမရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခန်းမအတွင်းရှိ ဒေသခံပြည်သူများတင်ပြသည့် ကွျဲဒုံးကျေးရွာ ကမ်းသာယာကမ်းခြေတွင် ဖူဆယ်ဘောလုံး ကွင်း ဖွင့်လှစ်ပေးနိုင်ရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျောင်းသားလွှတ်တော်ဟု အမည်သုံးနှုန်းသည့်ကိစ္စရပ်ကို ပြည်ထောင်စု လွှတ်တော်မှ ကန့်ကွက်သည့်ကိစ္စ၊ ပလောင် ရွာမှ မြေယာသိမ်းဆည်းခံရသည့်ကိစ္စ၊ ခနောင် ကျေးရွာမှ လယ်ယာမြေသိမ်းဆည်းခံရသည့် ကိစ္စနှင့်

စာမျက်နှာ ၆ သို့ »»»



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပန်းတနော်မြို့ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညောင်တုန်းမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

»» စာမျက်နှာ ၅ မှ

မြကိုးဆူကျေးရွာ လယ်ယာမြေ သိမ်းဆည်းခံရသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဥပဒေတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းမရှိသည့် လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရမည်ဟု သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုကလည်း ဥပဒေကို လေးစားရန်လိုအပ်ပါကြောင်း၊ အချို့ဥပဒေများကို မတရားဘူးဟုထင်ပါက ယင်းဥပဒေကို ပြောင်းလဲပြုပြင်နိုင်ရန် အားလုံးတွင် ကြိုးစားရမည့်တာဝန်နှင့် ကြိုးစားမှုဖြစ်မြောက်အောင် မိမိတို့က ဆက်လက်လုပ်ဆောင်ပေးရမည့် တာဝန်ရှိပါကြောင်း။

**ချိန်ခွင်လျှာညီမျှအောင် စဉ်းစားစေလို**

တည်ဆဲဥပဒေအရ မိမိတို့ ရပ်တည်ရန် အင်မတန်အရေးကြီးပါကြောင်း၊ ထိုသို့မဟုတ်ပါက မိမိတို့နိုင်ငံတွင် တည်ငြိမ်မှုရှိမည် မဟုတ်ပါကြောင်း၊ မအူပင်သည်လည်း အခြားမြို့နယ်များနည်းတူ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပြဿနာများ များစွာရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း တတ်နိုင်သည့်ဘက်က စဉ်းစားစေချင်ပါကြောင်း၊ ပရဟိတ၊ အတ္တဟိတ နှစ်ခုစလုံး ချိန်ခွင်လျှာညီမျှအောင် စဉ်းစားစေလိုပါကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အလေးထားသလို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍လည်း ပြည်သူပြည်သားများကို အလေးထားစေလိုပါကြောင်း။

နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း၊ တစ်ဦးချင်းမှ မိမိအကျိုးကို မိမိနိုင်ငံအကျိုးနှင့်အတူ တန်းတူထားမည်၊ မိမိနိုင်ငံ၏အကျိုးကို မိမိအကျိုးနှင့်အတူ တန်းတူထားမည်ဆိုပါက မိမိတို့နိုင်ငံသည် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး ဘောင်အတွင်းမှ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကလည်း မိမိတို့နှင့်အတူ ဝိုင်းဝန်းပြီး ကြိုးစားကြပါဟု မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ညောင်တုန်းမြို့သို့ရောက်ရှိကြပြီး ညောင်တုန်းမြို့နယ်ခန်းမ၌ ညောင်တုန်းမြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံတိုးတက်ရန်အတွက် ပြည်သူနှင့်အစိုးရအကြားတွင် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သည်ကို အကြိမ်ကြိမ် ပြောဆိုခဲ့ပါကြောင်း၊ ပြည်သူနှင့်အစိုးရအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အစိုးရအနေဖြင့် ပြည်သူများနှင့် ဆက်ဆံသည့်အခါ ပွင့်လင်းမှုရှိရန်၊ ဖြောင့်မတ်မှုရှိရန်၊ စကားတည်ရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း အစိုးရနှင့်ဆက်ဆံသည့်အခါ ပွင့်လင်းမှုရှိရန်၊ ဖြောင့်မတ်မှုရှိရန်၊ တည်ကြည်မှုရှိရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ဒုက္ခသည် အစိုးရအဖွဲ့ဝင်များ၏ ဒုက္ခထက်များသည်ကို မိမိလက်ခံပါကြောင်း၊ အထူးသဖြင့် တောရွာတွင်နေထိုင်သည့် ချို့တဲ့သော ပြည်သူများအတွက်ဆိုလျှင် လိုအပ်ချက်များစွာရှိနေသည်ကို သဘောပေါက်ပါကြောင်း၊ မည်သို့ပင် လိုအပ်ချက်များများများတင်ပြသည့်အခါတွင် မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် တင်ပြစေလိုပါကြောင်း၊ ပြည်သူပြည်သားများကို အဆင့်အတန်း မခွဲခြားဘဲ အားလုံးကို တရားမျှတမှု ရစေလိုပါကြောင်း၊ တရားသဖြင့် ရသင့်ရထိုက်သည့် အခွင့်အရေးများကို ပေးချင်ပါကြောင်း။

အတတ်နိုင်ဆုံး ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ကြိုးစားရာတွင် တရားဥပဒေစိုးမိုးရေးသည် အဓိက အကျဆုံးဖြစ်ကြောင်း၊ ပြည်သူများတင်ပြသည့် ကိစ္စများတွင် တော်တော်များများသည် လယ်ယာမြေပိုင်ဆိုင်မှုများနှင့် ပတ်သက်ပါကြောင်း၊ တစ်ခါတစ်ရံ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက အားနည်းချက်များကို တွေ့ရှိရပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင်ရှိသည့် အားနည်းချက်များသည် အစိုးရတွင် တာဝန်ရှိခြင်းကြောင့် ယင်းအားနည်းချက်များ ပပျောက်သွားအောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း။

**တိုးတက်မှုနှုန်းမြန်လာမည်**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု များစွာလိုအပ်နေသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ အစိုးရအတွင်း ပူးပေါင်းဆောင်ရွက်မှု၊ ဗဟိုနှင့်တိုင်းဒေသကြီးအတွင်း ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းဒေသကြီးအတွင်း ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများအကြား၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု၊ အဆင့်ဆင့်ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများသထက်များလာပါက မိမိတို့၏ တိုးတက်မှုနှုန်းသည် မြန်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အင်မတန် ပေါများကြွယ်ဝသည့်နိုင်ငံဟု မှတ်ချက်ပြုထားသည်များ ရှိပါကြောင်း၊ အရေးအကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး အဓိကသယံဇာတမှာ မိမိတို့၏ ပြည်သူများဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် နိုင်ငံ၏ ပထဝီမြေကျယ်ပြန့်ကြီးမားပုံ၊ သယံဇာတပစ္စည်းပေါများခြင်း၊ မပေါများခြင်း၊ လူဦးရေ အရေအတွက်တို့နှင့် မသက်ဆိုင်ပါကြောင်း၊ ပြည်သူပြည်သားများ၏ အရည်အချင်းနှင့်သာ သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြည်သူပြည်သားများ တစ်ဦးချင်းနားလည်ပြီး နှလုံးသွင်းစေလိုပါကြောင်း၊ တစ်ဦးချင်းတွင်ရှိသည့် အရည်အချင်းများကို နိုင်ငံအကျိုးအတွက် သုံးစွဲရမည်ကို နိုင်ငံသားများအားလုံး နှလုံးသွင်းစေလိုပါကြောင်း၊ ပြည်သူပြည်သားများကို ဥပဒေအရပေးထားသည့် အခွင့်အရေးများရှိပါကြောင်း၊ အဆိုပါ အခွင့်အရေးများကို မှန်မှန်ကန်ကန်သုံး၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်စေလိုပါကြောင်း။

**ကျွမ်းကျင်မှုကို မှန်ကန်စွာအသုံးချ**

မိမိအနေဖြင့် အားလုံးကို တိုက်တွန်းလိုသည်မှာ ပညာရေးကို အလေးထားကြရန် ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များလိုပါကြောင်း၊ ပညာတတ်ဟု ပြောခြင်းမှာ တက္ကသိုလ်ဘွဲ့ရများကို ပြောခြင်း မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် ကျွမ်းကျင်မှုများနှင့် ပြည့်စုံသည့် ပြည်သူပြည်သားများကို ပြောခြင်းဖြစ်ပါကြောင်း၊ လယ်ယာလုပ်ကိုင်သည့်နေရာတွင် တော်သည့် တောင်သူလယ်သမားများသည်လည်း ပညာတတ်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးပညာတွင် အင်မတန် လက်တွေ့ကျကျ ကျွမ်းကျင်သည့်သူကိုလည်း ပညာတတ်ဟုလည်း ပြောနိုင်ပါကြောင်း၊ ထို့နည်းတူ အလုပ်သမားတစ်ဦးသည် ၎င်း၏အလုပ်ကို ကျွမ်းကျင်ပြီး ယင်းကျွမ်းကျင်မှုကို မှန်ကန်စွာ အသုံးချပါက ယင်းအလုပ်သမားသည်လည်း ပညာတတ်ဖြစ်ပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်းသည် မိမိတို့၏ အားသာချက်များကို တန်ဖိုးထားဂုဏ်ယူရမည် ဖြစ်သလို မိမိတို့၏ အားနည်းချက်များကိုလည်း ရင်ဆိုင်နိုင်ရမည် ဖြစ်ပါကြောင်း။

မိမိတို့ ပြည်သူပြည်သားများအားလုံး တစ်ဦးချင်း တစ်ယောက်ချင်းသည် မိမိပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် တာဝန်ယူစေလိုပါကြောင်း၊ ထို့အတူ ကလေးများကိုလည်း ငယ်စဉ်ကတည်းက မိမိတို့ပတ်ဝန်းကျင် သန့်သန့်ရှင်းရှင်းထားရန် အားပေးစေလိုပါကြောင်း၊ အားလုံး တစ်ဦးချင်းကို မိမိတို့နိုင်ငံအတွက် တာဝန်ယူလိုသည့်စိတ်ကို သင်ကြားပေးကြရန် မိဘနှင့် ဆရာ ဆရာမများကို တိုက်တွန်းလိုပါကြောင်း။

မိမိအနေဖြင့် အသက်အရွယ်မရွေး နိုင်ငံသူနိုင်ငံသားအားလုံးကို တန်ဖိုးထားပါကြောင်း၊ အားလုံးတွင် အရည်အချင်းကိုယ်စီရှိကြသည်ကို အသိအမှတ်ပြုရန်လိုအပ်ပါကြောင်း၊ လူကြီးများနှင့် လူငယ်များ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်တန်ဖိုးထားသည့် လူ့ပတ်ဝန်းကျင်ဖြစ်ရန် ဖန်တီးရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်သည့် ဘာသာပေါင်းစုံ၊ ပြောဆိုသည့် ဘာသာစကားပေါင်းစုံဖြင့် တည်ထောင်ထားသည့် ပြည်ထောင်စုသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုအပေါ် အခြေခံထားပြီး တည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးမရခင် အချိန်ကာလက ပင်လုံညီလာခံတွင် လွတ်လပ်ရေးဖခင်ကြီးများ အားလုံးစုရုံးပြီး လွတ်လပ်ရေးရအောင် အတူတူလုပ်မည်ဆိုသည့် ဆုံးဖြတ်ချက်ချနိုင်ခဲ့ခြင်းသည် ပြည်ထောင်စု၏ အခြေခံဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ အခြေခံဟု ပြောခြင်းသည် ပင်လုံစာချုပ်ကိုပြောဆိုခြင်း မဟုတ်ပါကြောင်း၊ ပင်လုံစိတ်ဓာတ်ကို ပြောခြင်းဖြစ်ပါကြောင်း၊ ပင်လုံစိတ်ဓာတ်သည် ပင်လုံစာချုပ်ကို ဖြစ်မြောက်စေသည့် စိတ်ဓာတ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ပင်လုံစာချုပ်ကိုဖြစ်မြောက်စေသည့် စိတ်ဓာတ်သည် အတူတူပူးပေါင်းပြီး ဆောင်ရွက်ခြင်းအားဖြင့် မိမိလိုချင်သည့်ပန်းတိုင်ကို ပို၍ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ရောက်နိုင်မည်ဆိုသည့်စိတ်ဓာတ်ကို ပြည်ထောင်စုစိတ်ဓာတ်ဟု ပြောခြင်းဖြစ်ပါကြောင်း။

**အရည်အချင်းများစွာလို**

မိမိတို့၏ အုပ်ချုပ်ရေးပိုင်းတွင် အားနည်းချက်ရှိသည်ကို သဘောပေါက်ပါကြောင်း၊ ထိုအားနည်းချက်များကို ပြင်ဆင်ရန်လည်း ကြိုးစားနေပါကြောင်း၊ သို့သော် ပြည်သူလူထုအနေဖြင့် ထိုအားနည်းချက်များကို ပြင်ဆင်ရန် ကြိုးစားနေသည်ကို ဝိုင်းဝန်း၍ အားပေးစေလိုပါကြောင်း၊ မိမိတို့နှင့်အတူ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ထမ်းများသည် နိုင်ငံ၏ဝန်ကိုထမ်းပေးမည်ဆိုသည့် အဓိပ္ပာယ်ရောက်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းလုပ်ပြီဆိုပါက နိုင်ငံ့ဝန်ကိုထမ်းနိုင်သည့် အရည်အချင်း၊ ထမ်းရဲသည့်သတ္တိ၊ အင်အားများစွာ လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ သိက္ခာနှင့် ကိုက်ညီအောင်၊ နေနိုင်အောင် မိမိတို့ ကြိုးစားလုပ်ဆောင်နေပါကြောင်း။

လူတိုင်းလူတိုင်းတွင် တန်းတူညီတူ အခွင့်အရေးရှိအောင် မိမိတို့ ကြိုးစားနေပါကြောင်း၊ ပြည်သူပြည်သား တစ်ဦးချင်း တစ်ဦးချင်းသည် ပညာနှင့် ပြည့်စုံရမည်၊ ကျန်းမာရေးလည်း ပြည့်စုံရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများသည် ပရဟိတ၊ အတ္တဟိတ၊ ကိုယ်ကျိုး၊ အများအကျိုး အကျိုးနှစ်သွယ်ကို ထမ်းဆောင်နိုင်သည့် ပြည်သူပြည်သားများဖြစ်ရန် မိမိအနေဖြင့် မျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် ထိုသို့ဖြစ်နိုင်ရန် ကြိုးစားပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကလည်း ဝိုင်းဝန်းပြီး မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**ပိုမိုထောက်ပံ့**

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ကြိုတင်တင်ပြထားသည့် ညောင်တုန်းမြို့နယ်အတွင်း ဆိုင်ကယ်များပျောက်ဆုံးနေမှု၊ ရဲတပ်ဖွဲ့ဝင်များ အင်အားပိုမိုများပြားအောင် ဆောင်ရွက်ရေး၊ ညောင်တုန်းမြို့သည် မူလဆိပ်ကမ်းဖြစ်ပြီး နယ်သာလန်နိုင်ငံနှင့် ပူးပေါင်း၍ မြစ်ကမ်းထိန်းကာကွယ်ရေး လုပ်ငန်းများနှင့် မြို့မြစ်ကမ်းကာကွယ်ရေးအပြင် ကုန်းတွင်းဆိပ်ကမ်းမြို့အဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ စံကင်းကျွန်း လမ်းပန်းဆက်သွယ်ရေးအတွက် တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေးနှင့် ကုန်ထုတ်လမ်းဖောက်လုပ်ပေးနိုင်ရေး၊ အာဇာနည်ပန်းခြံဘေးရှိ ကလေးကစားကွင်းကို ပိုမိုကောင်းမွန်ရန်ဆောင်ရွက်ပေးနိုင်ရေး၊ သင့်လျော်သည့်အတတ်ပညာသင်ကျောင်းဆောက်လုပ်ပေးနိုင်ရေး၊ ပြည်သူ့ဆေးရုံကြီးကို ဆက်လက်တည်ဆောက်ခြင်းရှိ၊ မရှိသိလိုခြင်း၊ တိုင်းရင်းသားစာပေသင်ကြားသည့် ဆရာ ဆရာမများအား လစာငွေ ပိုမိုထောက်ပံ့ပေးနိုင်ရေးနှင့် ကျောင်းချိန်အတွင်း တိုင်းရင်းသားဘာသာ သင်ကြားခွင့်ရရှိရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပေါက်တောကျေးရွာ လယ်ယာမြေ သိမ်းဆည်းခံရမှုများ၊ ရတနာစုကုမ္ပဏီမှ အမြတ်ငွေ ၁ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးရေးအတွက် မပေးအပ်သည့် ကိစ္စရပ်နှင့်

**စာမျက်နှာ ၈ သို့ »»**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း UN Women ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ UN Women ၏ ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ညှိနှိုင်းတွေ့ဆုံခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ကျား / မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုမြှင့်တင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒရေးဆွဲပြီး တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အထိ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေအနေ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် အမျိုးသမီးပါဝင်မှု မြှင့်တင်ပေးနိုင်ခဲ့သည့်အခြေအနေ၊ သက်ဆိုင်ရာ လွှတ်တော်များတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့များနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး Mr. Nicolas Burniat က UN Women အဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင်ရုံးခွဲအသစ်ဖွင့်လှစ်၍ ကျား / မ တန်းတူညီမျှရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဆက်လက်၍ ကျား / မ တန်းတူညီမျှရေး လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီနိုင်မည့်အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် UN Women ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် UN Women ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် UN Women အနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများ လူမှုဘဝဖွံ့ဖြိုးရေး၊ တန်းတူအခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားလာရေးအတွက် အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်များမှ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးဘိုဘိုဦး၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာ ဒေါ်ကြည်မိုမိုလွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးအတွင်း ကြိုးတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်ခင်းရာတွင် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး အထူးအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အားတံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်လင်းက အဆိုပါလမ်းပေါ်ရှိပမ္မဝတီတံတား(မြင်းကဆိပ်) ကြိုးတံတားကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မ-မရမ်းချောင်-မြောင်းမြလမ်းပေါ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က ယခင်ကြိုးတံတားအနီးတွင် တံတားသစ် တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးဦးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရေး လက်ရှိကြိုးတံတားခံနိုင်ဝန်သတ်မှတ်ချက်အတိုင်း မော်တော်ယာဉ်ငယ်များ ဖြတ်သန်းခွင့်ပြုပြီး ကုန်တင်ယာဉ်များကို ဇက်ရေယာဉ်ဖြင့် ဖြတ်သန်းခွင့်ပြုရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ဝါးခယ်မ ကြိုးတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းသို့ရောက်ရှိပြီး ဘိုးပိုင်လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယခုအခါ ဝါးခယ်မတံတားမှ ပင်မတံတားကြိုးဆိုင်းများနှင့်ကြမ်းခင်းဘေလီများ ဖြုတ်သိမ်းပြီးဖြစ်ပါ၍ ရေလယ်ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သံဆင်ခြင်း၊ Stand Pipe များချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်ရှိ ရွှေလောင်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော တည်ဆောက်ပြီးတံတားများ၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့်တံတားများနှင့် ဆက်လက်ဆောင်ရွက်မည့်တံတားများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရန်အတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကြိုးတံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၆ မှ
အမှတ်(၃) ခတ်ငွေ့စက်ရုံ လည်ပတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူများ ကျေနပ်လောက်အောင် ပြောဆိုနိုင်သည့်အချိန် မပေးနိုင်ခဲ့သည့်အတွက် မိမိတောင်းပန်ပါကြောင်း၊ သို့သော်လည်း ပြည်သူလူထုအနေဖြင့် အချိန်မရွေး မိမိတို့အစိုးရထံ စာဖြင့်ရေးပြီး တင်ပြနိုင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကို မသိပါက နိုင်ငံတော်သမ္မတရုံးကို ပို့၍ရပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးကိုလိပ်မူပြီး မိမိတို့တိုင်ကြားချင်သည့်ကိစ္စများ၊ သိချင်သည့်ကိစ္စများကို မေးမြန်းနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အမှုကိစ္စများကို တစ်ခုချင်းစိစစ်ပေးနေပါကြောင်း၊ စိစစ်ပြီး မည်သို့အရေးယူဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရပါကြောင်း၊ တင်ပြလိုက်သည့် ပြည်သူများကို အဖြေပေးရပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ အချိန်လိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း နားလည်မှုရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ညောင်တုန်းမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာသန်းမြင့် ကော့သောင်းမြို့၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၂**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့သည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ ဗစ်တိုးရီးယားဟိုတယ် ခန်းမ၌ ကော့သောင်းမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**ပွင့်ပွင့်လင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ကုန်သည်လုပ်ငန်းရှင်များအား လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် လာရောက်ခြင်းဖြစ်၍ ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်ကိစ္စများအား အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တက်ရောက်လာကြသူများက လိုအပ်သည်များကို တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ကော့သောင်းမှ ရနောင်းမြို့သို့ တံတားတည်ဆောက်ရန်တင်ပြမှု၊ လေယာဉ်စီးနင်းခ လျှော့ချရေးတင်ပြမှုတို့အား ပြန်လည်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ တနင်္သာရီတိုင်းဒေသကြီးအတွင်းဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကနေဒါနိုင်ငံ Canada Trade Link ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကနေဒါနိုင်ငံ Canada Trade Link ကုမ္ပဏီမှ ဥက္ကဋ္ဌ Hon. Bryon Wilfert (တိုရမ်တိုမြို့ အခြေစိုက်ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်) နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် မြန်မာနှင့်ကနေဒါ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း၊ အစိုးရအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး၊ ကနေဒါနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ အလားအလာရှိသော လယ်ယာကဏ္ဍ၊ အထည်ချုပ်ကဏ္ဍ၊ Logistics ဆိုင်ရာကဏ္ဍ စသည်တို့တွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ Canada-Myanmar Chamber of Commerce ဖွဲ့စည်းနိုင်ရေးနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းဖြင့် ထုတ်ကုန်အမည်များစွာထုတ်လုပ်၍ ပိုမိုကျယ်ပြန့်သော ဈေးကွက်များသို့ တင်ပို့သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးနှင့် ဗြိတိန်သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Daniel Patrick Chugg အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Daniel Patrick Chugg တို့အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ဗီယက်နမ်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းအခြေအနေများ၊ အခွန်ဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ ဗြိတိန်နိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန၏ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီထောက်ပံ့ပေးမှုအခြေအနေများ၊ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စီမံကိန်းဘဏ်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်နှင့် ပရိယတ္တိစာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရန်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပရိယတ္တိ စာအောင်ဆုငွေပဒေသာပင် စိုက်ထူလှူဒါန်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး စေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ Excellent Fortune Development Group-EFD Group ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းက အလှူငွေ ကျပ်သိန်း ၃၀၀၀ နှင့်ပရိယတ္တိစာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းရန်အတွက် အလှူငွေ ကျပ်သိန်း ၂၀၀၀ တို့ကိုလည်းကောင်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ ရတနာစိုင်းကောင်းမြတ်ကျော် ကုမ္ပဏီ လီမိတက် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခင်မြင့်ရီက အလှူငွေကျပ် သိန်း ၃၀၀၀ နှင့် ပရိယတ္တိစာအောင်ဆုငွေပဒေသာပင် စိုက်ထူလှူဒါန်းရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို)နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို)ဂုဏ်ထူးဆောင် နာယကများ အသိအမှတ်ပြုလွှာ များပေးအပ်ခြင်းနှင့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ် ရေးအဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို)နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တော်ဝင်ဂါးဒင်းဟိုတယ် ၌ ကျင်းပသည်။



### သဝဏ်လွှာကို ဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့်သဝဏ်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က အမှာစကားပြောကြားရာတွင် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ကြီးသည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဘာသာရေး၊ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက် ရေးကိစ္စများကို အလွတ်သဘောဆွေးနွေးနိုင်ရန် အမြဲတေ အဖွဲ့အား သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ယာယီဖွဲ့စည်းပေးခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း။

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက် ၂၀၁၈ ခုနှစ် သြဂုတ် ၅ ရက်တွင် အမျိုးသားပြတိုက်၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)ကို ဦးစီးနာယက တစ်ဦး၊ နာယကလေးဦး၊ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ လေးဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ အတွင်းရေးမှူး လေးဦး၊ နိုင်ငံတကာဆက်ဆံရေးတာဝန်ခံတစ်ဦး၊ ဘဏ္ဍာ ရေးမှူးတစ်ဦး၊ အလုပ်အမှုဆောင်(ဗုဒ္ဓဘာသာ) ၁၈ ဦး၊ ခရစ်ယာန်ဘာသာ ၁၄ ဦး၊ အစ္စလာမ်ဘာသာ ၁၇ ဦး၊ ဟိန္ဒူဘာသာ ၁၅ ဦး စုစုပေါင်း ၈၁ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ ပါကြောင်း။

ယခုအခါ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)ကို ဦးစီးနာယက တစ်ဦး၊ နာယက လေးဦး၊ ဂုဏ်ထူးဆောင်နာယက ၁၇ ဦး၊ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ လေးဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ အတွင်းရေးမှူးလေးဦး၊ နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ အလုပ်အမှုဆောင် (ဗုဒ္ဓ ဘာသာ) ၁၈ ဦး၊ ခရစ်ယာန်ဘာသာ ၁၄ ဦး၊ အစ္စလာမ် ဘာသာ ၁၇ ဦး၊ ဟိန္ဒူဘာသာ ၁၅ ဦး စုစုပေါင်း ၉၈ ဦး တို့ဖြင့် ၂၀၁၉ ခုနှစ် မတ် ၂၂ ရက်တွင် အင်အားတိုးချဲ့၍ ထပ်မံပြင်ဆင် ဖွဲ့စည်းပေးခဲ့ကြောင်း။

### ပိုမိုထိရောက်မှုရှိ

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့တွင် ဂုဏ်ထူးဆောင်နာယကများကို ထည့်သွင်းဖွဲ့စည်းရခြင်းမှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှု ရှိလာစေရန်နှင့် ရန်ပုံငွေအပါအဝင် အခြားသော အကူ အညီ အထောက်အပံ့များရရှိစေရန် ရည်ရွယ်ပြီး ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဦးစီးနာယကနှင့် ဥက္ကဋ္ဌတို့၏ တင်ပြချက်အရ ထပ်မံဖြည့်တင်း ဖွဲ့စည်း ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သောကြောင့် ကနဦး အစ ဖွဲ့စည်းမှုများမှာ သာသနာရေးဝန်ကြီးဌာန၊ ယခု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အသေးစိတ်ကူညီမှုပြုနေရဆဲဖြစ်သော်လည်း နောင်တွင် မိမိဘာသာရပ်တည်ပြီး ကွင်းဆင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များ၊ အခြား သော အစိုးရမဟုတ်သောအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း လက်တွဲဆောင်ရွက်ရာတွင် အစိုးရ၏ လွှမ်းမိုးမှုအောက်၌ မရှိရန်လိုအပ်သဖြင့် နိုင်ငံတော်အဆင့် ဆောင်ရွက်ပေး ရမည့် ကိစ္စမှလွဲ၍ အခြားသောကိစ္စရပ်များကို စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပါကြောင်း။

ထို့အပြင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်၊ မြို့နယ်အဆင့်များကို စနစ်တကျဖွဲ့စည်းခြင်း၊ ထိတွေ့ခြင်း၊ ပြဿနာများ မဖြစ်ပွားအောင် ကြိုတင် ကာကွယ်ခြင်း၊ ပြဿနာများမှ ပဋိပက္ခအသွင် မရောက်ရှိ အောင် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို တစ်နှစ်ချင်း စီမံချက်၊ ရေရှည်စီမံချက် များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်သွားရန် လိုပါကြောင်း။

### နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းသာယာရေး၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုရရှိရေးတို့ကို ဦးတည်ဆောင်ရွက် သွားကြရန် ရည်ရွယ်ပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးအဖွဲ့ (မြန်မာနိုင်ငံ)နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဆိုသည်ကို သိရှိရသည့်အတွက် ကောင်းမွန်သော လုပ်ရပ်တစ်ခုဖြစ်ပါ ကြောင်းနှင့် ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို) ဥက္ကဋ္ဌ ဦးသောင်းထိုက်နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြကြသည်။

### အသိအမှတ်ပြု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို) ဂုဏ်ထူး ဆောင်နာယကများအား အသိအမှတ်ပြု ဂုဏ်ပြုအပ်နှင်း လွှာများ ပေးအပ်ပြီး ဂုဏ်ထူးဆောင်နာယကများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို) ဥက္ကဋ္ဌနှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌတို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြပြီး ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာဝင်များက ဘာသာအလိုက် ဆုတောင်း ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ သည်။

**သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၉ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့၌ (သတ္တမနေ့)အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (ပထမနေ့)အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၀၄၄ ပါးအနက် ၅၄၅ ပါး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၂၀ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၇၁၇၂ ပါးအနက် ၄၆၉၆၅ ပါး ဖြေဆိုကြပြီး ၈၂ ဒသမ ၁၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော ၂၀၁၉ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၈၁ ခုနှစ် နယုန် လဆန်း ၁ ရက်မှ နယုန်လဆန်း ၅ ရက်အထိ (ဇွန် ၃ ရက် မှ ၇ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသဖြင့် ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသော ရက်အတိုင်း နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည် ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက် ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ တရုတ်နိုင်ငံ ချင်းတောင်အရှေ့ပိုင်းရုပ်ရှင်မြို့တော်တွင် ကြည့်ရှုလေ့လာ

**ချင်းတောင် မေ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆန်းတုန်းပြည်နယ် ချင်းတောင်မြို့ရှိ အရှေ့ပိုင်းရုပ်ရှင်မြို့တော်တွင် ကြည့်ရှုလေ့လာကြသည်။



**ကြည့်ရှုလေ့လာ**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချင်းတောင်မြို့ ပင်လယ်ကမ်းခြေ လင်စမ်းဝင် ရုပ်ရှင်ထုတ်လုပ်ရေးဇုန်ရှိ ချင်းတောင် အရှေ့ပိုင်းရုပ်ရှင်မြို့တော် (Qingdao Oriental Movie Metropolis) သို့ ရောက်ရှိကြပြီး စတူဒီယိုအဆောက်အဦများအတွင်း Space Ship အပါအဝင် ရုပ်ရှင်ရိုက်ကူးရန်ပြင်ဆင်ထားရှိမှုများနှင့် ရေအောက်ရိုက်ကွင်းအတွက် ပြင်ဆင်ထားမှုကိုလည်းကောင်း၊ ပြင်ပရိုက်ကွင်းများနှင့် ရေအောက်ဇာတ်စင်ရိုက်ကွင်းကိုလည်းကောင်း၊ Digital LAB အတွင်း Sound System ဖြင့် အသံတည်းဖြတ်မှုကိုလည်းကောင်း၊ ချင်းတောင်ဆူးနပ်၊ ရုပ်ရှင်ရပ်ဝန်း (Qingdao Sunac Movie Park) အတွင်းရှိ Cinema- X ရုပ်ရှင်ရုံတွင် သုံးဖက်မြင် ၂၇၀ ဒီဂရီ ရုပ်ရှင်နမူနာပြသမှုကိုလည်းကောင်း၊ ဈေးဝယ်စင်တာ (Movie Market)ကိုလည်းကောင်း၊ စကိတ်ကွင်းနှင့် ကလေးကစားရုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချင်းတောင်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ပေကျင်းမြို့သို့ ရောက်ရှိကြသည်။

ချင်းတောင် အရှေ့ပိုင်းရုပ်ရှင်မြို့တော်သည် ၁၆၆ ဟက်တာ (ဧက-၄၁၀) ကျယ်ဝန်းပြီး ရုပ်ရှင်ထုတ်လုပ်ရေးဇုန်တွင် အဆင့်မြင့်စတူဒီယိုအဆောက်အဦ ၃၀ ကို ၂၀၁၃ ခုနှစ်က စတင်ဆောက်လုပ်ခဲ့သည်။ စတူဒီယိုအဆောက်အဦ ၁၀ လုံးမှာ ဆောက်လုပ်ဆဲဖြစ်ပြီး ၅၂ လုံးအထိ ဆောက်လုပ်ရန် ရည်မှန်းထားသည်။ ဆောက်လုပ်ပြီးစတူဒီယိုများကို ၂၀၁၈ ခုနှစ် ဧပြီ ၂၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၎င်းတွင် စတုရန်းမီတာ တစ်သောင်းကျော် ကျယ်ဝန်းသည့် အဆောက်အဦတစ်လုံး ပါဝင်ကာ ကမ္ဘာ့အကြီးဆုံးစတူဒီယိုအဖြစ် မှတ်တမ်းဝင်ထားသည်။

Indoor, Outdoor ရိုက်ကူးနိုင်သည့် ရေအောက်စတူဒီယိုများလည်း ပါဝင်ပြီး Outdoor ရိုက်ကွင်းများမှာ ဟက်တာ ၆၀ ကျယ်ဝန်းသည်။ ရုပ်ရှင်ရိုက်ကူးရေး အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်ထုတ်လုပ်ရေးစက်ရုံများမှစ၍ တည်းဖြတ်ရေးလုပ်ငန်းနေရာများလည်း ပါဝင်သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်ပြီး အမေရိကန်နိုင်ငံမှ နာမည်ကြီးရုပ်ရှင်ကုမ္ပဏီကိုးခုနှင့် ဟောလိဝုဒ်ရုပ်ရှင် ၁၁ ကား ရိုက်ကူးရန် စာချုပ်ချုပ်ဆိုထားသည်။

ချင်းတောင် ရုပ်ရှင်မြို့တော်တွင် ရုပ်ရှင်ပြတိုက် ဟိုတယ်ဇုန်၊ ဈေးဝယ်စင်တာ၊ ပြဇာတ်ရုံ၊ နိုင်ငံတကာစာသင်ကျောင်း၊ လှေဆိပ်နှင့် ပန်းခြံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး နည်းပညာအဆင့်မြင့်မားဆုံး စတူဒီယိုများ ပါဝင်သည့် ကမ္ဘာ့အကြီးဆုံး ရုပ်ရှင်ထုတ်လုပ်ရေးဇုန်နှင့် “အရှေ့ပိုင်းဟောလိဝုဒ်” ဟု တင်စားထားသည်။ ရုပ်ရှင်မြို့တော်တည်ထောင်နိုင်မှုကြောင့် တရုတ်နိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းအရည်အသွေးတိုးတက်စေရန် ကူညီနိုင်သည့်အပြင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှု၊ ခရီးသွားလုပ်ငန်းများအတွက်လည်း အထောက်အပံ့များ ရရှိနေကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းလေးကန်ရေအတိမ်အနက်ကို လစဉ်တိုင်းတာဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ မေ ၂**

အင်းလေးကန်၏ ရေအတိမ်အနက်ကို လစဉ်တိုင်းတာဆောင်ရွက်လျက်ရှိရာ မတ်လနောက်ဆုံးပတ်၏ တိုင်းတာချက်များအရ အနက်ဆုံးစံယူထားသည့်နေရာတွင် ခုနစ်ပေ သုံးလက်မရှိကြောင်း အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**မူသေသတ်မှတ်တိုင်းတာခြင်းဖြစ်**

“အင်းလေးကန်ရဲ့ရေအတိမ်အနက်နဲ့ အတိုးအလျော့အခြေအနေကို သိနိုင်ဖို့အတွက် ရေအတိမ်အနက် တိုင်းတာခြင်းလုပ်ငန်းကို လစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ကို တောင်မြောက်တည့်တည့် GPS လိုင်းအတိုင်း အသွားအပြန် နှစ်လိုင်းဆွဲပြီး တည်နေရာကိုးခုကို မူသေသတ်မှတ်တိုင်းတာခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့မတ် ၂၈ ရက်က တိုင်းတာချက်အရ ရေအတိမ်ဆုံးစံယူထားတဲ့နေရာမှာ နှစ်ပေ ကိုးလက်မရှိပြီး ရေအနက်ဆုံး စံယူထားတဲ့နေရာမှာ ခုနစ်ပေ သုံးလက်မရှိပါတယ်”ဟု အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

**ဂေဟစနစ်ထိန်းသိမ်းရေးကို ရည်ရွယ်**

အင်းလေးကန်၏ ပျမ်းမျှရေအနက်မှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် နှစ်လက်မ လျော့ကျကြောင်း၊ အင်းလေးကန်၏ ရေပြင်အခြေအနေနှင့် ရေအတိမ်အနက် အတိုးအလျော့အခြေအနေကို အမြဲမပြတ်လေ့လာဆန်းစစ်ရန်၊ အင်းလေးကန်ဘေးမဲ့တောအတွင်းရှိ ရေဝပ်ဒေသဂေဟစနစ်ထိန်းသိမ်းရေးနှင့် အင်းလေးကန်စီမံထိန်းသိမ်းရေးလုပ်ငန်းကို အထောက်အကူပြုစေရန်ရည်ရွယ်ချက်ဖြင့် တိုင်းတာဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**





# ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ဒုတိယနေ့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ဒုတိယနေ့ကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ရိပ်အောက်ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။



**ငြိမ်းချမ်းရေးတရားတော်ကို နာယူကြည်ညို**

ငြိမ်းချမ်းရေးဓမ္မသဘင်ဒုတိယနေ့တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသက တရားဒေသနာတော်များဟောကြားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်များက ငြိမ်းချမ်းရေးတရားတော်ကို နာယူကြည်ညိုကြသည်။

ငြိမ်းချမ်းရေးဓမ္မသဘင်ကို မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိရာ မေ ၃ ရက်တွင် တောင်စွန်းဆရာတော် ဓမ္မဘေရီအရှင်ဝီရိယ၊ မေ ၄ ရက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ မေ ၅ ရက်တွင် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိ စသည့် ဆရာတော်ကြီးများက တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရွတ်ပူဇော်ကုသိုလ်ယူ**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့်ခြောက်ပေ၊ အလျားငါးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူအများ ကုသိုလ်ယူပူဇော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်တွင် မေ ၁ ရက်မှ ၁၈ ရက်အထိ ရင်ငွေ့တော်လှူ အပူဇော်ခံလျက်ရှိရာ ယနေ့တွင် ရဟန်းရှင်လူပြည်သူအများက လာရောက်ဖူးမြော်ကြည်ညို၍ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော်ကုသိုလ်ယူလျက်ရှိသည်။

**သတင်းစဉ်**

## တပ်မတော်က ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် စုံစမ်းစစ်ဆေးရေးခုံရုံးထံ အချက်အလက်များ ပေးပို့တင်ပြနိုင်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းထုတ်ပြန်

**နေပြည်တော် မေ ၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ထပ်မံစိစစ်အတည်ပြုရန် အဖွဲ့ဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးခုံရုံးကို တပ်မတော်နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်မှစတင်ကာ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးခုံရုံးအနေဖြင့် ဖြစ်စဉ်များနှင့် သက်ဆိုင်သော သက်သေခံချက်များ၊ မှတ်တမ်းဓာတ်ပုံ အထောက်အထား၊ အသံဖိုင်၊ ဗီဒီယိုဖိုင် အစရှိသည်တို့ကို စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပေးပို့တင်ပြကြရန် ဖိတ်ခေါ်ထားကြောင်း။

အချက်အလက်များပေးပို့ရာတွင် ပေးပို့သူအမည်နှင့် အသေးစိတ်အချက်အလက်များ(လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အခြားသက်သေခံကတ်ပြားမိတ္တူ) ဖြစ်စဉ်များနှင့် သက်ဆိုင်သည့် သက်သေခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ မှတ်တမ်းဓာတ်ပုံများကိုပူးတွဲ၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ကြောင်း သိရသည်။

တင်ပြပေးပို့လာသည့် အချက်အလက်များ ခိုင်လုံမှုရှိစေရန်အတွက် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးခုံရုံး၏ တွေ့ဆုံစိစစ်မှုများကို ခံယူရမည်ဖြစ်ပြီး လူကိုယ်တိုင် ထွက်ဆိုချက်ပေးလိုပါကလည်း အီးမေးလ်လိပ်စာ ndcadmdep@gmail.com နှင့် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့လိပ်စာများဖြစ်သည့် အုပ်ချုပ်မှုဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဖေယျာသီရိမြို့နယ်၊ နေပြည်တော်နှင့် စစ်ဗျူဟာအဖွဲ့(အခြေချ)(ဘူးသီးတောင်)၊ ဘူးသီးတောင်မြို့တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## နှစ်ကြိမ်မြောက် အောင်ဘာလေထီမှ ကျပ်သိန်းတစ်သောင်းခွဲဆု ကျောင်းကုန်းမြို့က ဆွတ်ခူး

**ကျောင်းကုန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် နယ်မြေ(၇)မဟာဗောဓိလမ်းတွင် နေထိုင်သူ ကိုပြည့်ဖြိုးမောင်-မလွင်လွင်ဦးတို့က နှစ်ကြိမ်မြောက် အောင်ဘာလေထီက ကျပ်သိန်းတစ်သောင်းခွဲဆု ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

"ကျွန်တော့်ယောက္ခမရဲ့သမီး ဆေးရုံတက်နေတဲ့အချိန် ယောက္ခမဆီက ငွေတစ်ထောင်နဲ့ ကျွန်တော့်သမီး လက်နဲ့ဆွဲဖြုတ်လိုက်တဲ့ ထီလက်မှတ်ကပေါက်တာပါ။ သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲမှာ ကျောင်းတစ်ကျောင်းကို ကျပ်တစ်သိန်း စီလှူဒါန်းသွားပါမယ်။ ကွန်ကရစ်လမ်းခင်းမယ်။ ရဟန်းခံရှင်ပြု ပြုလုပ်သွားမယ်"ဟု ကိုပြည့်ဖြိုးမောင်က ပြောသည်။

"ကျွန်မက ဆင်းရဲပါတယ်။ ကန်စွန်းရွက်ရောင်းရတယ်။ ပန်းရောင်းရတယ်။ ဒီသမီးလေးမွေးမှ အကျိုးပေးလို့ ကံကောင်းတာပါ။ အခုလို ကျပ်သိန်းတစ်သောင်းခွဲဆုပေါက်တာ အတိုင်းမသိ ဝမ်းသာပါတယ်။ ထင်တောင် ထင်မထားပါဘူး"ဟု မလွင်လွင်ဦးက ပြောသည်။

ကိုပြည့်ဖြိုးမောင်သည် အသက် ၂၁ နှစ်သာရှိပြီး မလွင်လွင်ဦးက အသက် ၁၉ နှစ်သာရှိသေးကြောင်း၊ ကိုးလသာရှိသေးသည့် သမီးလေး မပန်းအိဖြူဆွဲဖြုတ်လိုက်သော ထီလက်မှတ်က ပေါက်ခြင်းဖြစ်ကြောင်း၊ ထီလက်မှတ်ကို အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ထိန်းသိမ်းပေးထားပြီး နောက်တစ်နေ့တွင် ရန်ကုန်သို့ ဆုငွေသွားထုတ်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**ရန်ကုန် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



# သတင်းစာဆရာ ခါရှော့ဂျီ၏ သားသမီးများအား ဆော်ဒီအစိုးရက ငွေကြေးထောက်ပံ့

**ရီယတ် မေ ၂**

ဆော်ဒီအာရေဗျ သတင်းစာဆရာ ဂျက်မား ခါရှော့ဂျီ၏ သားသမီးများအား ဒေါ်လာသန်းနှင့်ချီတန်သော အိမ်ရာများအပါအဝင် လစဉ် ဒေါ်လာသောင်းနှင့်ချီကာ ဆော်ဒီအစိုးရက ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဆော်ဒီအစိုးရအား ဝေဖန်စာများရေးသားသော ဝါရှင်တန်ပို့စ်သတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင် ခါရှော့ဂျီသည် လွန်ခဲ့သော အောက်တိုဘာလတွင် အင်စတန်ဘူမြို့ရှိ ဆော်ဒီကောင်စစ်ဝန်ရုံး၌ သတ်ဖြတ်ခြင်းခံခဲ့ရသည်။

သတင်းစာဆရာ ခါရှော့ဂျီ၏ သားသမီး လေးယောက်တို့အား ယခုကဲ့သို့ ဆော်ဒီအစိုးရက ငွေကြေးထောက်ပံ့မှုများလုပ်ဆောင်ခြင်းသည် ခါရှော့ဂျီ၏မိသားစုဝင်များအနေဖြင့် သည်းခံစိတ် ပိုမိုထားရှိနိုင်စေရန် ကြိုးပမ်းခြင်းတစ်ရပ်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ခါရှော့ဂျီ၏ သားသမီးများအား ပေးအပ်ခဲ့သည့် အိမ်များသည် ဂျက်ဒက်ချ် ဆိပ်ကမ်းမြို့တွင် တည်ရှိပြီး အမေရိကန်ဒေါ်လာ ၄ သန်းခန့် တန်ဖိုးရှိသည်ဟု အဆိုပါသတင်းစာက ဆိုသည်။

သတင်းစာဆရာ ခါရှော့ဂျီ၏ အကြီးဆုံးသား ဆာလက်ချ်ခါရှော့ဂျီက ၎င်းတို့အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံတွင်သာ ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ခါရှော့ဂျီ၏ သားသမီးများသည် ဒေါ်လာ တစ်သောင်းနှင့်အထက်ကို လစဉ် ထောက်ပံ့ကြေးငွေအဖြစ် ရရှိမည်ဖြစ်သည်။

သတင်းစာဆရာ ခါရှော့ဂျီသေဆုံးခြင်းနှင့် ပတ်သက်ပြီး ဆော်ဒီအာရေဗျမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်အား စွပ်စွဲပြစ်တင်မှုများ ထွက်ပေါ်ခဲ့သော်လည်း အဆိုပါလုပ်ကြံသတ်ဖြတ်မှုတွင် ဆော်ဒီမင်းသားအနေဖြင့် ပါဝင်ပတ်သက်မှုမရှိပါကြောင်း ဆော်ဒီအစိုးရအဖွဲ့က အခိုင်အမာ ပြောကြားခဲ့သည်။

ခါရှော့ဂျီသေဆုံးမှုအပေါ် သင်္ကာမကင်းဖြစ်သူ ၁၁ ဦးအား သူ၏အစိုးရရှေ့နေက စွဲချက်တင်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဆော်ဒီအာရေဗျမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နှင့် ခါရှော့ဂျီ၏ အကြီးဆုံးသား ဆာလက်ချ်ခါရှော့ဂျီတို့ တွေ့ဆုံစဉ်။

# ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ်များ၌ လေထုညစ်ညမ်းမှု အခြေအနေဆိုးရွား

**ဗန်ကောက် မေ ၂**

ထိုင်းနိုင်ငံ မြောက်ဘက်ပိုင်းရှိ ပြည်နယ်အချို့တွင် လေထုညစ်ညမ်းမှုအခြေအနေမှာ ဆိုးရွားနေသည့်အတွက် ယင်းပြည်နယ်များအတွင်းရှိ နေထိုင်သည့် ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှုအခြေအနေအတွင်း ပြင်းထန်စွာ ရုန်းကန်နေရကာ လေထုညစ်ညမ်းမှု အခြေအနေမှာ စံချိန်တင်မြင့်တက်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။



လေထုအတွင်း၌ အမှုန်အမွှားများပါဝင်မှုအဆင့်မှာ ပီအမ် ၂ ဒသမ ၅ ထက်အဆ ၂၀ ကျော် မြင့်တက်နေကြောင်း၊ ယင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ သတ်မှတ်ချက်ထက် ကျော်လွန်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် မေ ၂ ရက်တွင် ချင်းမိုင်သို့ လာရောက်ခဲ့ပြီး လေထုညစ်ညမ်းမှုအခြေအနေနှင့် တွေ့ကြုံနေမှုအား ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ ထိုင်းဝန်ကြီးချုပ်သည် ယင်းဒေသတွင်း၌ လေထုညစ်ညမ်းမှုကို တိုက်ဖျက်နေသည့် ဒေသဆိုင်ရာ တပ်ဖွဲ့ဝင်များနှင့် မီးသတ်သမားများကို အထောက်အပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းဒေသတွင်း၌ ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုများအတွက် ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းက စိုးရိမ်မှုများရှိနေကြောင်း ပြောကြားခဲ့ပြီး ယင်းဒေသတွင်းရှိ ပြည်သူများအား ပြောင်းရွှေ့ပေးရေးအတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများကို လိုအပ်သည့်အထောက်အပံ့ ပေးအပ်မည်ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသရှိ ပြည်နယ်များ၌ လေထုညစ်ညမ်းမှုများသည် မတ်လအတွင်း၌ စတင်ဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ရပ်အတွက် ဒေသဆိုင်ရာအာဏာပိုင်များက တောင်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် တောမီးများရှို့ခဲ့သည့် လယ်သမားများကို ပြစ်တင်ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ ပိုင်နက်နယ်မြေနှင့် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသအနီးရှိ လယ်သမားများက တောင်ယာစိုက်ပျိုးရေးအတွက် တောမီးများ ရှို့ခဲ့ကြသည်။

လေထုအတွင်း အမှုန်အမွှားများပါဝင်မှု ပီအမ်-၂၅ အဆင့်ရှိမှုသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားစေနိုင်သည့် အမြင့်ဆုံးအဆင့်ဖြစ်သည်။

ဒေသဆိုင်ရာ တာဝန်ရှိသူများက လေထုညစ်ညမ်းမှုအဆင့် လျော့ကျစေရေးအတွက် လေထုအတွင်း ရေဖျန်းပက်သည့်စနစ်များကို အသုံးပြု၍ ကြိုးပမ်းလျက်ရှိသည်။

ယင်းကဲ့သို့သော နည်းလမ်းကို ယခုနှစ် ဇန်နဝါရီလအတွင်းက ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ လေထုညစ်ညမ်းမှုလျော့ချရာတွင် အသုံးပြုခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည်များ ဇာတိနိုင်ငံသို့ ပြန်ရမည်ဟုဆို

**ဘေရွတ် မေ ၂**

လက်ဘနွန်နိုင်ငံတွင်းသို့ ရောက်ရှိနေသည့် ဆီးရီးယားဒုက္ခသည်များအနေဖြင့် မူရင်းဇာတိနိုင်ငံသို့ မဖြစ်မနေပြန်ရမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ဇာတိနိုင်ငံသို့ ပြန်ရခြင်းသည် နိုင်ငံရေးဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ် အလက်ဇန္ဒားဇာပီကင်က ပြောကြားသည်ဟု ရုရှားအမျိုးသားသတင်းဌာနက သတင်း ဖော်ပြသည်။

ဆီးရီးယားဒုက္ခသည်များအနေဖြင့် လက်ဘနွန်နိုင်ငံအတွင်းမှ ဆီးရီးယားနိုင်ငံအတွင်းသို့ ပြန်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းတို့နေရပ်ပြန်ရေးအတွက် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဆီးရီးယားအာဏာပိုင်များအနေဖြင့် ယင်းဒုက္ခသည်များ၏ ဇာတိရပ်ရွာ ပြန်လည်နေထိုင်ရေးအတွက် ပါဝင်ကူညီရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းလူသားချင်းဆိုင်ရာ စာနာကူညီရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့် အကျိုးစီးပွားများအတွက် ရည်မှန်းသည့် ပန်းတိုင်ရောက်ရေးအတွက် လုပ်ဆောင်ရမည်ဟု ၎င်းက ပြောကြားသည်။

ဆီးရီးယားစစ်ပြေးဒုက္ခသည်များ နေရပ်ပြန်ရေးအတွက် ပါဝင်လုပ်ဆောင်ပေးသည့် အဖွဲ့အစည်းများကို အထောက်အပံ့ပေးကြရန် ရုရှားသံအမတ်က တိုက်တွန်းခဲ့ပြီး ၎င်းတို့နေရပ်ပြန်ရေးအတွက် နိုင်ငံရေးအရ ချမှတ်မှုများ မလိုအပ်ကြောင်း ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံအတွင်းရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် ဆီးရီးယားစစ်ပြေး ဒုက္ခသည်ဦးရေ တစ်သန်းကျော် မှတ်ပုံတင်ထားပြီး လက်ဘနွန်အစိုးရက ယင်းဒုက္ခသည် အမှန်တကယ်တည်ရှိသည့် ဦးရေမှာ ၁ ဒသမ ၅ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# နီပေါနိုင်ငံတွင် အင်အားပြင်းမုန်တိုင်း တိုက်ခတ် အနည်းဆုံး ၂၇ ဦး သေဆုံး

**ခတ္တမန္ဒူ မေ ၂**

အင်အားပြင်းမုန်တိုင်းတစ်ခုသည် မတ် ၃၁ ရက် ညပိုင်းအချိန်က နီပေါနိုင်ငံ တောင်ဘက်ပိုင်းတွင် တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၂၇ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၆၀၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးကာ လမ်းမီးတိုင်များနှင့် သစ်ပင်များ ပြိုလဲကျခဲ့ကြောင်း သိရသည်။ နိုင်ငံ၏ တောင်ဘက်ပိုင်းရှိ လူနေအိမ်အများစုသည် အုတ်ခဲနှင့် ဝါး စသည်တို့ဖြင့် တည်ဆောက်ထားခြင်းကြောင့် လေပြင်းတိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်မရှိခဲ့ခြင်းဖြစ်သည်ဟု အာဏာပိုင်များက ဆိုသည်။

ထို့ပြင် လူအများအပြား ပျောက်ဆုံးလျက်ရှိပြီး တပ်မတော်သားများနှင့် ရဲအရာရှိများက ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ မုန်တိုင်းဒဏ်သင့် တောင်ဘက်ပိုင်းဒေသသည် နှစ်စဉ်မိုးရာသီ ဇွန်လမှ သြဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် အပျက်အစီးများ ဖြစ်ပေါ်လေ့ရှိသည်။ သို့သော် ယခုနှစ်မိုးရာသီမစတင်မီ အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**တောင်ကုတ် မေ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးဝင်းမြင့်နှင့် ဒေါက်တာချမ်းသာ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များနှင့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နံနက် ၇ နာရီတွင် တောင်ကုတ်မြို့နယ် ရိုးမလှိုင်းစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်ခန်း၊ စာအုပ်စာပေများ ပြည့်စုံစွာထားရှိမှု အခြေအနေနှင့် ပြည်သူများအား စာအုပ်များ လွယ်ကူစွာ ဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတင်ကျွန်းရှိ ငမောက်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ပန်းတင်ကျွန်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားပြီး ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏




လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒေသခံပြည်သူများက အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ငမောက်ချောင်း အခြေခံပညာအထက်တန်းကျောင်း၌ အသုံးပြုရန် ကွန်ပျူတာနှင့် ပရင်တာစက်တစ်စုံအတွက် ငွေကျပ်ရှစ်သိန်းနှင့် ငကာကိုင်း အခြေခံပညာမူလတန်းကျောင်း ဝန်ထမ်းဆောင် အမိုးအကာပြုလုပ်ရန် ငွေကျပ်သိန်း ၂၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင်ကျေးရွာသို့ ရောက်ရှိကြပြီး ခရိုင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဦးညီပုက ယခုတွေ့ဆုံပွဲတွင် မိမိတို့ဒေသ၏ တွေ့ကြုံရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း၊ ဆွေးနွေးချက်များအပေါ်တွင်လည်း သက်ဆိုင်ရာ ဌာနအသီးသီးက ညှိနှိုင်းဆွေးနွေးကာ လတ်တလော ဖြည့်ဆည်းရမည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေရှည် ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း ရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးညီပုသည် ခရိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ပြင်ကြီးအခြေခံပညာအထက်တန်းကျောင်း၌ အသုံးပြုရန် ကွန်ပျူတာနှင့် ပရင်တာ စက်တစ်စုံအတွက် ငွေကျပ် ရှစ်သိန်းစီနှင့် ခရိုင်ကျေးရွာအဝင်လမ်း ကျောက်ခင်းရန် ငွေကျပ် သိန်း ၂၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့အတူ ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ယမန်နေ့က တောင်ကုတ်မြို့နယ် ကျော်ကိုင်းကျေးရွာနှင့် စလူကျေးရွာတို့သို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လိုအပ်ချက်များနှင့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**မျိုးသူထွန်း**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်နေရာ အနိုင်ရရှိသည့် ကိုယ်စားလှယ်လောင်းများ

**ရန်ကုန် မေ ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲကို ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် မဲဆန္ဒနယ် ခြောက်ခုသတ်မှတ်ကာ မဲရုံပေါင်း ၂၈၇၉ ရုံ ဖွင့်လှစ်ကျင်းပခဲ့သည်။ မဲဆန္ဒနယ် (၁)တွင် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်ာန်းကျွန်း၊ မဲဆန္ဒနယ် (၂) တွင် ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မဲဆန္ဒနယ် (၃)တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်၊ ရန်ကင်း၊ မဲဆန္ဒနယ် (၄)တွင် ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ မဲဆန္ဒနယ် (၅)တွင် လှိုင်သာယာ၊ အင်းစိန်၊ မဲဆန္ဒနယ် (၆)တွင် မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်တို့ ပါဝင်ကြကြောင်း သိရသည်။

အဆိုပါ ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ် (၁) မှ ဦးဝင်းမြင့်သန်း၊ မဲဆန္ဒနယ် (၂)မှ ဦးသူရအောင်၊ မဲဆန္ဒနယ် (၃)မှ ဦးစိုးလွင်၊ မဲဆန္ဒနယ် (၄)မှ ဦးစိန်အုန်း၊ မဲဆန္ဒနယ် (၅)မှ ဒေါ်နန့်စုရွှေစင်နှင့် မဲဆန္ဒနယ် (၆)မှ ဦးမင်းဟန်တို့ အသီးသီး အနိုင်ရရှိခဲ့ရာ ၎င်းတို့၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြလိုက်ပါသည်။

**မင်းသစ်(MNA)**



**မဲဆန္ဒနယ်** - အမှတ်(၁)
**အမည်** - ဦးဝင်းမြင့်သန်း
**အသက်** - ၅၆ နှစ်
**လူမျိုး/ဘာသာ** - ဗမာ/ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း**- အာဆီယံ ပဋိညာဉ်ခံ အင်ဂျင်နီယာမဟာဘွဲ့ (စီးပွား/စီမံ)B.E Chem
**အလုပ်အကိုင်**- စစ်မှုထမ်း(ငြိမ်း)



**မဲဆန္ဒနယ်** - အမှတ်(၂)
**အမည်** - ဦးသူရအောင်
**အသက်** - ၄၁ နှစ်
**လူမျိုး/ဘာသာ** - ဗမာ/ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** - ပထမနှစ် (ပထဝီဝင်)
**အလုပ်အကိုင်** - အရောင်းအဝယ်



**မဲဆန္ဒနယ်** - အမှတ်(၃)
**အမည်** - ဦးစိုးလွင်
**အသက်** - ၆၅ နှစ်
**လူမျိုး/ဘာသာ** - ဗမာ/ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** - B.E (Mining)
**အလုပ်အကိုင်** - ကိုယ်ပိုင်ရော်ဘာခြံ စိုက်ပျိုးရေးလုပ်ငန်း



**မဲဆန္ဒနယ်** - အမှတ်(၄)
**အမည်** - ဦးစိန်အုန်း
**အသက်** - ၆၁ နှစ်
**လူမျိုး/ဘာသာ** - ဗမာ/ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** - B.Sc (Forestry)
**အလုပ်အကိုင်** - ဓာတ်ပုံဆရာ



**မဲဆန္ဒနယ်** - အမှတ်(၅)
**အမည်** - ဒေါ်နန့်စုရွှေစင်
**အသက်** - ၄၅ နှစ်
**လူမျိုး/ဘာသာ**- ကရင်/ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** - B.Sc (Botany) DMA, EMBA
**အလုပ်အကိုင်** - Chairman, Mandalar Waddy Co., Ltd.



**မဲဆန္ဒနယ်** - အမှတ်(၆)
**အမည်** - ဦးမင်းဟန်
**အသက်** - ၅၇ နှစ်
**လူမျိုး/ဘာသာ**- ဗမာ/ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** - B.E (Civil)
**အလုပ်အကိုင်** - ကန်ထရိုက်

❍ **ကျောဖုံးမှ**

**ရန်ကုန် (မြန်မာ) - တစ်ဂိုး**
**ဟန္နိုင်း (ဗီယက်နမ်) - ဂိုးမရှိ**

ယခုရာသီ AFC Cup ပြိုင်ပွဲတွင် ရုန်းကန်နေရသည့် ရန်ကုန်အသင်းသည် တတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန်အတွက် လူစုံအသုံးပြုခဲ့ပြီး အဝေးကွင်းဖြစ်သောကြောင့် ဂိုးမပေးရရန် အဓိကထားကစားကာ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ၄၁ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး ဟန္နိုင်းနောက်ခံလူ၏ အမှားမှတစ်ဆင့် မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၅၄ မိနစ်တွင် ဟန္နိုင်းအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ငုယင်ဗန်ကူယက် ကန်သွင်းသော်လည်း လွဲချော်ခဲ့၍ ရန်ကုန်အသင်း သက်သာခဲ့ရသည်။

အုပ်စု (F) အခြားပွဲတွင် တမ်ပနိစ်ရီဗာ (စင်ကာပူ) က နာဂါဝေါ (ကမ္ဘောဒီးယား) ကို အဝေးကွင်းတွင် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းအုပ်စုတွင် တမ်ပနိစ်ရီဗာအသင်းက ခုနစ်မှတ်၊ ဟန္နိုင်းအသင်းက လေးမှတ်၊ ရန်ကုန်နှင့် နာဂါဝေါအသင်းက သုံးမှတ်စီ ရထားသည်။

**ရှိုင်းထက်ဇော်**

❖ **၂၀၂၀ အိုလံပစ်မှ**

**နောက်တန်း** ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်မျိုးဝင်း(အား/ကာသိပ္ပံ)၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ **အလယ်တန်း** ခင်မာလာထွန်း၊ နုနု (အား/ကာသိပ္ပံ)၊ ငယ်ငယ်ထွေး၊ ခင်မိုးဝေ၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ ရူပါခိုင် (မြဝတီ)၊ **ရှေ့တန်း** ရီရီဦး(အား/ကာသိပ္ပံ)၊ ဝင်းသိင်္ဂီထွန်း (မြဝတီ)နှင့် ဂျူလိုင်ကျော် (သစ္စာအားမာန်) တို့ ပါဝင်ကြသည်။ အပြီးသတ်ရွေးချယ်ရာတွင် ဒဏ်ရာရနေသည့် ဂိုးသမား ဇာဇာမြင့် အပါအဝင် လှယဉ်ဝင်း၊ ဇင်ဇင်နိုင်နှင့် သင်းသင်းယုတို့ ချန်လှပ်ခံရသည်။ မြန်မာအမျိုးသမီးအသင်းတွင် ဒဏ်ရာရကစားသမားများရှိနေသောကြောင့် နည်းပြချုပ် ဦးဝင်းသူမိုးသည် အပြီးသတ်လူစာရင်းကို မေ ၂ ရက်မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းတွင် တောက်လျှောက်ပွဲထွက်ခွင့်ရနေသည့် ဂိုးသမား ဇာဇာမြင့်သည် ခြေစစ်ပွဲစတင်ခါနီး ရက်ပိုင်းအလိုတွင် လေ့ကျင့်ရေးကွင်း၌ရခဲ့သည့် ခါးဒဏ်ရာကြောင့် ခြေစစ်ပွဲကို လွဲချော်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲ အုပ်စု (က) ပွဲစဉ်များကို မေ ၃ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် အိန္ဒိယအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (က) တွင် အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေပြီး ထိပ်ဆုံးတစ်သင်းသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်သွယ်ထားသည့် ပလက်ဝ-မီဇိုရမ် နှစ်လမ်းသွားကားလမ်း ဖောက်လုပ်နေသော ဆုထူးစံကုမ္ပဏီမှ ဝန်ထမ်းများအား AA အဖွဲ့က ဖမ်းဆီး

**နေပြည်တော် မေ ၂**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်သွယ်ထားသည့် ပလက်ဝ-မီဇိုရမ် နှစ်လမ်းသွားကားလမ်း ဖောက်လုပ်လျက်ရှိသည့် ဆုထူးစံကုမ္ပဏီမှ ဝန်ထမ်းရှစ်ဦးအား မတ် ၃၀ ရက်တွင် AA အဖွဲ့များက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

**လမ်းဖောက်လုပ်နေမှုအား နှောင့်ယှက်**

ဖြစ်စဉ်မှာ အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများသည် ပလက်ဝမြို့နယ် တွင်းကင်းအလေောင်းကျေးရွာ၌ အခြေပြု၍ လမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိစဉ် မတ် ၃၀ ရက်က AA အဖွဲ့ ၁၇၀ ခန့် ရောက်ရှိလာပြီး ဦးလှမျိုးအောင်အပါအဝင် ၁၃ ဦးကို ဖမ်းဆီးချုပ်နှောင်ထားကာ လမ်းဖောက်လုပ်နေမှုအား နှောင့်ယှက်ခဲ့ကြောင်း။

အဆိုပါ ဖမ်းဆီးခံရသူ ၁၃ ဦးအနက် ပလက်ဝမြို့နယ် ယီးလာဝကျေးရွာနေ ဦးဝေဖြိုးနှင့် ၎င်း၏ဇနီး ဒေါ်နုချေ၊ မော်လမြိုင်မြို့နေ ဦးဖိုးကျော်နှင့် ၎င်း၏ဇနီး ဒေါ်မိုးမိုးမြင့်နှင့် မော်လမြိုင်မြို့နေ ဦးဇော်ဝင်းကိုတို့ ငါးဦးမှာ မေ ၁ ရက် ညနေ ၃ နာရီခန့်တွင် ပြန်လည်လွတ်မြောက်၍ ပလက်ဝမြို့သို့ ရောက်ရှိလာခဲ့ကြောင်း၊ ၎င်းတို့အား မေးမြန်းချက်အရ မတ် ၃၀ ရက် ညနေ ၃ နာရီခန့်တွင် AA အဖွဲ့များ ရောက်ရှိလာကာ ကုမ္ပဏီပိုင် ဟိုင်းလတ်အဖြူရောင်ကားတစ်စီး၊ မြေကော်စက်တစ်စီးနှင့် ဆိုင်ကယ်သုံးစီးတို့အား မီးရှို့ဖျက်ဆီးခဲ့ပြီး ၎င်းတို့အား ဖမ်းဆီးချုပ်နှောင်ထားခဲ့ကြောင်း၊ မေ ၁ ရက်တွင် ၎င်းတို့ ငါးဦးအား ပြန်လည်လွှတ်ပေးခဲ့ပြီး ကျန်ရှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါလမ်းပိုင်းပေါ်တွင် ပလက်ဝတံတားစီမံကိန်း ဆောင်ရွက်လျက်ရှိပြီး ၎င်းတံတားစီမံကိန်းအတွက် အသုံးပြုရန်လိုအပ်သော ပစ္စည်းကိရိယာများ တင်ဆောင်လာသည့် သင်္ဘောအား မတ် ၁၆ ရက် နံနက်ပိုင်းတွင် AA အဖွဲ့က လက်နက်ငယ်များနှင့်ပစ်ခတ်၍ ရေယာဉ်ဝန်ထမ်းများအား ကမ်းပေါ်သို့ ခေါ်ဆောင်ကာ ရေယာဉ်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း။

အလားတူ ပလက်ဝမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကင်းတလင်းနှင့် ခမောင်းဝကျေးရွာတို့မှ မူလတန်းကျောင်းသားကျောင်းသူ ၃၈ ဦးအပါအဝင် ရခိုင်တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသား စုစုပေါင်း ၂၀၀ ခန့်အား AA အဖွဲ့က ဖေဖော်ဝါရီ ၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ အဓမ္မလူသစ်စုဆောင်း ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

**အဓမ္မလူသစ်စုဆောင်းလျက်ရှိ**

AA အဖွဲ့များသည် ဒေသတည်ငြိမ်မှု ပျက်ပြားစေရန် အရပ်ဘက်ပစ်မှတ်များအပေါ် ခြိမ်းခြောက်ကာ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လက်နက်အားကိုးဖြင့် အဖျက်အမှောင့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဒေသခံပြည်သူလူထုကိုလည်း ခြိမ်းခြောက်အကျပ်ကိုင် အဓမ္မလူသစ်စုဆောင်းလျက်ရှိကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာနေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**






**လေပြင်းတိုက်ခတ်မှုကြောင့် ကံမမြို့နယ်တွင် နေအိမ် ၁၇ လုံးနှင့် စာသင်ကျောင်းဆောင်တစ်ဆောင် အမိုးလန်ပျက်စီး**

**ကံမ မေ ၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် ယနေ့ညနေ ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၇ လုံးနှင့် စာသင်ကျောင်းဆောင်တစ်ဆောင်တို့ အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျွန်းကလေးကျေးရွာ၌ နေအိမ် ၁၂ လုံး၊ ထောက်ရှာခုံကျေးရွာ၌ နေအိမ်နှစ်လုံး၊ ဝန်လိုကိုင်းကျေးရွာ၌ နေအိမ်နှစ်လုံး၊ ထန်းလေးပင်ကျေးရွာ၌ နေအိမ်တစ်လုံးနှင့် စာသင်ကျောင်းဆောင်တစ်ဆောင်တို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

# ကသာအကျဉ်းထောင်၌ အမှုစစ်ဆေးဆဲတရားခံထံ လာပို့သောအထုပ်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကသာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အကျဉ်းထောင်အတွင်းရှိ အမှုစစ်ဆေးဆဲတရားခံထံ လာရောက်ပို့ဆောင်သည့်အထုပ်အတွင်းမှ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က ကသာမြို့ အကျဉ်းထောင်တာဝန်ခံဦးစီးအရာရှိ ဦးအောင်မြင့်စိုးက အကျဉ်းထောင်အတွင်း အမှုစစ်ဆေးဆဲတရားခံအား လာရောက်ပို့ဆောင်ပေးသောအထုပ်အား မသင်္ကာ၍ ကသာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ ကသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကသာအကျဉ်းထောင်အတွင်း သွားရောက်စစ်ဆေးရာ ကသာမြို့နယ် ပိန္နဲချောင်ကျေးရွာနေ ကျော်ဝင်းက ကသာအကျဉ်းထောင်အတွင်း အမှုစစ်ဆေးဆဲတရားခံ ကသာမြို့နယ် ပိန္နဲချောင်ကျေးရွာနေ စိုးမင်းခန့်ထံလာပို့သော စားသောက်ဖွယ်ရာအထုပ်အတွင်းရှိ ပေါင်ဒါဘူးအတွင်း သိုဝှက်ယူလာသော ဘိန်းဖြူ ၁၅ ဂရမ်ခန့် (ကာလတန်ဖိုး ၁၅ သိန်းခန့်)ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် အကျဉ်းထောင်အတွင်း ဘိန်းဖြူခိုးသွင်းသူ ကျော်ဝင်းနှင့် စိုးမင်းခန့်တို့အား ကသာမြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်ရဲတပ်ဖွဲ့**

## မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရွှေဂူဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် ယာဉ်နှစ်စီးပေါ်မှ တရားမဝင်သစ် ၆ ဒသမ ၇၆၉၂ တန် သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်ပြည်နယ် ရေးမြို့နယ် ရေတံခွန်တောင် တောလမ်းဖောက်လုပ်ထားသည့် နေရာမှ တရားမဝင်သစ် ၃၉ ဒသမ ၅၁၄၂ တန်၊ မြေကော်စက်တစ်စီး၊ မော်တော်ယာဉ်တစ်စီး၊ လက်ကိုင်စက်လွှတစ်လက်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှ တရားမဝင်ကျွန်းခွဲသား ၃၃ ချောင်း (၁ ဒသမ ၄၄၈၆ တန်)ကိုလည်းကောင်း၊ ရှမ်းပြည်နယ် သီပေါမြို့နယ်အတွင်း တရားမဝင် ထောက်ကြံ့သစ်လုံး ၆၀ (၂၀ ဒသမ ၇၇၈၀ တန်)တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်တရားခံများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ကော့ကရိတ်တွင် မူးယစ်ဆေးဝါးများ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီး

**ကော့ကရိတ် မေ ၂**

ကော့ကရိတ်မြို့နယ် အမှတ် (၅) ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ အမျိုးသမီးတစ်ဦးကို မေ ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကော့ကရိတ်မြို့မရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးသတင်းအရ ကော့ကရိတ်မြို့မရဲစခန်းမှ ဒုစရိုက်မှုနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ကျော်မင်းဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက အထက်ပါလိပ်စာနေ မအေးအေးစိုး (ခ) ဖရီဒါ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်ရှိ ပလတ်စတစ်ဖျာအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ မအေးအေးစိုးအား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဇလွန်မြို့နယ်၌ ဝိုင်ယာရှော့မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ဇလွန် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လမ်းမတော်တောင်ရပ်ကွက် သီရိမင်္ဂလာလမ်းတွင် နေထိုင်သူ ဒေါ်မာမာအေး၏နေအိမ်တွင် မေ ၂ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်ခန့်က မီးဖိုချောင်အတွင်း လျှပ်စစ်ဒယ်အိုးအား ဖွင့်ထားရာမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝေယံ-ဇလွန်(ပြန်/ဆက်)**



# ဈေးကွက်ဝင်ကြ - ဆေးဖက်ဝင်ကြပါစေသော်

■ ခင်မောင်ညို(ဘောဂဗေဒ)

တစ်လောက မြိတ်(ဘိတ်)ကို အရပ်ဘက်အဖွဲ့အစည်းတစ်ခုရဲ့အစီအစဉ်နဲ့ ရောက်ခဲ့ရတယ်။ ကိုယ်ရောက်နေတဲ့အချိန်မှာ အငယ်စား၊ အသေးစား၊ အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းလေးတွေနဲ့ ပတ်သက်လို့ ပြပွဲ၊ ပြိုင်ပွဲတစ်ခုလုပ်နေတာနဲ့ သွားတိုးတယ်။ ဒါနဲ့ကြုံကြိုက်လို့ သွားကြည့်တယ်၊ ဆွေးနွေးပွဲတစ်ခုကို သွားနားထောင်တယ်။ ကြွားတဲ့အသံ ကြားရမလား၊ ညည်းတဲ့အသံကြားရမလား သိချင်တာကိုး။ တကယ်တော့ ကြွားမယ်ဆိုလည်း ကြွားထိုက်တာတွေ၊ ညည်းမယ်ဆိုလည်း ညည်းညူထိုက်တဲ့အသံတွေ တကယ်ရှိတာမှန်ပါတယ်။ ဒေသရဲ့အခင်းအကျင်းအရ တခြားနိုင်ငံနဲ့နီးစပ်လေတော့ ဒါကလည်း အခွင့်အလမ်းတစ်ခု ဖြစ်နိုင်သလို၊ စိန်ခေါ်မှုဖြစ်နိုင်တာတွေကိုလည်း ဆွေးနွေးမိတယ်။ အစည်းအဝေးတွေရဲ့ထုံးစံအတိုင်း ဖွင့်ပွဲလောက်သာ လူအပြည့်၊ ခုံအပြည့်ရှိတတ်ကြတာမို့ ပြောချင်သူတွေ၊ ပြောစရာတွေ ရှိနေပေမယ့် လက်ခံမယ့်သူ၊ နားထောင်မယ့်သူမရှိတဲ့အဖြစ်မျိုးကလည်း ခဏခဏကြုံတွေ့ရပါတယ်။ ဥပမာ မူပိုင်ခွင့်ကိစ္စလိုမျိုးကို ဒေသခံတွေက သူတို့နဲ့ သိပ်ပြီး သက်ဆိုင်တယ် မထင်ကြဘူး။ ဒါပေမယ့် နေပြည်တော်မှာလုပ်တဲ့ ပြပွဲတစ်ခုမှာတော့ ကုန်ပစ္စည်းရဲ့အမှတ်တံဆိပ်ဟာ နိုင်ငံတကာသုံး အမှတ်တံဆိပ်တစ်ခုဖြစ်နေလို့ ဘယ်လိုမှ ဆုပေးဖို့ မစဉ်းစားနိုင်တာကြုံခဲ့ရတယ်။

မြိတ်က ပွဲမှာကြုံခဲ့တဲ့ တာဝန်ရှိသူတွေက နေပြည်တော်ပွဲအတွက် ကြိုဖိတ်သွားကြတယ်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲမှာပါဝင်ဖို့၊ ပြီးတော့ ခေါင်းစဉ်တစ်ခုနဲ့ ပြောဖို့တဲ့။ ရတယ်လေ၊ ပြောတာပေါ့။ ဘာပြောမလဲမေးတော့ အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ကိုယ့်လုပ်ငန်းကိုယ် ဘယ်လိုကူညီနိုင်မလဲဆိုတဲ့အကြောင်း ပြောမယ်လို့။ ဘာဖြစ်လို့လဲဆိုတော့ အများအားဖြင့် ချေးငွေရဖို့၊ အခြားအကူအညီတွေပေးဖို့ ခဏခဏ ပြောသံကြားရတယ်။ လိုအပ်တာလည်း အမှန်ပဲ။ ဒါပေမယ့် တခြားအကူအညီရဖို့ဆိုတာ ထင်သလောက် မလွယ်ဘူး။ လောလောဆယ်လုပ်နိုင်တဲ့ကိစ္စက ကိုယ့်လုပ်ငန်းထဲမှာ ကိုယ်ဘာတွေလုပ်နိုင်သေးသလဲ၊ ဘာတွေလုပ်ဖို့ ကျန်နေသေးသလဲ၊ ဘာတွေလုပ်မလဲဆိုတာတွေပဲလေ။ တစ်နည်းပြောရရင်တော့ အကူအညီတောင်းတာလည်းတောင်း၊ ကိုယ့်ကိစ္စကိုယ် အရင်စလုပ်ကြဖို့ ကိုယ်ကစကြပေါ့။

၂၂.၃.၂၀၁၉ ရက်နေ့က ဖွင့်ပွဲလုပ်အပြီး ပြခန်းတွေလိုက်ကြည့်တယ်။ နယ်ကပြိုင်ပွဲတွေမှာ ဆုရပြီးသားလုပ်ငန်းတွေအားလုံး အညွန့်တွေ၊ အဖူးတွေ အားလုံးလိုလို ရောက်နေကြတာပါလား။ တချို့စိမ်းသပ်ဆဲ၊ ဈေးကွက်ရှာဆဲလုပ်ငန်းတွေလည်း အများကြီးပါတယ်။ သစ်အချောထည်လုပ်ငန်းက ပြထားတာတွေဆိုရင် ကိုယ့်မမြင်ဖူးတာတွေ အများကြီး။ သပွတ်အူကလည်း အသွင်သစ်၊ အမြင်သစ်တစ်ခုဖြစ်လို့၊ မြိတ်ကလာတဲ့ ကမ်းဇော်ဆီနဲ့ ငှက်သိုက်ဆိုင်တွေကလည်း အများသား။ ကမ်းဇော်ဆီကလည်း အရည်အတိုင်း သုံးစရာမလို၊ ဆေးလုံးတွေဖြစ်နေလို့ ကိုယ်တောင်မမှတ်မိ။ ကိုယ်သုံးနေကျ တိုင်းရင်းဆေးတွေလည်း တွေ့ရဲ့၊ ပြိုင်ပွဲဝင်တော့ တိုင်းရင်းဆေးဆိုတာ ဓာတုဗေဒဆေးဝါး (Pharmaceutical) မဟုတ်ဘူးလို့ ဆွေးနွေးတော့ လက်ရှိစက်ပစ္စည်းကိရိယာတွေနဲ့ ဓာတုဗေဒဆေးဝါးအဖြစ် ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ချက်ရှိကြောင်း သိရတယ်။ ဓာတုဗေဒပညာရှင်၊ အစားအသောက်နည်းပညာရှင်တွေကလည်း ဝိုင်းဝန်းအကြံပေးကြသတဲ့။

မန္တလေးက ကြေးသွန်းလုပ်ငန်းကြီးတစ်ခုကို ထူးထူးခြားခြားတွေ့ရလို့ ဝမ်းသာတယ်။ သူတို့ကလည်း အခုရုပ်တုတွေထုရာမှာ လေဆာနည်းပညာသုံး ပုံဖော်နိုင်ပြီတဲ့။ ရုပ်ပွားတော်တွေသာ ထုတ်လုပ်နိုင်တာမဟုတ်၊ အကြီးစားစက်ပစ္စည်းတွေကိုပါ ထုတ်လုပ်နိုင်တယ်ဆိုတာ သိစေချင်ပါသတဲ့။

ကိုယ့်ရဲ့အကြိုက်ဆုံး လက်ဖက်ခြောက်၊ ကော်ဖီမှုန့်နဲ့ လက်ဖက်တွေအကြောင်း အထွေအထူးမပြောတော့ပါဘူး။ ဒါပေမယ့် ရိုးပတီးကို အဆင်မြင့်မြင့်အသုံးချလာကြတာ၊ အရေးမပါဘူးလို့ထင်ရတဲ့ အောင်မည်းညို အပွင့်လေးတွေက ကိုယ်နားလည်ထားတာထက် ဆေးဖက်ဝင်၊ ဈေးကွက်ဝင်လာကြတာတွေ သတိထားမိပါတယ်။ ပခုက္ကူကလာတဲ့ ချည်ထည်လုပ်ငန်းတစ်ခုက ဆုရရှိခဲ့သလို လူသိနည်းတဲ့ ပခုက္ကူယိုစုံတွေ၊ ဖိနပ်တွေကိုလည်း မြင်ရတယ်။ ဖိနပ်ကို လျှော်ဖို့ Brush တစ်ခုထည့်ပေးတာတို့၊ အိတ်ကလေးနဲ့ ထည့်ပေးတာတို့ဆို ရိုးရိုးလေးနဲ့ ဆန်းသစ်လာတာပါ။

ဝဥ၊ ကုလားပဲ၊ ငါးခြောက်၊ ပဲလှော်၊ ပဲကြော်လုပ်ငန်းတွေဆိုရင် တွေ့ရလိမ့်မယ်လို့တောင် ထင်မထားပါဘူး။ ဆန်ဆိုရင် ကိုယ့်မျက်စိထဲမှာ မဆန်းပေမယ့် အားဖြည့်ဆန်တဲ့၊ ဆီးချိုသမားတွေအတွက် ဆန်တဲ့။ ပဲခူးက ငါးဖယ်ချဉ်တောင် ပါလိုက်သေး။ မကွေးကလာတဲ့အထဲ အမေထွားပဲဆီသန့်တို့ ပါသလို သားသား ဆန်ပြုတ်ကလည်း လူတွေစိတ်ဝင်စားကြသား။ ဘက်ထရီအားသုံးမော်တော်ကားတွေ၊ ယန္တရားတွေ၊ အခြောက်ခံစက်ကြီးတွေကတော့ ကိုယ်သိပ်နားမလည်။ ဆုရတဲ့အထဲမှာ မော်တော်ကားသုံး Gascad ထုတ်လုပ်တဲ့လုပ်ငန်းကလည်း ပြည်ပပို့ရသတဲ့။ လှော်တက်ကုမ္ပဏီရဲ့ ငါးမျှားတံဝါးတွေကလည်း ပြည်ပပို့ကုန်ပဲ။ ရေသန့်စက်တွေလည်းပါရဲ့။ အေးသာယာဝိုင်အပြင် ဆိုဂျူကိုလည်း ပရိသတ်တွေ အားပေးကြတယ်။ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်တွေလည်း မျက်နှာပွင့်ရဲ့။ နေပြည်တော်ရဲ့နာမည်ကျော် နန်းစိန်မုန့်လုပ်ငန်းလည်း ပါသေးတယ်။ အမျိုးသမီးတွေကတော့ ပိုးထည်၊ ချည်ထည်တွေ၊ ကွန်ပျူတာပန်းထိုးတွေကို စိတ်ဝင်စားကြတယ်။ အမယ် ပညာရေးသင်ထောက်ကူပစ္စည်းဆိုင်ရှေ့မှာတော့ ကျောင်းပိတ်ရက်မို့ ကလေးတွေရော၊ ကလေးမိဘတွေရော ဝိုင်းနေကြတယ်။ ချင်း၊ ကချင်၊ ရှမ်းရိုးရာ အထည်ဆိုင်တွေလည်း အရောက်လာကြတာ စရိတ်မှ ကျေကြရဲ့လားမသိ။ ပယင်းဆိုင်တချို့က ၁၂ ပွဲဈေးသည်လို ကျောက်မျက်ပွဲက ကူးလာတာတဲ့။ ပယင်းက ခေါင်းအုံးသာမဟုတ်၊ လိုက်ကာတွေ၊ ဆေးဝါးတွေ၊ မွေ့ရာတွေ၊ အလှကုန်ပစ္စည်းတွေဖြစ်ကုန်ပြီ။ ပယင်းနဲ့လုပ်ထားတဲ့ အင်္ကျီတောင် တွေ့ခဲ့ရသေး။ အချို့ဆိုင်တွေက အပေါ်ထပ်မှာ လူအရောက်အပေါက်နည်းလို့ အရောင်းမသွက်ဘူးတဲ့။ ထန်းလျက်မှုန့်က ဆုတစ်ဆုဝင်ရသွားသေး။

သူများမပြောနဲ့၊ နှစ်ပတ်၊ သုံးပတ်ပတ်နေတဲ့ ကိုယ်တောင် ပြခန်းတွေမစုံ။ မမှတ်မိတာတွေလည်းရှိ။ တစ်ပတ်ပတ်လိုက်ရင် ဝိုင်းပြီးလက်ဆောင်တွေပေးကြတာ မသယ်နိုင်လို့ နီးရာဆိုင်မှာ ထားပစ်ခဲ့ပြီး ပြီးမှပြန်သိမ်းရတယ်။ ဗိုက်ထဲမှာလည်း လက်ဖက်ရည်၊ ကော်ဖီ၊ ဖျော်ရည်အစုံဝင်နေတာ ဘာမှုမဖြစ်လို့တော်သေး။ ထူးထူးခြားခြား မိတ်ဟောင်းဆွေဟောင်းတွေဖြစ်တဲ့ ကာဘော်လစ်တို့၊ ရွှေဝါတို့ကိုလည်း ပြန်တွေ့ခဲ့ရပါတယ်။ သူတို့ခေတ် ရှိသေးထင်ပါရဲ့။

ရန်ကုန်မှာလုပ်ရင် လာရောက်အားပေးမယ့် ပရိသတ်တွေ ပိုများလေမလား။

ပြခန်းတွေထဲမှာ လူငယ်လုပ်ငန်းရှင်တွေ အတော်များများတွေ့ရတာလည်း ဝမ်းသာမိပါတယ်။ ဒါပေမယ့် သူတို့ခမျာ ပြခန်းတစ်ဖက်နဲ့မို့ ထင်ပါရဲ့။ ဆွေးနွေးပွဲတွေ၊ ဗဟုသုတ မျှဝေပွဲတွေမှာတော့ များများစားစား မတွေ့ရ။ ဆွေးနွေးပွဲတွေနဲ့ ပြိုင်ပွဲတွေ၊ အချိန် တိုက်ဆိုင်နေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ အသိဉာဏ်ပညာ မူပိုင်ခွင့်တွေ၊ ချေးငွေကိစ္စတွေ၊ စားသောက်ကုန်တွေနဲ့ ပတ်သက်လို့ Food and Drug Agency က လက်မှတ်ထုတ်ပေးတဲ့ အကြောင်းအရာတွေဟာ သိသင့်သိထိုက်တဲ့ ကိစ္စတွေပါ။

စီးပွားကူးသန်း ဒုတိယဝန်ကြီး ပြောသွားသလို ချေးငွေတွေ ပေးချင်ပေမယ့် ချေးငွေတွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကိုပဲပေးနိုင်တယ်။ အခြေခံစာရင်းကိုင်စနစ်က မရှိ။ လုပ်ငန်းတွေရဲ့ ရှေ့ရေးအစီအစဉ်နဲ့ ချေးငွေ ချေးငှားမှုမှတ်တမ်းလည်း မရှိတဲ့လုပ်ငန်းတွေကို ဘယ်ဘဏ်ကမှ စွန့်စားပြီး မချေးလို၊ ဆုံးရှုံးနိုင်ချေများတော့ အာမခံမယ့်သူ မရှိ။ အာမခံမရှိတော့ အတိုးနှုန်းတွေကြီး၊ နည်းပညာရရှိဖို့ကလည်း ဝေး၊ ဒေသဈေးကွက်ကလွဲလို့ ကျန်တဲ့ဈေးကွက်တွေမှာ ယှဉ်ပြိုင်နိုင်စွမ်းအားကနည်းနေကြတာကိုး။

ဘယ်လိုပဲ အခက်အခဲရှိရှိ ကိုယ်ထူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးပြီး ဒီအချိန်၊ ဒီနေရာအထိ ရောက်လာကြတဲ့ လုပ်ငန်းတွေကို အသိအမှတ်ပြုရမှာပါ။ ဆုရတဲ့လုပ်ငန်းတွေကို အသိအမှတ်ပြုတံဆိပ်သုံးစွဲခွင့်ပြုမယ်ဆိုတော့ ချေးငွေလေးပါပေးလိုက်ရင် မကောင်းဘူးလား။ ဝင်ပြီးလျှောက်ရုံမိတော့မှ ချေးငွေထုတ်ချေးခွင့် လက်မှတ်ပါတစ်ပါတည်းပေးလိုက်မယ်ဆိုတဲ့ အစီအစဉ်ကောင်းကို ကြားသိရတယ်။ တကယ်တမ်းလည်း ဆုပေးပွဲမှာ တစ်ပါတည်းပေးလိုက်တာ တွေ့ရတယ်။ ဆုပေးရာမှာ ဆုရတာ၊ မရတာ အဓိကမကျ၊ ယှဉ်ပြိုင်ခြင်းသာ အဓိကကျတယ်လို့ ဆိုရပေမယ့် ယှဉ်ပြိုင်တာ ကိုက ဆုရချင်လို့ မဟုတ်လား။ နောင်ဆိုရင် ဆုတွေ ပိုပေးပြီး အမျိုးအစားတွေခွဲပေးနိုင်ရင် ပိုကောင်းလေမလားလို့ ဘေးက လေ့လာသူတစ်ယောက်အနေနဲ့ စေတနာဖြစ်မိပေမယ့် လက်တွေ့လုပ်တဲ့သူတွေတော့ ဘာတွေ အခက်အခဲ ရှိကြမယ်မသိ။ ချေးလည်း ချေးချင်ပါရဲ့၊ ယူလည်း ယူချင်ပါရဲ့ဆိုပေမယ့် ၁၀ ရာခိုင်နှုန်းလောက်ပဲ အလုပ်ဖြစ်နေတာဆိုတော့ နှစ်ဖက်စလုံးက အလျှော့အတင်းလုပ်ကြရင် ဒီထက် အလုပ်ဖြစ်နိုင်ကောင်းပါရဲ့။ ဂျပန်ကပေးတဲ့ ချေးငွေက အများဆုံး ငါးနှစ်အထိ သန်း ၅၀၀ အထိချေးနိုင်တာ ဆိုတော့ အလုပ်ဖြစ်နိုင်တယ်။ လုပ်ငန်းရှင်တွေက နှစ်တိုပဲ ချေးချင်ကြတာကို တာဝန်ရှိသူတွေက လုပ်ငန်းအကောင်အထည်ဖော်ဖို့နဲ့ ပြန်ဆပ်ဖို့အတွက် အချိန်ရအောင် နှစ်ရှည်ချေးကြဖို့ အကြံပြုကြတာကိုလည်း ကြားခဲ့ရပါတယ်။

စာမျက်နှာ ၁၆ သို့ ❖

“ကိုယ့်အားကိုယ်ကိုးတဲ့ လုပ်ငန်းတွေကို အခြားလုပ်ငန်းများ၊ အဖွဲ့အစည်းများကလည်း ကူညီဝိုင်းဝန်းချင်တဲ့ စိတ်စေတနာတွေ ပေါ်ပေါက်လာကြမှာအမှန်ပါ။ ပေးချင်တဲ့သူနဲ့ ယူချင်တဲ့သူတွေ အချိတ်အဆက်မိအောင် ဒီလို ပြပွဲ၊ ပြိုင်ပွဲတွေက လုပ်ပေးနိုင်ပါတယ်”



မတ် ၂၃ ရက်က ကျင်းပသော နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်)တွင် ခင်းကျင်းပြသထားသည့် ထန်းနှင့် သစ်အချောထည် ပရိဘောဂပြခန်းကို တွေ့ရစဉ်။

❖ စာမျက်နှာ ၁၅ မှ

စက်ဝယ်တာ၊ စက်ရုံတည်ဆောက်တာ၊ စက်ရုံအဆင့်မြှင့်တာ စတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်တွေအတွက် ဦးစားပေးချေးပေးမယ့် လည်ပတ်စရိတ်အခက်အခဲရှိနေတဲ့လုပ်ငန်းတွေကလည်း ရှိနေပြန်သေးတယ်။ စိတ်ဝင်စားစရာကောင်းတာက ဂျပန်ချေးငွေက အိမ်ခြံမြေငွေကြေးနဲ့ ဘဏ်လုပ်ငန်း၊ သတ္တုလုပ်ငန်း၊ အရက်ဆိုင်နဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေ၊ လက်နက်တွေနဲ့ပတ်သက်လို့ မချေးသလို လယ်သမားတွေကိုလည်း မချေးပါဘူး။ (စိုက်ပျိုးရေးဘဏ်ကတစ်ဆင့်ချေးတာ ရှိနေလို့ မချေးပေမယ့် လယ်ယာလုပ်ငန်းနဲ့ ဆက်နွှယ်နေတဲ့ ဆန်စက်၊ ဆီစက်၊ အစားအစာလုပ်ငန်းတွေအတွက် ချေးပါတယ်)

မြန်မာ့စီးပွားရေးဘဏ်က အပေါင်နဲ့ချေးထားတဲ့ လုပ်ငန်း ၉၀ လောက်၊ အပေါင်မပါ CGI အာမခံစနစ်နဲ့ ချေးတာက ၁၈၅ ခု စုစုပေါင်း ၂၇၅ ခု သန်းပေါင်း တစ်သောင်းခွဲနီးပါးထုတ်ချေးထားတာကို တွေ့ရတယ်။ ချေးငွေက တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်နဲ့ ပြည်နယ်တွေ အများဆုံးရကြတယ်။ သက်တမ်း သုံးနှစ်ကနေ ငါးနှစ်အထိ အပေါင်ပစ္စည်းပါရင် ကိုးရာခိုင်နှုန်း အတိုးနှုန်းနဲ့ သန်း ၃၀၀ အထိ ထုတ်ချေးတာ တွေ့ရတယ်။ ကုန်ထုတ်လုပ်ငန်း၊ ထုတ်လုပ်ရောင်းဝယ်လုပ်ငန်း၊ ပြည်ပပို့ကုန်လုပ်ငန်း၊ သွင်းကုန်အစားထိုးလုပ်ငန်း၊ လောင်စာချွေတာ၊ ပြန်လည်သုံးစွဲ (Recycle) လုပ်ငန်းတွေ၊ နည်းပညာအခြေခံ ထုတ်လုပ်ဝန်ဆောင်မှုလုပ်ငန်းတွေကို ဦးစားပေး ထုတ်ချေးတာတွေ့ရတယ်။ CGI အာမခံစနစ်နဲ့ ချေးတာကတော့ အများဆုံး သိန်း ၂၀၀ အထိ၊ လောလောဆယ်မှာထုတ်ချေးတာ တွေ့ရတယ်။ ဒီစနစ်က အာမခံပစ္စည်းလုံလုံလောက်လောက် မပေးနိုင်သူတွေနဲ့ လုံးဝမပေးနိုင်သူတွေကို မြန်မာ့အာမခံလုပ်ငန်းက ငွေကြေးပမာဏတစ်ခုအတွက် ထောက်ခံပြီး ချေးငွေအာမခံလက်မှတ်ထုတ်ပေး၊ ချေးပေးတဲ့ စနစ်ဖြစ်ပါတယ်။

အစားအသောက်နဲ့ ဆေးဝါး၌ာနက အစားအစာနဲ့ ပတ်သက်တဲ့ ဆွေးနွေးချက်ကလည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။ အစားအသောက်ဆိုတာက စားသုံးသူရဲ့ ပါးစပ်ထဲ တိုက်ရိုက်ဝင်တဲ့ကိစ္စဖြစ်လေတော့ အလုပ်လုပ်တဲ့နေရာနဲ့ လူနေတာ သီးခြားစီဖြစ်ဖို့၊ အလုပ်လုပ်တဲ့သူတွေရဲ့ ကျန်းမာရေးကို စစ်ဆေးထားဖို့၊ အလုပ်လုပ်တဲ့အချိန် သီးခြားဝတ်စုံဝတ်ဖို့နဲ့ အဝတ်လဲခန်းရှိဖို့တွေပြောပြတယ်။

စိတ်ဝင်စားစရာက မြေအောက်ရေ(အဝီစိတွင်း)တူးဖို့ အခက်အခဲရှိတဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့တင်ပြချက်ပါ။ စမ်းချောင်းရေတွေ၊ ရေတွင်းရေတွေထက် အဝီစိရေက ပိုမိုသန့်ရှင်းတယ်ဆိုတဲ့ ဗဟုသုတတစ်ခုပါ ရလိုက်ပါတယ်။

မြန်မာနိုင်ငံမှာက အစားအသောက်လုပ်ငန်းတွေ များလေတော့ ပြည်တွင်းပဲစားစား၊ ပြည်ပပဲပို့ပို့ ကျန်းမာရေးနဲ့ ညီညွတ်သန့်ရှင်းတဲ့ အစားအသောက်တွေဖြစ်ဖို့ လိုပါတယ်။ တစ်နေ့တစ်နေ့ ဆေးဝါးတွေအချို့က ဆေးမဖြစ်ဘဲ ဘေးဖြစ်တာ၊ အစားအစာက ကျန်းမာရေးအတွက် အထောက်အကူမဖြစ်တာတွေ ခဏခဏ တွေ့နေရတယ် မဟုတ်လား။

ပြပွဲတစ်လျှောက် လှည့်လာကြည့်ပြီးတော့ အနည်းဆုံးတော့ အခုရောက်နေကြတဲ့လုပ်ငန်းတွေဟာ ငွေကြေးရဖို့၊ နည်းပညာရဖို့၊ ဈေးကွက်ဝင်ဖို့၊ ကိုယ့်အားကိုယ်ကိုးတဲ့လုပ်ငန်းတွေဖြစ်တာ တွေ့ရတယ်။ ကိုယ့်အားကိုယ်ကိုးတဲ့ လုပ်ငန်းတွေကို အခြားလုပ်ငန်းများ၊ အဖွဲ့အစည်းများကလည်း ကူညီဝိုင်းဝန်းချင်တဲ့စိတ်စေတနာတွေ ပေါ်ပေါက်လာကြမှာ အမှန်ပါ။ ပေးချင်တဲ့သူနဲ့ ယူချင်တဲ့သူတွေ အချိတ်အဆက်မိအောင် ဒီလိုပြပွဲ၊ ပြိုင်ပွဲတွေက လုပ်ပေးနိုင်ပါတယ်။

ကျွန်တော်တို့ရဲ့အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းလေးတွေ ဆက်လက်ရှင်သန်တိုးတက်နိုင်ကြပါစေ။ ဈေးကွက်လည်း ပြည်တွင်း၊ ပြည်ပမကျန် ဝင်ကြပါစေ။ ကိုယ့်ထုတ်ကုန်တွေက စားသုံးသူ၊ ထုတ်လုပ်သူတွေကို အကျိုးပြု ဆေးဖက်ဝင်ကြပါစေလို့ ပြပွဲကအပြန်မှာ ကျွန်တော်ဆန္ဒပြုခဲ့ပါတယ်။ ။

# ဂန့်ဂေါမြို့နယ်၌ လေဘေးဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်

**ဂန့်ဂေါ ဧပြီ ၂**

မိုးကြိုကာလများဖြစ်သည့် ဧပြီလနှင့် မေလများတွင် ဂန့်ဂေါမြို့နယ်၌ လေပြင်းများ တိုက်ခတ်လေ့ရှိသဖြင့် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး၌ာနမှ တာဝန်ရှိသူများနှင့်အတူ ပြစ်မကျေးရွာသို့ ယနေ့တွင် သွားရောက်ကွင်းဆင်း၍ အိမ်ခြေ ၅၈ လုံးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၅၀၀၀ စီဖြင့် လေဘေးဒဏ်ခံနိုင်ရန် လူနေအိမ်များကြိုတင်ပြင်ဆင်လျက်ရှိသည်ကို ကြည့်ရှုသည်။

"သုံးနှစ်တာကာလမှာ လေပြင်းတိုက်ခတ်မှုအများဆုံးဖြစ်ခဲ့တဲ့ကျေးရွာတွေကို ကွင်းဆင်းဆောင်ရွက်တာပါ၊ လေပြင်းအန္တရာယ် ကြံ့ကြံ့ခံနိုင်ရေးအတွက် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်း၊ လေဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ လူနေအိမ်တွေဖြစ်ဖို့ ကြိုတင်ပြင်ဆင်တဲ့အတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီး၌ာနက ကွင်းဆင်းဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး၌ာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## အနုပညာ

# အရီရန်နာဂရန်းဒ်ရဲ့တေးသီချင်းသစ် ထွက်ရှိ

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ တေးသီချင်းသစ်တွေကို ခပ်စိပ်စိပ်ထုတ်လွှင့်နိုင်ခဲ့တာ တွေ့ရပြီး လတ်တလောမှာတော့ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီတေးသီချင်းသစ် ထုတ်လွှင့်မှုနဲ့အတူ အရီရန်နာဂရန်းဒ်အပေါ် ပရိသတ်တွေရဲ့ဝေဖန်မှုတွေလည်း တစ်ဆက်တည်းပေါ်လာခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အရီရန်နာဂရန်းဒ်ရဲ့ တေးသီချင်းသစ် " Monopoly " ကို ပြီးခဲ့တဲ့ ဧပြီ ၁ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ဧပရယ်ဖူးလ်နေ့မှာတော့ အရီရန်နာဂရန်းဒ်က ပရိသတ်တွေကို စနောက်ခဲ့တာမဟုတ်ဘဲ သူ့ရဲ့ တေးသီချင်းသစ်ကို အမှန်တကယ် ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒီတေးသီချင်းသစ်မှာ အခြားသော တေးသံရှင်တစ်ဦးဖြစ်တဲ့ ဗစ်တိုးရီးယားမိုနက်လည်း အတူတွဲဖက်သီဆိုထားပါတယ်။ တေးသီချင်းစာသားတွေနဲ့ သရုပ်ဆောင်တဲ့ပုံတွေအရ အချို့သောပရိသတ်တွေက အရီရန်နာဂရန်းဒ်ဟာ လိင်တူစိတ်ဝင်စားသူတစ်ဦးလည်း ဖြစ်နိုင်ကြောင်း ဝေဖန်သံတွေ ပေါ်ထွက်ခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**




တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ အိုင်ယူဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ခြေချခဲ့ကာ နောက်ပိုင်းမှာတော့ ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ သရုပ်ဆောင်လောကမှာ အောင်မြင်မှုတွေ ရခဲ့ပြီးနောက် လတ်တလောမှာတော့ နက်ဖလစ်က ထုတ်လွှင့်ပြသသွားမယ့်ရုပ်ရှင်မှာ ပါဝင်ထားတာ ဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နက်ဖလစ်ရုပ်ရှင်ဟာ အိုင်ယူအတွက် ပထမဆုံး ရိုက်ကူးမယ့် ပွဲဦးထွက်ရုပ်ရှင်လည်း ဖြစ်ပါတယ်။ " Persona " လို့ အမည်ရတဲ့ အဆိုပါရုပ်ရှင်ဟာ ဇာတ်လမ်းတိုလေးခုကို ပြန်လည်ပေါင်းစည်းဖန်တီးသွားမယ့် ရုပ်ရှင်တစ်ကားလည်း ဖြစ်ပါတယ်။

" Persona " မှာ ပါဝင်ရိုက်ကူးခွင့်ရခဲ့တဲ့အပေါ် ခံစားချက်ကို အိုင်ယူက အစပိုင်းမှာ စိတ်လှုပ်ရှားမိခဲ့ကြောင်း၊ ဇာတ်လမ်းတိုလေးခုမှာ ပါဝင်ရမှာဖြစ်တာကြောင့် စိတ်လှုပ်ရှားရတဲ့အပြင် အဆိုပါရုပ်ရှင်ကို နက်ဖလစ်မှာ ထုတ်လွှင့်မှာဖြစ်တာကြောင့် ပိုမိုအံ့အားသင့်ခဲ့ရကြောင်း ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

# ဆယ်လီနာဂိုမက်ဇ်ရဲ့ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ပေါ့ပ်ကြယ်ပွင့်အဖြစ်အောင်မြင်ခဲ့ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း လှုပ်ရှားလာတဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ရုပ်ရှင်သစ်ကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ ဖုတ်ကောင်တွေအကြောင်း ရိုက်ကူးထားတဲ့ရုပ်ရှင် "The Dead Don't Die" မှာ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ထိတ်လန့်ဖွယ်ရုပ်ရှင်ဖြစ်ပေမယ့် ဟာသတွေနှောကာ ရိုက်ကူးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီရုပ်ရှင်မှာ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ ဇိုးလို့ အမည်ရတဲ့ ဇာတ်ကောင်နေရာကနေ ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

" The Dead Don't Die " ကို ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွင်း စတင်ရိုက်ကူးခဲ့တာပါ။ ချစ်သူဟောင်း ဂျက်စတင်ဘီဘာ ဟေးလေးဘော်ဝင်န်ကို လက်ထပ်ခွင့်တောင်းပြီးတဲ့အချိန်မှာ စတင်ရိုက်ကူးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဂျက်စတင်ဘီဘာက လတ်တလောမှာတော့ သူဟာ ဆယ်လီနာဂိုမက်ဇ်ကို ချစ်ခဲ့ကြောင်း၊ ချစ်နေမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ တစ်ချိန်တည်းမှာပင် ဇနီးဖြစ်သူ ဟေးလေးဘော်ဝင်န်ဟာ သူ့ဘဝအတွက် အကောင်းဆုံးဖြစ်တယ်လို့လည်း အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။ ဒီလိုဖော်ပြခဲ့မှုကြောင့် ဂျက်စတင်ဘီဘာအနေနဲ့ ဆယ်လီနာဂိုမက်ဇ်ပေါ် ခံစားချက်တွေ ရှိနေဆဲဖြစ်တယ်လို့ ဆိုရမှာပါ။



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မြစ်ကြီးနား မေ ၂**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁ ရက်တွင် ဗန်းမော်ခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၂၉ စုမှ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနား-ဗန်းမော်သွားခရိုင်ချင်းဆက်လမ်းမပေါ်ရှိ တံတားအမှတ် (၁/၄၂၈)၊ နန်ဆန်ယန်တံတား မြစ်ကြီးနားဘက်ခြမ်းရှိ ကမ်းကပ်ခံ့ချောင်းရေတိုက်စားမှုကြောင့် ရေကြောင်းလွှဲ ဆောင်ရွက်ထားရှိမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေနှင့် ဒေါ့ဖုန်းယန်မြို့ပတ်လမ်း ဆောင်ရွက်ရန်လျာထားသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဗန်းမော်မြို့တော်ခန်းမ၌ ပြည်သူများနှင့် တွေ့ဆုံပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် မူးယစ်ကင်းစင်ပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာဖို့ မျှော်မှန်းချက်ထားရှိကြောင်း၊ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ် မီးလင်းရေးတို့ကို ခရိုင်အလိုက် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ပြည်သူများအရေးကို အလေးထား စဉ်းစားဆောင်ရွက်ပေးမှသာ အများပြည်သူက ချစ်ခင်လေးစားပြီး အားကိုးယုံကြည်လာမှာဖြစ်ကြောင်း၊ အများပြည်သူ အားကိုးယုံကြည်မှသာ ပူးပေါင်းပါဝင်လာကြမှာဖြစ်ကြောင်း ပြောကြားသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗန်းမော်မြို့ ကမ်းနားလမ်းတစ်လျှောက် ကမ်းပါးပြိုကာကွယ်ရေးအတွက် ညောင်ပင်ရပ်ကွက်မှ ရုပ်ပြေးသင်္ဘောဆိပ်အထိ ပေ ၁၀၀၀ ကျောက်စီ ရေထိန်းနံရံများ ဆောင်ရွက်နေမှု၊ တပ်ကလေးဆိပ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ကုန်းမဟတ်ကျေးရွာမှ တပ်ကလေး-ဆင်ခန်းရွာသွားဖြတ်လမ်း ဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးကြပြီး ကွန်ပျူတာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ နှစ်ထပ်အာရ်စီအိပ်ဆောင်နှင့် တစ်ထပ်ထမင်းစားဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# WASH Bottleneck Analysis Tool အကြောင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး မေ ၂**

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်းကျင်းပသည့် WASH Bottleneck Analysis Tool အလုပ်ရုံဆွေးနွေးပွဲကို မေ ၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကျေးလက်ဒေသများ သောက်သုံးရေရရှိရေးအတွက် (Basic Water Services) အတွက် သာမက သန့်ရှင်းသော သောက်သုံးရေရရှိရေး (Safety Managed Drinking Water Services)၊ ကမ္ဘာ့ကုလသမဂ္ဂ၏ (SDG Goal-6) ပြည့်မီစေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် WASH Bottleneck Analysis Tool များစွာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှ ရရှိလာသော အသိပညာများဖြင့် မိမိတို့ တာဝန်ထမ်းဆောင်ရာ ဌာနများ၌ အကျိုးရှိစွာ ပြန်လည်အသုံးချသွားကြရန် ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်နှင့် UNICEF တောင်ကြီးရုံးမှ တာဝန်ရှိသူတို့က အမှာစကားပြောကြားကြသည်။

**မောင်မောင်သန်း (တောင်ကြီး)**




# မန္တလေးတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး မေ ၂**

၂၀၁၉ ခုနှစ် နွေရာသီ အားကစားသင်တန်းများဆင်းပွဲကို မေ ၂ ရက် နံနက် ၉ နာရီက မန္တလာသီရိ အားကစားကွင်း၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက မြန်မာ့သိုင်း၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ ဘောလုံး၊ ဝူရှူး၊ ကျွမ်းဘားစွမ်းရည်များ ပြသကြသည်။

အားကစားသင်တန်းများကို မတ် ၁ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပြီး အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၈၀၀ တက်ရောက်ခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**



# ပဲခူးတိုင်းဒေသကြီးအတွင်း အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးမည်

**ပဲခူး မေ ၂**

အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး Ayar Grow Co., Ltd နှင့် မျိုးသာကီကုမ္ပဏီလီမိတက်တို့မှ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဧည့်ခန်းမ၌ မေ ၂ ရက် နံနက် ၁၀ နာရီခွဲက လာရောက်တွေ့ဆုံသည်။

မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးယုနွယ်နှင့် ဒါရိုက်တာ ဦးဘော်နီဦးတို့က မိမိတို့ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း ဓာတုကင်းလွတ် သဘာဝမြေဩဇာထုတ်လုပ်ခြင်း၊ အော်ဂဲနစ်သီးနှံစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများအား လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ဖြန့်ဖြူးရောင်းချနေသည့် အော်ဂဲနစ်သီးနှံ ၆၀ ရာခိုင်နှုန်းသည် သဲကုန်းမြို့နယ် ဝက်ပုတ်ကျေးရွာမှ ထွက်ရှိလျက်ရှိပြီး မိမိတို့ကုမ္ပဏီမှလည်း နည်းပညာဖြန့်ဖြူးပေးခြင်းနှင့် တောင်သူအကျိုးတူဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အော်ဂဲနစ်သီးနှံဈေးကွက်တစ်ခု ခိုင်မာလာစေရန်နှင့် ပြည်သူများ ကျန်းမာသန့်ရှင်းသော အော်ဂဲနစ်သီးနှံ စားသုံးနိုင်ရန် ရည်ရွယ်ရခြင်းဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြင်ပဈေးနှင့်သင့်လျော်ပြီး အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းချမည်ကို သိရှိရ၍ ပြည်သူများအတွက် အလွန်အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်မှာလည်း တောင်သူများအပြင် စားသုံးသူပြည်သူများကို အော်ဂဲနစ်သီးနှံစိုက်ပျိုးခြင်း၊ စားသုံးခြင်းများအတွက် အကျိုးကျေးဇူးရရှိနိုင်မည်ကို အသိပညာပေးရန် လိုအပ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့မှလည်း မြေနေရာလိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်စိုး(ပဲခူး)**

## ကျေးလက်စာကြည့်တိုက်များသို့ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်း

**ပြည် မေ ၂**
မြန်မာနိုင်ငံ စာရေးဆရာအသင်း (ပြည်မြို့နယ်) မှ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက နေ့စဉ်ထုတ် သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီနှင့် မြန်မာတိုင်း(မ်) သတင်းစာများကို ပြည်ခရိုင်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းခဲ့သည်။

ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်းနှင့် သဲကုန်းမြို့နယ်တို့ရှိ ကျေးလက်စာကြည့်တိုက်များသို့တစ်မြို့နယ်လျှင် သတင်းစာစောင်ရေ ၁၅၀၀ စီကိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

"ကျွန်တော်တို့ ကျေးလက်စာကြည့်တိုက်တွေကို ယခုလို နေ့စဉ်ထုတ်သတင်းစာတွေ လှူဒါန်းပေးတာ ဝမ်းသာပါတယ်၊ သတင်းစာမျိုးစုံကို ဖတ်ရှုခွင့်ရတဲ့အတွက် ကျွန်တော်တို့ ကျေးလက်ပြည်သူတွေအတွက်လည်း အကျိုးရှိပါတယ်" ဟု သတင်းစာများ လှူဒါန်းမှုအား ပေါင်းတည်မြို့နယ် အုန်းနဲ့စမ်းကျေးရွာ ဓမ္မဂုဏ်ရောင်စာကြည့်တိုက်ကော်မတီဝင် ဦးကိုဦးက ပြောသည်။

မေ ၁ ရက်တွင် သတင်းစာစောင်ရေ ၉၀၀၀ ပြည့်အဖြစ် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းရာ မြန်မာ့စာတိုက်လုပ်ငန်း ပြည်မြို့မှ စာတိုက်မှူး ဒေါ်မေမင်းဟန်နှင့် ဝန်ထမ်းများက အခမဲ့ပေးပို့သည့်စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

**ကြေးမုံ**

## ပြန်ကြားရေးဝန်ကြီးဌာနကလှူဒါန်းသော ရေဒီယိုများ ကျေးရွာများသို့ ဖြန့်ဝေ



**မောင်တော မေ ၂**
ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသော ရေဒီယိုများအား ကျေးရွာများသို့ ဖြန့်ဝေပေးအပ်ပွဲကို မေ ၁ ရက် မွန်းလွဲ ၁ နာရီက မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က မောင်တောမြို့နယ်အတွင်း ကျေးရွာများ၌ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသော ရေဒီယို ၁၆၁၃၃ လုံးကို မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဒေသခံပြည်သူများသို့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ငါးခူရမြို့သစ်နေသူ ဦးဘတင်က လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိပြီး သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရဖို့အတွက် ရေဒီယိုများ ဖြန့်ဝေပေးတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရေဒီယိုလှူဒါန်းသည့်မြို့နယ်များမှာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ပျဉ်းမနားလမ်းလျှောက်သင်္ကြန်ပွဲတော် ယခင်နှစ်ထက် ပိုမိုစည်ကားစွာကျင်းပမည်



ယခင်နှစ်က ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မင်္ဂလာရှမ်းကန်ပတ်လည်၌ ကျင်းပနေမှုကို တွေ့ရစဉ်။

**ပျဉ်းမနား မေ ၂**
နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ဒုတိယအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မင်္ဂလာရှမ်းကန်ပတ်လည်တွင် ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားမြို့ ဒုတိယအကြိမ်မြောက်လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မင်္ဂလာရှမ်းကန်ပတ်လမ်းတွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်တောက်ထိန်လမ်းနှင့် ဗိုလ်တာယာလမ်းတစ်လျှောက်တွင် ထီးများနှင့် အလှဆင်ကာ ခံ့ညားထည်ဝါသော မုခ်ဦးတစ်ခု၊ 'စိုး' လျှပ်စစ်ဖောင်ဒေးရှင်းမှ ပါဝင်ကူညီပေးသော မြန်မာ့ဆိုင်းဝိုင်း၊ ခေတ်ပေါ်တေးဂီတများနှင့်အတူ နိုင်ငံကျော်အဆိုတော်များပါဝင်သည့် ဖျော်ဖြေရေးမဏ္ဍပ်တစ်ခု၊ မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်တစ်ခု၊ ရေကစားမဏ္ဍပ်ရှစ်ခုတို့ ပါဝင်မည်ဖြစ်ကြောင်းနှင့် ရေကစားမဏ္ဍပ်ကြီးများ၏ကြားတွင် မိသားစုရေကစားဏ္ဍပ် ၄၀ အပြင် စတုဒိသာမဏ္ဍပ်များကို လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပွဲကျင်းပရာလမ်းတစ်လျှောက်တွင် လုံခြုံရေးကင်မရာများ တပ်ဆင်သွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ချင်းတွင်းသင်္ကြန်ကို လူအင်အား ၁၀၀၀၀ ခန့်ဖြင့် နိုင်ငံတော်အလံသရုပ်ဖော်ဖွင့်လှစ်မည်

**မုံရွာ မေ ၂**
မုံရွာမြို့တော် သင်္ကြန်ဖွင့်ပွဲကို မေ ၁၃ ရက် ညနေ ၅ နာရီတွင် မုံရွာမြို့တော်ခန်းမရှေ့တွင်ပြုလုပ်၍ ၁၄ ရက် နံနက် ၉ နာရီတွင် ချင်းတွင်းသင်္ကြန်ကို လူအင်အား ၁၀၀၀၀ ခန့်ဖြင့် ဝါစိမ်းနီ နိုင်ငံတော်အလံသရုပ်ဖော်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ဗဟိုမဏ္ဍပ်မှာ မေ ၁၃ ရက် ညနေ ၅ နာရီမှာ ဖွင့်ပွဲလုပ်ပါမယ်။ ၁၄ ရက် မနက် ၉ နာရီမှာ သောင်ပြင်က ချင်းတွင်းသင်္ကြန်ကို ဖွင့်မှာပါ။ ဖွင့်ပွဲမှာ လူအင်အား ၁၀၀၀၀ လောက်နဲ့ ဝါစိမ်းနီ နိုင်ငံတော်အလံပုံဖော်ဖို့ စီစဉ်နေပါတယ်" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

ချင်းတွင်းသဲသောင်တွင် စတုဒိသာမဏ္ဍပ်ကို ပေ ၆၀×ပေ ၇၀ ရှိမဏ္ဍပ်သုံးလုံး တည်ဆောက်နေကြောင်း သိရသည်။သုံးရေကို စတိတ်စင်ရှေ့တွင် အမြဲတမ်းရရန်ပြုလုပ်နေသလို ဈေးဆိုင်အားလုံးကိုလည်း ရေပေးမည်ဖြစ်ကာ ဆိုင်များကြားတွင်လည်း ရေပန်းများတပ်ထားပေးမည်ဖြစ်ပြီး ဆိုင်ကယ်အပ်သည့်နေရာမှာ သဲဖြစ်သည့်အတွက် သိပ်နေအောင် အမြဲတမ်းရေဖျန်းပေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများကို မေ ၅ ရက်တွင် အပြီးဆောင်ရွက်နေကြောင်း သိရသည်။

"ကားတွေ၊ ဆိုင်ကယ်တွေက အရင်နှစ်က ကမ်းပါးပေါ်မှာပဲ ထားခဲ့ရတယ်။ အခုနှစ်မှာတော့ လမ်းအဝေးကြီးမလျှောက်ရအောင် အထဲမှာထားလို့ရအောင် စီစဉ်ထားပါတယ်။ ဆိုင်ကြီးက ၂၀၀ ကျော်၊ ဆိုင်သေးက ၂၀၀ ကျော် အားလုံး ၄၀၀ ကျော်ရှိပါမယ်။ အရင်နှစ်က နှစ်ခုပေါင်း ၁၀၀ ကျော်ပဲရှိတော့ ဒီနှစ်ဆိုင်ခန်း ၃၀၀ လောက် ပိုလာတယ်" ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

မုံရွာမြို့တော်ခန်းမရှေ့တွင် ယခင်ကလို ဗဟိုမဏ္ဍပ်ထားပြီး ဖွင့်ပွဲကို ပြုလုပ်မည်ဖြစ်ကာ အလှပြကားများအနေဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် စီစဉ်ထားသလို ညပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ပြုလုပ်ကပြကြမည်ဖြစ်ပြီး နေ့ပိုင်းတွင် ချင်းတွင်းသင်္ကြန်၌ ရေကစားနိုင်ရန်စီစဉ်ထားပြီး ချင်းတွင်းသင်္ကြန်ကို ည ၇ နာရီတွင် ပိတ်မည်ဖြစ်သည်။

"ကန်သာယာက လမ်းလျှောက်သင်္ကြန်ပါ။ ရိုးရာအုန်းလက်မဏ္ဍပ် ၃၀ မှာလောင်းလှေတွေထား ရေပက်တာတွေလုပ်နေတယ်။ အဲဒီမှာလည်း မြေဖို့ပြီး လမ်းလုပ်မဏ္ဍပ်တွေ ဆောက်နေပါပြီ။ ရေပန်းတွေတပ်မယ်။ ပုသိမ်ထီးအလက် ၃၀၀ တပ်ဖို့တွေလည်း စီစဉ်နေတယ်။ ဒီနှစ်က အရင်နှစ်ကထက် မုံရွာသင်္ကြန်က ပိုစည်ပါမယ်။ နေရာသုံးနေရာခွဲလုပ်မှာပါ။ ကန်သာယာလမ်းလျှောက်သင်္ကြန်ကိုလာတဲ့ ဆိုင်ကယ်၊ ကားတွေထားဖို့ ကန်သာယာပတ်လမ်းမှာ စီစဉ်ထားပါတယ်။ ဗိုလ်ချုပ်လမ်းကို ရေပက်ဖို့ပေးမထားပါဘူး။ အများသွားလာရလွယ်အောင်လို့ပါ"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

**မျိုးဝင်းထွန်း**

### တိုတိုထွာထွာဖတ်စရာ

## သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေး ပညာပေး

**ကြာအင်းဆိပ်ကြီး**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ယာဉ်အန္တရာယ်အသိပညာပေးဟောပြောခြင်းကို မေ ၂ ရက် နံနက်ပိုင်းက မြို့ဝင်၊ မြို့ထွက်နှင့် အမှတ်(၅)ရပ်ကွက် မြို့မဈေးရှေ့ ဗိုလ်ချုပ်လမ်းနှင့် စိုက်ပျိုးရေးလမ်းဆုံတွင် ကျင်းပသည်။

ကြာအင်းဆိပ်ကြီးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက ယာဉ်တိုက်မှုများမဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများသတိပြု ရှောင်ကြဉ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြည်သူများသတိပြုရန်တို့ကို အသိပညာပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

## သင်္ကြန်ကာလအတွင်း အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးဆွေးနွေး

**ခင်ဦး**
သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် မေ ၂ ရက် နံနက် ၉ နာရီက ခင်ဦးမြို့နယ်တာဝန်ရှိသူများသည် ကားအသင်းဂိတ်များ၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ယာဉ်စီးခ သတ်မှတ်နှုန်းများထက် ပိုမိုတောင်းခံခြင်း၊ ခရီးသည်သတ်မှတ်နေရာသို့ ရောက်ရှိအောင် ပို့ဆောင်ပေးမှုမရှိခြင်း၊ ခရီးစဉ်အား အချိန်နှင့်တစ်ပြေးညီ ထွက်ခွာမှုမရှိခြင်း၊ လက်မှတ်ဝယ်ယူရာတွင် ကြော်ငြာထားသည့်နေ့ရက်တွင် အမှန်တကယ်ဝယ်ယူရရှိမှုမရှိခြင်းများ မပြုလုပ်ရန်နှင့် သတ်မှတ်ထားသောစည်းကမ်းချက်များ လိုက်နာဆောင်ရွက်ကြရန် အသိပေးဆွေးနွေးခဲ့ကြသည်။

**ချစ်စံ(ခင်ဦး)**

## သင်္ကြန်ကာလအတွင်း မြို့နယ်တရားရုံးများ ဖွင့်လှစ်သွားမည်

**မန္တလေး**
မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးမှ သိရသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် မေ ၁၃ ရက်မှ ၁၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မြစ်သားမြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**မြစ်သား**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၁၄ ကြိမ်မြောက် နွေရာသီ ရွှေရောင်မျိုးဆက်သစ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ရွှေမုဋ္ဌောဘုရား ဝေယံဘုံမြင့်ဓမ္မာရုံ၌ မေ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နံနက်ပိုင်းတွင် မူလတန်းအဆင့် သင်တန်းသား ၁၇၀ ကိုလည်းကောင်း၊ နေ့လယ်ပိုင်းတွင် အလယ်တန်းအဆင့် သင်တန်းသား ၁၃၀ ကိုလည်းကောင်း၊ မတ် ၁၈ ရက်မှ မေ ၂ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# တန်ဖိုးမြင့်သစ်မွှေး(ခ)အကျော်ပင်များကို နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်


ဂျပန်နိုင်ငံမှလာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များအား သစ်မွှေးအသုံးဝင်ပုံ လက်တွေ့စမ်းသပ်ပြသနေစဉ်။

**ရန်ကုန် မေ ၂**
မြန်မာနိုင်ငံ၌ တန်ဖိုးမြင့် သစ်မွှေး(ခ)အကျော်ပင်များ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လာကြသဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်လာကာ ယခင်ကထက် သစ်မွှေးဝယ်ယူမှု ပိုမိုများပြားလာကြောင်း လှည်းကူးမြို့နယ် ဖောင်ကြီးတိုက်နယ်ရှိ ပွင့်ဦးသစ်မွှေးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသော ဦးအောင်ဇော်ရှိန်က ပြောသည်။

"သစ်မွှေးပင်အတွင်းမှာ အမွှေးဆီဖြစ်တည်ဖို့အတွက် လေးနှစ်၊ ငါးနှစ်သားရှိပြီဖြစ်တဲ့ အပင်ကို မြေပြင်ကနေ တစ်ဆင့် တစ်ပေအကွာမှာ လုံးပတ် ၁၆ လက်မအရွယ် ပင်စည်ကို မှိုဆေးစတင်ထိုးသွင်းရပါတယ်၊ ဆေးထိုးသွင်းပြီး တစ်နှစ်ခွဲ၊ နှစ်နှစ်မှာတော့ သစ်မွှေးဆီကို ထုတ်လုပ်နိုင်ပါတယ်၊ အရင်ကဆိုရင် ဆေးထိုးသွင်းတဲ့နေရာသာ သစ်မွှေးဆီဖြစ်တည်ခဲ့ပေမယ့် အခုအချိန်မှာတော့ ပင်စည်တစ်လျှောက် သစ်မွှေးဆီ အောင်မြင်စွာဖြစ်တည်လာတာတွေ တွေ့ရပါတယ်၊ သစ်မွှေးက အဆီကြောနည်းရင် ဈေးနှုန်းတန်ဖိုးနည်းပြီး အဆီကြောများရင်တော့ ဈေးနှုန်းတန်ဖိုးမြင့်တာပေါ့၊ သစ်မွှေးပင်ဟာ ဆေးဖက်ဝင်တာမို့ ခုဆိုရင် ပြည်ပက နိုင်ငံခြားသားတွေက စိတ်ဝင်စားမှုများပြားလာပြီး လေ့လာဝယ်ယူမှု ပိုမိုများပြားလာကြပါတယ်၊ သစ်မွှေးရောင်းချမယ်ဆိုရင် အလေးချိန်တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၁၀၀၀ ဝန်းကျင်ရပါတယ်" ဟု ၎င်းကရှင်းပြသည်။

အဖိုးတန် မြန်မာ့သစ်မွှေးများ ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုအခါ နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားလုပ်ငန်းရှင်များအား သစ်မွှေးစိုက်ခင်းများ တည်ထောင်ရန် ခွင့်ပြုပေးထားသဖြင့် သစ်မွှေးစိုက်ပျိုးကြသူ များပြားလာကာ သစ်မွှေးပင်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နေရာဒေသအနှံ့တွင် စိုက်ပျိုးနေကြကြောင်းလည်း သိရသည်။

ဂျပန်နိုင်ငံမှ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များအနေဖြင့် ပွင့်ဦးသစ်မွှေးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းမှ စိုက်ပျိုးဖြစ်ထွန်းထားသော သစ်မွှေးအပွင့်အပါအဝင် သစ်မွှေးအပင်အချို့ကို ရန်ကုန်မြို့၌ မတ် ၂၆ ရက်က ပဏာမအနေဖြင့် နမူနာစမ်းသပ်ဝယ်ယူခဲ့ကြောင်းလည်းသိရပြီး အဖိုးတန်မြန်မာ့သစ်မွှေးများကို နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်ခဲ့ခြင်းအပါအဝင် သဘာဝသစ်တောများ၏ ဂေဟစနစ်မပျက်ယွင်းဘဲ သစ်မွှေးပင်များ စိုက်ပျိုးခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေကာ ပြည်သူများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခဲ့ကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

---

**တိုတိုထွာထွာဖတ်စရာ**

## ခရမ်းတွင် ချောင်းကမ်းပါးမြေထိန်းနံရံဆောင်ရွက်

**ခရမ်း**
ရန်ကုန် (တောင်ပိုင်း) ခရိုင် ခရမ်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ခရမ်းမြို့ အမှတ် (၈) ရပ်ကွက် ချောင်းကမ်းပါးမြေထိန်းနံရံဆောင်ရွက်နေမှုများကို မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ QC အဖွဲ့ဝင်များ ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့သည်။

ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုနောင်နှင့် QC အဖွဲ့တို့က မိုးရာသီချောင်းရေတိုက်စားမှုကြောင့် ပြိုကျနေသည့် ကမ်းနားပိုင်းတစ်လျှောက် မြေထိန်းနံရံတည်ဆောက်နေမှုများကို ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပြီး အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီ၍ လေလွင့်မှုနည်းပါးရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကိုမင်း( ခရမ်း )**

## မယ်စဲ့တွင် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**မယ်စဲ့**
ကယားပြည်နယ် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် မေ ၁ ရက် မွန်းလွဲ ၁ နာရီက ကိုယ်လက်လှုပ်ရှားကစားခြင်း၊ ဂိမ်းကစားခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ ကိုယ်ကာယကြံ့ခိုင်ပြီး ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောကြားပြီး ဆုရရှိသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

## မြန်မာရွှေ့ပြောင်းအလုပ်သမား လွှဲပြောင်းပေးအပ်

**တာချီလိတ်**
မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ဇန်နဝါရီလမှ မတ်လကုန်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၄၉၄ ဦး ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ်လကုန်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ အမျိုးသား ၃၀၈ ဦး၊ အမျိုးသမီး ၁၆၆ ဦးနှင့် ကလေး ၂၀ စုစုပေါင်း ၄၉၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

---

# အရည်အသွေးကောင်းမွန်သည့် ရက် ၉၀ ဆန် ဈေးကွက် ဝယ်လိုအားကျဆင်း



**ရန်ကုန် မေ ၂**
သက်တမ်းတိုကာ အရည်အသွေးကောင်းမွန်သည့် ဆန်လုံးရှည် ရက် ၉၀ ဆန်များ ပြည်ပတင်ပို့မှု အပါအဝင် ပြည်တွင်း၌ပါ ဈေးကွက်ဝယ်လိုအား ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

"အခုဆိုရင် တောင်သူတွေက သက်တမ်းတိုပြီး အရည်အသွေးကောင်းတဲ့ ရက်၉၀ ဆန်တွေ စိုက်ပျိုးထုတ်လုပ်မှုများလာပြီ။ ဒီလိုစိုက်ပျိုးထုတ်လုပ်မှုများလာတဲ့အချိန်မှာ ဈေးကွက်ဝယ်လိုအား လျော့သွားတယ်။ ပြည်ပတင်ပို့မှုကလည်း နည်းသလို ပြည်တွင်းလိုအပ်ချက်ကလည်း လိုသလောက်ပဲ ဝယ်တာဖြစ်တဲ့အတွက် ဈေးကွက်ထဲမှာ ဆန်တွေဟာ ကျသင့်တာထက် ပိုကျတယ်။ မနှစ်က ဒီလိုအချိန်မှာ ရက် ၉၀ ဆန် တစ်အိတ်ကို ကျပ် ၂၆၀၀၀ လောက် ဈေးရှိတယ်။ အခုချိန်မှာ ကျပ် ၁၉၀၀၀ လောက်ပဲရှိတော့တဲ့အတွက် ဝယ်လိုအားကျသွားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခင်နှစ်က မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆၈ သန်း တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဆန်တန်ချိန် နှစ်သန်းကျော်သာ တင်ပို့နိုင်သည့်အတွက် တင်ပို့မှု တစ်သန်းကျော် လျော့နည်းသွားကြောင်း၊ ယခင်က ဥရောပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ရက် ၉၀ ဆန်သည် ဈေးကွက်ရရှိပြီး ယခုအခါတွင် အခွန်တိုးမြှင့်ကောက်ခံမှုများကြောင့် နယ်စပ်ကုန်သွယ်ရေး ဆန်တင်ပို့မှု လျော့ကျလာကာ မြန်မာနိုင်ငံတွင် ဆန်လက်ကျန်ရှိမှု များပြားလာကြောင်း အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

"ရက် ၉၀ ဆန်ကို ကုန်စည်ဒိုင်များမှာ ဈေးကွက်မရှိလို့ ရောင်းမရဘူးဆိုရင် ဆန်သား ၉၀ နဲ့ အစိုဓာတ် ၁၄ ဒသမ ၅ ပါဝင်တဲ့ ဆန်တစ်အိတ်ကို ကျပ် ၁၉၅၀၀ နဲ့ အခြေခံဈေးသတ်မှတ်ပြီးတော့ ဝယ်ယူသွားဖို့ ဒီနေ့ ညှိနှိုင်းဆုံးဖြတ်တာဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ ဝယ်လက်ပျောက်နေတဲ့အတွက် ဒီဈေးနှုန်းနဲ့ဝယ်ယူပေးမှာ ဖြစ်ပါတယ်။ ရက် ၉၀ ဆန်က ဧရာဝတီနဲ့ ပဲခူးတိုင်းဒေသကြီးက အစိုက်များပါတယ်။ ဈေးကွက်ကို ထိန်းကျောင်းတဲ့သဘောပါ။ ဗီယက်နမ်ဆန်ဈေး၊ ထိုင်းဆန်ဈေးတွေထက် ကျွန်တော်တို့ ဆန်ဈေးနှုန်းက နည်းပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ ဆန်တန်ချိန် နှစ်သန်းခွဲလောက် တင်ပို့နိုင်မယ်လို့ မျှော်မှန်းထားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရက် ၉၀ ဆန် ဈေးကွက်ဝယ်လိုအား ကျဆင်းမှုနှင့်ပတ်သက်သည့် ညှိနှိုင်းစည်းဝေးပွဲကို မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

**အေးမင်းသူ**

---

## ဝက်ဝံနှစ်ကောင်အား မြောက်ဇာမဏီကြိုးဝိုင်းသို့ ပို့ဆောင်



**ရန်ကုန် မေ ၂**
ရန်ကုန် (မြောက်ပိုင်း) ခရိုင် လှိုင်သာယာမြို့နယ်ရှိ နဝဒေးအိမ်ရာဝင်းအတွင်း မွေးမြူထားသော လေးနှစ်ခန့်အရွယ် ဝက်ဝံစုံတွဲအား မေ ၁ ရက် မွန်းလွဲ ၂ နာရီက ကျောက်တံခါးမြို့နယ်ရှိ မြောက်ဇာမဏီသစ်တောကြိုးဝိုင်းသို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"မြောက်ဇာမဏီသစ်တောကြိုးဝိုင်းမှာ ဝက်ဝံတွေလည်းရှိပါတယ်" ဟု အင်းစိန်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖိုးလတ်ကပြောသည်။

"ဘေးမဲ့သစ်တောကြိုးဝိုင်းဧရိယာ ဧက ၂၀၀၀၀၀ ကျော်ရှိပါတယ်။ ဒီမှာ ဝက်ဝံတွေများပါတယ်" ဟု မြောက်ဇာမဏီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတာဝန်ခံ ဦးမြင့်လှိုင်က ပြောသည်။

မြောက်ဇာမဏီသစ်တောကြိုးဝိုင်း ဘေးမဲ့တောဧရိယာအကျယ် ၂၄၂၉၃၈ ဒသမ ၄၈ ဧကတွင် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး လှော်ကားတိရစ္ဆာန်ဥယျာဉ်မှ မြောက်များကိုလည်း ထိန်းသိမ်းထားကြောင်း သိရသည်။

**သစ္စာ**




# တစ်ပတ်အတွင်းအားကစားသတင်းများ

နိုင်လင်းကြည်

## ချယ်လ်ဆီးအသင်းကို စည်းလုံးမှုရှိဖို့တောင်းဆိုလိုက်တဲ့ အက်ပီလီကူတာ

မတ်လ ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာဒစ်ဖ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ပွဲစဉ်ကစားနေချိန်မှာ ပရိသတ်တွေက ချယ်လ်ဆီးနည်းပြ ဆာရီကို ထုတ်ပယ်ပစ်ဖို့ တောင်းဆိုမှုတွေဖြစ်လာခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းအနေနဲ့ စည်းလုံးမှုရှိဖို့ နောက်တန်းကစားသမားအက်ပီလီကူတာက တောင်းဆိုလိုက်ပါတယ်။ အဲဒီပွဲစဉ်မှာ အိမ်ရှင်ကာဒစ်ဖ်အသင်းရဲ့ ဦးဆောင်ဂိုးသွင်းယူမှုကို ချယ်လ်ဆီးအသင်းခွင့်ပြုပေးခဲ့ရပေမယ့် မိနစ် ၈၀ ကျော်မှာ သွင်းယူခဲ့တဲ့ အက်ပီလီကူတာနဲ့ လိုတပ်ချိခ်တို့ရဲ့သွင်းဂိုးတွေရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက ကာဒစ်ဖ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲကြောင့် ပရီမီယာလိဂ်အဆင့် ၄ အတွင်း ရပ်တည်နိုင်မယ့်မျှော်လင့်ချက် ဆက်လက်ရှင်သန်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အံ့သြဖွယ်နိဂုံးတစ်ရပ်ကတော့ ချယ်လ်ဆီးအသင်းရဲ့ ကစားပုံညံ့ဖျင်းမှုကိုတော့ ဖုံးကွယ်ထားလို့မရခဲ့ဘဲ ပရိသတ်တွေကတော့ နည်းပြဆာရီအပေါ် သူတို့ရဲ့စိတ်ပျက်ဒေါသထွက်မှုကိုပြသခဲ့ပြီး အီတလီနိုင်ငံသားဆာရီကို ထုတ်ပယ်ပစ်ဖို့အထိ တောင်းဆိုခဲ့တာဖြစ်ပါတယ်။

## ကမ္ဘာ့နံပါတ်တစ်နေရာရောက်ဖို့ နီးစပ်နေတဲ့ တင်းနစ်မယ်ဟာလက်

ရိုမေးနီးယားတင်းနစ်မယ် ဆီမိုနာဟာလက်ဟာ ပြီးခဲ့တဲ့သီတင်းပတ်က ကျင်းပခဲ့တဲ့ မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာကြောင့် လက်ရှိကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် နာအိုမီအိုဆာကာရဲ့နေရာရောက်ဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။ ပြင်သစ်အိုးပင်းချန်ပီယံဟာ လက်အနေနဲ့ ဇန်နဝါရီလအတွင်းက ကမ္ဘာ့အဆင့်ထိပ်တန်းရောက်ခဲ့ပေမယ့် အိုဆာကာ စောစီးစွာပြိုင်ပွဲကထွက်ခဲ့ရတဲ့ မီယာမီ အိုးပင်းမှာ ဗိုလ်လုပွဲတက်ခဲ့တာကြောင့် ကမ္ဘာ့နံပါတ်တစ်နေရာနဲ့ နီးစပ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ဧပြီ ၁ ရက်ကထုတ်ပြန်လာတဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာတော့ ဟာလက်အနေနဲ့ ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အိုဆာကာနဲ့ အကဲဖြတ်အမှတ် ၂၃၉ မှတ်လျော့နေတာဖြစ်ပြီး ချက်တင်းနစ်မယ် ဗစ်တိုဗာအထက် ကမ္ဘာ့အဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။





## ဂိုးသမားအသစ်ခေါ်ဖို့ ရည်ရွယ်ထားတာမရှိဘူးဆိုတဲ့ ပိုချက်တီနို

စပါးအသင်းဟာ အခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဂိုးသမားအသစ်ခေါ်ယူဖို့ အစီအစဉ်မရှိဘူးလို့ဆိုပါတယ်။ စပါးအသင်းခေါင်းဆောင် ဟူဂိုလိုးရစ်ဟာ လက်ရှိမှာ လက်စွမ်းပြကစားနိုင်ခြင်းမရှိဘဲ လီဗာပူးအသင်းနဲ့ အမ်ဖီးလ်ကွင်းမှာ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ အဲဒီလို လက်စွမ်းမပြနိုင်ခဲ့ပေမယ့် ပိုချက်တီနိုကတော့ ဂိုးသမားအသစ်ခေါ်ယူမှာမဟုတ်ကြောင်းနဲ့ ဖြစ်နိုင်မယ်ဆိုရင် အသင်းရဲ့တိုက်စစ်ပိုင်းမှာ ခြေစွမ်းကောင်းတဲ့ မျက်နှာသစ်ကစားသမား တစ်ဦးကို ခေါ်ယူမယ်လို့ဆိုပါတယ်။ ဂိုးသမား ဟူဂိုလိုးရစ်ဟာ ၂၀၀၈ ကနေ ၂၀၁၂ အထိ လိုင်ယွန်အသင်းမှာ ကစားခဲ့တာ ဖြစ်ပြီး ၂၀၁၂ ကနေ လက်ရှိအချိန်အထိ စပါးအသင်းမှာပဲ ကစားခဲ့တာဖြစ်ပါတယ်။ စပါးအသင်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းက ကစားသမားခေါ်ယူမှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့တာမရှိခဲ့တာမို့ ဒီနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားမခေါ်ယူဘူးဆိုရင် အပြောင်းအရွှေ့နှစ်ကြိမ်ဆက်ကစားသမားမခေါ်ယူတဲ့စံချိန်ကို ရရှိမှာဖြစ်ပေမယ့် ပိုချက်တီနိုကတော့ တိုက်စစ်မှူးဟယ်ရီကိန်းကို ပံ့ပိုးပေးနိုင်မယ့် နောက်တန်းကစားသမားတစ်ဦး ခေါ်ယူမယ်လို့လည်း ပြောလာပါတယ်။

## အာဆင်နယ် ပရီမီယာလိဂ်အဆင့် ၃ နေရာကိုရယူ

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၁ အဖြစ် နယူးကာဆယ်အသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရာမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာကြောင့် မန်ယူအသင်းနဲ့ စပါးအသင်းတို့ကို ကျော်ဖြတ်ပြီး ပရီမီယာလိဂ် အဆင့် ၃ နေရာကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ နယူးကာဆယ်အသင်းနဲ့ ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲချိန်မိနစ် ၃၀ မှာ ရမ်ဆေးနဲ့ ၈၃ မိနစ်မှာ လာကာဇက်တီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုလို



အနိုင်ရရှိခဲ့တာဟာ အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ်အိမ်ကွင်း ၁၀ ပွဲဆက် အနိုင်ရရှိတာလည်းဖြစ်ပါတယ်။ ဒါ့အပြင် အာဆင်နယ်အသင်းဟာ ၂၀၁၇ ဒီဇင်ဘာ နောက်ပိုင်း ပြိုင်ပွဲအရပ်ရပ်မှာ သုံးပွဲဆက် ဂိုးမပေးရတဲ့ စံချိန်တင်ခဲ့ပြီး နယူးကာဆယ်အတွက်တော့ အာဆင်နယ်နဲ့ ဆုံတွေ့တဲ့ ပရီမီယာလိဂ် ၂၈ ပွဲမှာ ရှုံးပွဲနဲ့သာ ကြုံခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ရမ်ဆေးဟာ ဒဏ်ရာရရှိခဲ့ပေမယ့် နည်းပြအမ်မရီကတော့ ရမ်ဆေးရဲ့ဒဏ်ရာဟာ မပြင်းထန်ဘူးလို့ဆိုပါတယ်။

## ပေါ့ဘာ မန်ယူအသင်းတွင် ဆက်ရှိနေမယ်လို့ ဆိုးရှားပြောကြား




စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဆီကို ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ ထင်ကြေးပေးခံထားရတဲ့ မန်ယူအသင်းရဲ့ကွင်းလယ်ကစားသမား ပေါ့ဘာဟာ မန်ယူအသင်းကနေ ထွက်ခွာမှာမဟုတ်ဘဲ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေမှာ သေချာပါတယ်လို့ နည်းပြဆိုးရှားက ဆိုလာပါတယ်။ ပေါ့ဘာဟာ နိုင်ငံတကာပွဲတွေကစားနေချိန်မှာ နည်းပြဇီဒန်းကိုင်တွယ်နေတဲ့ ကစားသမားတိုင်းအတွက် အိပ်မက်ကလပ်တစ်ခုဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့မယ်လို့ပြောခဲ့တာပါ။ ဒါကြောင့် နည်းပြဇီဒန်းက ပေါ့ဘာအနေနဲ့ မန်ယူအသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင် ဘာနေဗျူးကို ခေါ်ယူမယ်လို့ပြောခဲ့ပါတယ်။ နည်းပြဇီဒန်းဟာ အခုနှစ်ဘောလုံးရာသီမှာ ကစားသမားအပြောင်းအရွှေ့အတွက် ငွေကြေးများစွာသုံးစွဲခွင့်လည်း ရရှိထားတာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အေဂျက်အသင်းကို ရှုံးခဲ့ရလို့ ပြိုင်ပွဲကနေထွက်ခဲ့ရတဲ့အပြင် လာလီဂါမှာဆိုရင်လည်း ဘာစီလိုနာအသင်းနဲ့ ၁၂ မှတ်ကွာအနေအထားကို ရောက်ရှိလို့နေခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒေးဗစ်ဘက်ခမ်း၊ စီရိုနယ်လ်ဒိုတို့လို မန်ယူအသင်းရဲ့ကြယ်ပွင့်ကစားသမားတွေကို စံချိန်တင်ခေါ်ယူလေ့ရှိတဲ့ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အသင်းရဲ့ရလဒ်ပိုင်းအပြောင်းအလဲအတွက် ပေါ့ဘာကိုခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်တယ်လို့ မီဒီယာတချို့က ဖော်ပြကြပါတယ်။ ဒါပေမယ့် ဆိုးရှားကတော့ ပေါ့ဘာဟာ မန်ယူအသင်းကို စွန့်ခွာသွားမှာမဟုတ်ဘူးလို့ ဆိုလာပါတယ်။

## ကျူပီအာအသင်းရဲ့ထုတ်ပယ်ခြင်းကိုခံလိုက်ရတဲ့ အင်္ဂလန်နည်းပြဟောင်း မက်ကလာရန်

အင်္ဂလန်အသင်းနည်းပြဟောင်း စတိဗ်မက်ကလာရန်အား ချန်ပီယံရှစ်ကလပ် ပီအက်စ်ဂျီအသင်းက ထုတ်ပယ်လိုက်ပြီဖြစ်တယ်လို့ အသင်းရဲ့အားကစားဒါရိုက်တာဖြစ်သူ လက်စ်ဖာဒီနန်က ဧပြီ ၁ ရက်မှာ အတိအလင်းကြေညာခဲ့ပါတယ်။ အသက် ၅၇ နှစ်အရွယ်ရှိ မက်ကလာရန်ဟာ ကျူပီအာအသင်းကို ချန်ပီယံရှစ်ပြိုင်ပွဲမှာ အဆင့် ၁၇ နေရာအထိပဲ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပြီး တန်းဆင်းဇုန်အထက် ရှစ်မှတ်အကွာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရ ထုတ်ပယ်ခံလိုက်ရတဲ့ မက်ကလာရန်ရဲ့နေရာမှာ လက်ထောက်နည်းပြ ဂျွန်အော့စတေ့ကို ယာယီနည်းပြအဖြစ် ခန့်အပ်မယ်လို့ သိရပါတယ်။ မက်ကလာရန်ဟာ ၂၀၀၆ ခုနှစ် ဩဂုတ်လနဲ့ ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်းမှာ အင်္ဂလန်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ် မေလအတွင်းမှာ ကျူပီအာအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပါတယ်။



# မြို့နယ်အသီးသီးတွင် ပြည်သူ့စကားဝိုင်းများကျင်းပ



**မတ္တရာ**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၃၁ ရက် ညနေ ၄ နာရီက အမှတ်(၂)ရပ်ကွက် မြို့သစ်ရပ်ဆုထူးပန်ဓမ္မာရုံတွင် ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်၊ မြို့မရဲစခန်း ဒု-ရဲမှူး ပြေဦး၊ မြို့နယ်ဥပဒေအရာရှိ ဦးထင်လင်းအောင်နှင့် ဒေါက်တာရဲမြတ်တို့က လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများ၏ မေးမြန်းမှုများကိုဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**စိုးကျော်သူထွေး(မတ္တရာ)**

**ကြာအင်းဆိပ်ကြီး**
ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းရော်ဆိပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

တံခွန်တိုင်နယ်မြေရဲစခန်းမှ ရဲစခန်းမှူး ရဲအုပ်စောကျော်လေးနိုင်က မူးယစ်ဆေးဝါး အန္တရာယ်၊ လူမှောင်ခိုကူးမှုအန္တရာယ်နှင့် သက်ငယ်မုဒိမ်းမှု သိကောင်းစရာများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးလွင်က ဝက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဝင်းက စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးသိန်းက ပညာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဒေသခံကျေးလက်ပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့သည်။

**ကိုမျိုး(ဇမိမြေ)**

**ကျောက်တန်း**
လူငယ်တို့မျှော်မှန်းသော အနာဂတ်မြန်မာပြည် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကျောက်တန်းမြို့ သာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နန်းအေးခိုင်က ပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ ဒေါက်တာစည်သူဆွေ (ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေးအတိုင်ပင်ခံ၊ ရန်ကုန်)၊ မမေရတနာဦး (YUFL. Japanese major 3rd Year)၊ ကိုပြည့်ဖြိုးသူ (သီလဝါ ပြည်တွင်းစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး) တို့က ဦးဆောင်၍ လူငယ်တို့မျှော်မှန်းသော အနာဂတ်မြန်မာပြည် ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းရာ ဦးဆောင်သူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

**မုံရွာ**
မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ပြည်သူ့စကားဝိုင်းကို ဘုမ္မနိုးကျေးရွာ စိတ္တသုခကျောင်းတိုက် အဘယသုခဓမ္မာရုံ၌ မတ် ၃၁ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မြို့နယ်ဦးစီးမှူးများက မိမိတို့ဦးစီးဌာနလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ဌာနဆိုင်ရာဦးစီးမှူးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

❒






# သံတွဲမြို့နယ်၌ ကျား၊ မ အခြေပြု အကြမ်းဖက်မှုခံစားရသူများ ကျန်းမာရေးစောင့်ရှောက်မှု အသိပေးရှင်းလင်းပွဲကျင်းပ

**သံတွဲ ဧပြီ ၂**
ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ကျား၊ မ အခြေပြုအကြမ်းဖက်မှု ခံစားရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အသိပေးရှင်းလင်းပွဲကို ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့နယ် အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးရှင်းလင်းပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာလှမြတ်သွေးဣန္ဒြာက ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပေးရှင်းလင်း ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို သိရှိနားလည်သဘောပေါက်စေရန်၊ မိမိတို့နှင့်သက်ဆိုင်သည့် ကူညီစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်စေရန်၊ အခြားလိုအပ်သည့် အကူအညီများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအတွင်း ချိတ်ဆက်ဆောင်ရွက် ညွှန်းပို့နိုင်စေရန် ရည်ရွယ်၍ UNFPA နှင့် AFXB အဖွဲ့တို့၏ ပူးပေါင်းကူညီမှုဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု ခံစားရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အသိပေးရှင်းလင်းပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး၊ နေပြည်တော် မိခင်နှင့် သားဆက်ခြားဌာနခွဲမှ သင်တန်း ဆရာမများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မြစ်ကြီးနား၌ Myitkyina Trade Fair ကုန်စည်ပြပွဲ ဖွင့်လှစ်

**မြစ်ကြီးနား ဧပြီ ၂**
ကချင်ပြည်နယ်၏ အထူးခြားဆုံးနှင့် ပထမဆုံး Myitkyina Trade Fair ကုန်စည်ပြပွဲဖွင့်ပွဲကို ဧပြီ ၂ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ မြို့တော်ခန်းမရှေ့မုခ်ဦးတွင် ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်နှင့် ကုန်စည်ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဖုန်းမြင့်တို့က ကုန်စည်ပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါကုန်စည်ပြပွဲတွင် စားသောက်ကုန်၊ လူသုံးကုန်(လျှပ်စစ်)၊ အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးဝါးများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းများကို ကုမ္ပဏီ ၇၀ မှ ဆိုင်ခန်းပေါင်း ၁၁၇ ခန်းက ဧပြီ ၂ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး လာရောက်ဝယ်ယူသည့် ဒေသခံပြည်သူများအား နေ့စဉ်ကံစမ်းမဲများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ယုန်တိုးကျေးရွာတွင် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**မြင်းခြံ မေ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ယုန်တိုးကျေးရွာ တိုက်နယ်ဆေးရုံတွင် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေးခြင်းကို မေ ၁ ရက် နံနက်ပိုင်းမှ စတင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယုန်တိုးကျေးရွာ တိုက်နယ်ဆေးရုံသို့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများသည် ကျေးရွာအရောက် သွားရောက်ပြီး အခမဲ့ကွင်းဆင်းကုသပေးရာ ယုန်တိုးကျေးရွာ၊ တောင်ပုံ၊ ဘလဲ့၊ ထိန်ပန်း၊ ရွာသစ် စသည့် ကျေးရွာပေါင်း ၁၈ ရွာမှ လာရောက်ကုသမှုခံယူခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်က အဆိုပါတိုက်နယ်ဆေးရုံသို့ လာရောက်ကုသမှုခံယူသော ပြည်သူများကို အားပေးစကားပြောကြားခြင်း၊ အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးရုံတက်လူနာများကို ဝင်ရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားခဲ့သည်။



အဆိုပါအထူးကုဆရာဝန်ကြီးများအဖွဲ့တွင် သွားနှင့်ခံတွင်း၊ မျက်စိရောဂါ၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ အထွေထွေရောဂါဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ ပါဝင်ခဲ့ပြီး လာရောက်ပြသကုသမှုခံယူသော ပြည်သူများကို စမ်းသပ်စစ်ဆေးကုသမှုများ ပေးခဲ့ကြသည်။

ထိုသို့ မြို့နှင့်အလှမ်းဝေးကွာပြီး သွားလာရ မလွယ်ကူသည့် ကျေးရွာများသို့ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် အခမဲ့ကွင်းဆင်း လာရောက်ကုသပေးခြင်းကို ကျေးရွာပြည်သူများကလည်း ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၁၈)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၂**

စန်းမောင်မြင့်ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်မည့် (၁၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ မေ ၇ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆိုပါဝင် သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးအလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့်သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရလက်ဆောင်တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း ၀၉-၄၄၉ ၂၅၃ ၇၆၇၊ ၀၉ ၇၉ ၅၅ ၆၃ ၄၀၀ တို့သို့ ၅-၄-၂၀၁၉ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

# မိတ္ထီလာတွင် ရေကစားမဏ္ဍပ် ၆၀ ကျော်ဖြင့် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိတ္ထီလာ မေ ၂**

မိတ္ထီလာတွင် မဟာသင်္ကြန်ပွဲတော်ကာလ၌ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များ စုစုပေါင်း ၆၀ ကျော်ဖြင့် ရေသဘင်ပွဲတော်ကို စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဗဟိုမဏ္ဍပ်အပါအဝင် ဝန်ဇင်၊ နန်းတော်ကုန်း၊ ကျီတော်ကုန်း၊ ပြည်သာယာ(မ)၊ ရန်မျိုးအောင်၊ ရတနာမာရ်အောင် ရပ်ကွက်နယ်မြေတွေနဲ့ သီးကုန်း ၂၈၅ မိုင် နေရာတွေမှာ စနစ်တကျတည်ဆောက်ပြီး ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ် စုစုပေါင်း ၁၄ ခုနဲ့ ရပ်ကွက်၊ ကျေးရွာများအလိုက် ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်ငယ်တွေနဲ့ မဏ္ဍပ်အရေအတွက် စုစုပေါင်း ၆၀ကျော် ရှိမှာဖြစ်ပါတယ်။ ဗဟိုမဏ္ဍပ်ကို ဆောက်လုပ်နေကျ အထက(၁)လမ်းဆုံနဲ့ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းအနီး ဆောက်လုပ်သွားမှာဖြစ်ပြီး မေ ၁၀ ရက်မှာ ပြီးစီးအောင် ဆောက်လုပ်မှာပါ" ဟု မိတ္ထီလာမြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာမြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် သင်္ကြန်ယိမ်းအကပြိုင်ပွဲ၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းပြိုင်ပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲများကို ဌာနဆိုင်ရာများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများစုပေါင်း၍ စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မဟာသင်္ကြန်ပွဲတော်ကို လှိုင်းဘွဲ့မြို့၌ စည်ကားစွာ ကျင်းပသွားမည်

**လှိုင်းဘွဲ့ မေ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပသွားနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီဝင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မဟာသင်္ကြန်ပွဲတော် ကျင်းပမည့် ၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၉ ရက် (မေ ၁၃ ရက်)မှစတင်ကာ မဟာသင်္ကြန်ပွဲတော်ကို လေးရက်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးပြီး ရပ်ကွက်၊ ကျေးရွာများမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားစွာကျင်းပရန် စီစဉ်ထားရှိကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကြို့ပင်ကောက်မြို့တွင် ကျင်းပ

**ကြို့ပင်ကောက် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီတွင် ကြို့ပင်ကောက်မြို့နယ် ကျောင်းကုန်းကျေးရွာ အမကကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးက ကျေးလက်နေအမျိုးသမီးငယ်များ အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်းပြီး မိသားစုစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှရရှိသော အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိသားစုစီးပွားရေးကို ထောက်ပံ့ပေးနိုင်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ကြေညာရာ ပထမဆုကို မစိုးနန္ဒာကျော်၊ ဒုတိယဆုကို မချယ်ရီအောင်နှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မတ် ၁ ရက်မှ မေ ၁ ရက်အထိ သင်တန်းကာလ တစ်လကြာ သင်တန်းသူ ၂၅ ဦးအား သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**





## ရေသယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် ရေသယံဇာတစီမံခန့်ခွဲမှုဆိုင်ရာအထောက်အကူပြုသင်တန်း Water Accounting and Auditing Training ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူးက အဖွင့်အမှာစကားပြောကြားပြီး FAO မှ Senior Water Management Expert Dr. Puspa Raj Khanal နှင့် Water Resources Consultant Dr. Jeff Davids တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မန္တလေးနည်းပညာတက္ကသိုလ်မှ လေးဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ငါးဦး၊ Water Resource Training Centre မှ နှစ်ဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ငါးဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ငါးဦးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၁၀ ဦးအပါအဝင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းကို မေ ၁ ရက်မှ ၅ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နိုင်ငံတော်၏ ရေသယံဇာတစီမံခန့်ခွဲမှုတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာမိသားစုများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် မေ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကနောင်အိမ်ရာတွင် ခေတ္တနေရာချထားပေးထားသည့် ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာမိသားစုများအား ယနေ့ နံနက်ပိုင်းက နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေကို လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မိသားစုဝင် ၁၀ စုအား တစ်စုလျှင် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၁၀ သိန်းကို တတိယအကြိမ်မြောက် အိမ်ထောင်စုတစ်စုချင်းကို ဝန်ကြီး ဦးနိုင်ငံလင်းက ပေးအပ်ခဲ့သည်။

ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်အတူ သန်းခေါင်စာရင်းနှင့် နိုင်ငံသားမှတ်ပုံတင် ပြုလုပ်ပေးရန်အတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဦးသန်းဌေးမြင့်က စာရင်းကောက်ယူကာ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နေရပ်ပြန်မိသားစုများ ထောက်ပံ့ကြေးပေးအပ်ပွဲသို့ လူမှုရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှစိန်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇင်မင်းထွေးတို့က မိသားစု ဝင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ချင်းတွင်းမြစ်ကြောင်းသွားရေယာဉ်အားလုံး သင်္ကြန်ကာလ ငါးရက်ရပ်နားထားမည်



**စစ်ကိုင်း ဧပြီ ၂**

ချင်းတွင်းမြစ်ကြောင်းသွား ရေယာဉ်အားလုံး သင်္ကြန်ကာလ ငါးရက်ရပ်နားထားမည်ဖြစ်သော်လည်း အရေးအကြောင်းရှိလာလျှင် ခွင့်ပြုချက်ဖြင့် သွားလာခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်မှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သန်းထံမှ သိရသည်။

"သင်္ကြန်ကာလမှာ နှစ်စဉ်နားတဲ့အတိုင်း နားပါမယ်။ ဧပြီ ၁၃ ရက်ကနေ ၁၇ ရက် အထိ နားမှာပါ။ လူစီးရေယာဉ်က ၁၃၇ စင်း၊ ကုန်တင်ရေယာဉ်က ၆၀၂ စင်းရှိပါတယ်။ သာရေးနာရေးတို့ အရေးအကြောင်းရှိရင် သက်ဆိုင်ရာရေယာဉ်စစ်ဆေးရေးအဖွဲ့ကတစ်ဆင့် တင်ပြခွင့်ပြုပေးတာတွေရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရေယာဉ်များအနေဖြင့် သင်္ကြန်ကာလနီးလာ၍ ခရီးသွားများ များပြားလာရာ ချင်းတွင်းမြစ်တစ်လျှောက်တွင်ရှိသော မြို့ရွာများတွင် ဖွဲ့စည်းထားသော ရေယာဉ်စစ်ဆေးရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စည်းကမ်းလိုက်နာမှုများပြားလာကြောင်း သိရသည်။

"လတ်တလော ကျောင်းပိတ်ရာသီသင်္ကြန်နားနီးမှာ ခရီးသွားတာများလာပါတယ်။ ခရီးသည်များတော့ ချင်းတွင်းမြစ်တစ်လျှောက်မှာရှိတဲ့ မြို့ရွာတွေက ရေယာဉ်စစ်ဆေးရေးအဖွဲ့တွေက ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ခရီးသည်တွေ ရေယာဉ်တစ်စင်းတည်းမှာ အစုလိုက်အပြုံလိုက် မများစေဖို့၊ ခေါင်မိုးပေါ်ကမစီးစေဖို့၊ အသက်ကယ်အင်္ကျီတွေ အပြည့်အစုံပါဖို့နဲ့ ညပိုင်းမှာ လုံးဝမမောင်းဖို့တွေကို စာထုတ်ထားသလို မြို့နယ်နဲ့ရွာတွေက စစ်ဆေးရေးအဖွဲ့တွေကို အသိပေးညွှန်ကြားထားပါတယ်" ဟု ဦးအောင်သန်းက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ရေကန်နှင့် ဆက်စပ်ပစ္စည်းများထောက်ပံ့



**ကန့်ဘလူ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆားတွင်းကြီးကျေးရွာရှိ အိမ်ထောင်စု ၅၇ စုအား တစ်အိမ်ထောင်လျှင် ဂါလန် ၁၀၀ ဆံ့ ကွန်ကရစ်မိုးရေခံကန်၊ အဖုံး၊ ရေတံလျှောက်၊ ရေပိုက်များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ မတ်လနောက်ဆုံးပတ်က လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့ပြင် ထင်း ၁၄ ဒသမ ၂၆ တန်အား စံပါယ်နံ့သာကျေးရွာရှိ အိမ်ထောင်စု ၂၅၂ စုကို တစ်အိမ်ထောင်လျှင် သုည ဒသမ ၅၇ တန်အား စံပါယ်နံ့သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်သိန်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မွေးမြူရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

**ပေါက် ဧပြီ ၂**

မွေးမြူရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို မတ် ၃၁ ရက် နံနက်ပိုင်းက ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရွှေပေါက်ပင်ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်ဦးက အသားငါးများ ဘေးအန္တရာယ်ကင်းစွာ ဝယ်ယူစားသုံးနိုင်ရေးနှင့် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်ပြန့်ပွားစေတတ်သည့် ရောဂါများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်း၌ တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သည့် ထောင့်သန်းရောဂါ၊ ခွေးရူးရောဂါ၊ တီဘီရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

## မြေဧက ၃၇၀၀ ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ထိန်းသိမ်းသွားမည်

**မကွေး ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ဇဖဲမြို့နယ် အမ်းတောင်တန်းများဘေး မန်းကြိုးဝိုင်းတောရှိ မြေဧကပေါင်း ၃၇၀၀ ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းရန် တင်ပြထားပြီး အဆိုပါနေရာတွင် ကမ္ဘာ့ရှားပါးမျိုးစိတ်စာရင်းဝင် မျက်ခုံးဖြူမျောက်လွှဲကျော်များ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"မျောက်လွှဲကျော်တွေ နေထိုင်ကျက်စားတဲ့နေရာအနီးမှာ အရှိုချင်းတိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ မျောက်လွှဲကျော်တွေရဲ့အသံဟာ မင်္ဂလာရှိတဲ့အသံလို့ တိုင်းရင်းသားတွေကယူဆပြီး အမဲလိုက်ရင်သူတို့ကို ရှောင်ကြပါတယ်။ လောလောဆယ်ကတော့ မျက်ခုံးဖြူမျောက်တွေ အကောင်ရေဘယ်လောက်ရှိတယ်ဆိုတာတော့ မသိသေးပါဘူး။ အလိုအလျောက်စောင့်ကြည့်ကင်မရာတွေ တပ်ဆင်ထားပြီးဖြစ်တဲ့အတွက် ရှိတယ်ဆိုတဲ့ အချက်ကတော့ သေချာပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်ဖို့ လိုအပ်တဲ့နေရာတစ်ခုပါ" ဟု မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် မျက်ခုံးဖြူမျောက်လွှဲကျော်များကို ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်နယ်စပ် တောကြီးများနှင့် အမ်းတောင်တန်းတို့တွင် တွေ့ရှိရကြောင်း၊ သစ်တောဦးစီးဌာန၏မူအရ သာမန်ကာကွယ်ထားသည့်တိရစ္ဆာန်နှင့် လုံးဝ ကာကွယ်ထားသည့် တိရစ္ဆာန်ဟူ၍ နှစ်မျိုးရှိပြီး သာမန်ကာကွယ်ထားသည့် တိရစ္ဆာန်များကို မျိုးပွားချိန်တွင် အမဲမပစ်ရန်၊ လုံးဝကာကွယ်ထားသည့် တိရစ္ဆာန်များကို လုံးဝအမဲမပစ်ရန် တားမြစ်ထားကြောင်း ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်ထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## မြိတ်မြို့တွင် ကျေးရွာအရောက် မူခင်းကျဆင်းရေးအသိပညာပေး

**မြိတ် ဧပြီ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မင်းသန်းကျေးရွာ မင်းသန်းအရှေ့ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် မတ် ၃၁ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့ကဦးဆောင်၍ မူခင်းကျဆင်းရေး ပညာပေးဟောပြောခဲ့သည်။

မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းနှင့် မြို့မစခန်းမှူး ဒုရဲမှူးချိုလွင်တို့က သက်ငယ်မုဒိမ်းမှုဖြစ်ပွားတတ်သည့်အခြေအနေများ၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် ရှောင်ရန်ဆောင်ရန်များ၊ မြို့ပေါ်တွင်ဖြစ်ပွားခဲ့သော မူခင်းများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုများကို ပညာပေးဟောပြောခဲ့သည်။

**မြိတ် (ပြန်/ဆက် )**

## တိုတိုထွာထွာဖတ်စရာ

### လူမှုရေးပင်စင်ထောက်ပံ့

**ဒေးဒရဲ**

ဒေးဒရဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို ဧပြီ ၁ ရက် နံနက်ပိုင်းမှစ၍ ပေးအပ်သည်။

ဒေးဒရဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၆၁၂ ဦးအား လူမှုရေးပင်စင်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၈၃၆၀၀၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှ အသက် ၈၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား အိမ်အရောက်သွားရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ခိုင် (ပြန်/ဆက်)**

**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၂ ရက် နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်ရှိ အဘိုး၊ အဘွား ရှစ်ဦးအား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူထွန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက မိုင်းဖြတ်မြို့ပေါ်ရှိ အဘိုးသုံးဦး၊ အဘွားငါးဦး စုစုပေါင်း ရှစ်ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ မိုင်းဖြတ်မြို့နယ်တွင် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၅၃ ဦးရှိရာ ကျေးရွာများရှိ အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ တစ်ဆင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အရန်မီးသတ် တူညီဝတ်စုံပေးအပ်ပွဲ ကျင်းပ

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် အရန်မီးသတ် တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

အရန်မီးသတ်တူညီဝတ်စုံများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်၊ မြို့နယ်ရဲမှူးဦးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်းတို့က ပေးအပ်ရာ အရန်မီးသတ်တပ်ခွဲမှူးများနှင့် အရန်မီးသတ်တပ်စုမှူးတို့က လက်ခံရယူကြသည်။

**ရွှေမိုး(လေးမျက်နှာ)**



## ဟင်္သာတမြို့တွင် နွေရာသီ မြန်မာ့သိုင်းသင်တန်းဆင်း

**ဟင်္သာတ ဧပြီ ၂**

ဟင်္သာတမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ နွေရာသီ မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်သန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



Korea Programme for International Agriculture (KOPIA)နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးသုတေသနခြံ (မိုးညှင်း)တွင် ပဲပုပ်မျိုးကောင်းထုတ်လုပ်ခြင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းသည့် ပဲပုပ်စိုက်ခင်းများကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ Salai Mang Ngai

## ၂၀၂၀ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲပွဲစဉ်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂**

၂၀၂၀ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စု(က) ပွဲစဉ်များအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မန္တလေးမြို့ရှိ မန္တလာသီရိ ဘောလုံးကွင်းနှင့် ဗထူးကွင်းတို့တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အုပ်စု(က)တွင် မြန်မာအမျိုးသမီးအသင်းနှင့်အတူ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် နီပေါအသင်းတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ကြမည့် ပွဲစဉ်များအနက်မှ ဧပြီ ၃ ရက် ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် နီပေါအသင်း ပွဲစဉ်အားလည်းကောင်း၊ ဧပြီ ၆ ရက် ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ပွဲစဉ်အားလည်းကောင်း၊ ဧပြီ ၉ ရက် ညနေ ၃ နာရီတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်း ပွဲစဉ်များအားလည်းကောင်း မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း အဝေးကွင်း၌ အနိုင်ရ

**ဟန္နိုင်း ဧပြီ ၂**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု(F) တတိယနေ့အဖြစ် ဗီယက်နမ်ကလပ် ဟန္နိုင်းအသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းတို့ ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ဧပြီ ၃ ရက် ညနေ ၄ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြား (MRTV)နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။



အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

## ၂၀၂၀ အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း အပြီးသတ်ကစားသမား ၂၀ ရွေးချယ်

**မန္တလေး ဧပြီ ၂**

ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် ၂၀၂၀ တိုကျို အိုလံပစ်အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ အတွက် မြန်မာအမျိုးသမီးအသင်းသည် အပြီးသတ် ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။

အိုလံပစ်ဒုတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-**ဦးတင်မြင့်အောင်၊ **နည်းပြချုပ်-**ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ-**ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ-**ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-**မေဇင်နွယ်(မြဝတီ)၊ သန္တာဦး(ဂန္ဓမာ)၊ မေသဇင်ထွန်း (တက္ကသိုလ်)

**စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ❖**



# သင်္ကြန်ရာသီဖိတ်ခေါ်ပါသည့် ကော့သောင်းနယ်မှ ကျွန်းများဆီ

ကျော်စိုး(ကော့သောင်း)

တနင်္သာရီတိုင်းဒေသကြီး၏ အစွန်းအကျဆုံးထိုင်း-မြန်မာနယ်စပ်မြို့လေးတစ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် မြန်မာပြည်မြေပုံ၏ခြေဖျားပိုင်း ကိန္နရာမလေး ကဟန် သွယ်လျလျ ကုန်းမြေတစ်လျှောက် သာယာလှပစွာတည်ရှိပြီး ရာသီဥတုသမမျှတစွာ နေချင်စဖွယ်ကောင်းလှပေသည်။ အထူးသဖြင့် အင်ဒမန်ပင်လယ်အတွင်းကမြို့နှင့်မနီးမဝေး သဘာဝအလှမပျက်ယွင်းသေးသည့် စိမ်းလဲ့ကြည်လင်လှစွာ ပင်လယ်ရေပြင်ကြီးများ၊ ဖြူလွလွသဲသောင်ပြင်များ၊ စိမ်းစို လန်းဆန်းလှစွာ ပင်လယ်ဒီရေတောများ၊ ထူးဆန်းအံ့သြဖွယ် ပင်လယ်သန္တာကျောက်တန်း ရေအောက်သဘာဝအလှရှုခင်းများဖြင့် ပြည့်နှက်ထုံမွမ်း လှချင်တိုင်းလှနေကြသည့် ပင်လယ်အပန်းဖြေကျွန်းများ၏ ကောင်းသတင်းများကြောင့် မြန်မာသာမက ကမ္ဘာတစ်ဝန်းမှ ခရီးသွားဧည့်သည်များ ချီးမွမ်းထောမနာပြုကြသည့် ရပ်ဝန်းတစ်ခုဖြစ်သည်။

ပင်လယ်အပန်းဖြေခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာနေသည့် ကော့သောင်းဒေသအနီးအနားကျွန်းများဆီသို့ မြန်မာ့နှစ်သစ်ကူးသင်္ကြန်ရာသီကာလဖြစ်သည့် အများပြည်သူအားလပ်ရက်ရှည်အတွင်း အနားယူအပန်းဖြေကြရန် အလည်အပတ်လာကြပေရော့မည်။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် အားလပ်ရက်ရှည်ကာလအတွင်း အပန်းဖြေခရီးလာရောက်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များဖြင့် နှစ်စဉ်စည်ကားမြဲဖြစ်သည့် သဘာဝအလှကျွန်းများကို ဖော်ပြလိုက်ပါသည် -

## သူဌေးကျွန်း

ကော့သောင်းမြို့မှ သူဌေးကျွန်းဆီသို့ ဖယ်ရီသင်္ဘောဖြင့် ၁၀ မိနစ်ခရီးအဖြစ် သွားရောက်နိုင်သည်။ စပိဘုတ် (Speed boat)ဖြင့် သွားရောက်ပါက သုံးမိနစ်ကြာမျှ သွားရသည်။ ပါချန်ပင်လယ်ပြင်ကို ဖြတ်ကျော်ကြည့်လိုက်ပါက သူဌေးကျွန်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။ သူဌေးကျွန်းရှိ Grand Andaman ကြယ်ငါးပွင့်အဆင့်ရှိ ရီဆော့ဟိုတယ်သည် အထူးဖန်တီးထားသည့် တည်းခိုနားနေရာဟိုတယ် ဖြစ်သည်။ ကျွန်းပေါ်တွင် ရှားပါးလှသည့် အောက်ချင်းငှက်များနှင့် မျောက်များ နေထိုင်ကျက်စားကြသည်။ ကမ္ဘာလှည့်ခရီးသွားများ၏ ရပ်ဝန်းတွင် အထူးရေပန်းစားအကြိုက်တွေ့ကြသည်။ ကျွန်းပတ်လည်အလွန်လှပ ကြည်နူးဖွယ်ရာ ပင်လယ်ရှုခင်းများ၊ လတ်ဆတ်သန့်ရှင်းသည့် ပင်လယ်လေကောင်းလေသန့်များနှင့် အဆင့်မြင့်ဂေါက်ကွင်း၊ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများ၊ ဆက်စပ်ပင်လယ်ကျွန်း အလည်အပတ်ခရီးစဉ်များဖြင့် အပန်းဖြေအနားယူရန် အလွန်ကောင်းလှပါတယ်။





## လည်ရွဲလေးလုံးကျွန်း (Cock Burn)

ကော့သောင်းမြို့မှ ရေမိုင် ၄၅ မိုင်အကွာမှာရှိတဲ့ လည်ရွဲလေးလုံးကျွန်းသို့ Speedboat ဖြင့် တစ်နာရီဝန်းကျင်ခန့် သွားရမှာ ဖြစ်ပါတယ်။ ကျွန်း၏အရှေ့ဘက်ခြမ်းတွင် ရေအောက်ရှုခင်းများ ကြည့်ရှုနိုင်ပြီး နီမိုငါး၊ ဂျယ်လီငါး အပါအဝင် ငါးအမျိုးအစားပေါင်းများစွာနှင့် သန္တာကျောက်တန်းများစွာကိုပါ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပင်လယ်မြင်ကွင်းကျယ်နှင့် ကမ်းခြေအလှများ၊ ရေကူးရေလှိုင်းစီးခြင်း၊ ကနူးလှေလှော်ခတ်ခြင်း၊ တောင်ပေါ် ရှုခင်းလှပခြင်း၊ ငါးအမျိုးအစားနှင့် သန္တာမျိုးနွယ်ဝင် အရေအတွက်များပြားခြင်းတို့ကြောင့် ခရီးသွားဧည့်သည်များအား အကောင်းဆုံးဆွဲဆောင်ထားနိုင်သည့် ကျွန်းတစ်ခုအဖြစ် တွေ့ရှိရမှာဖြစ်တယ်။

## ညောင်ဦးဖီးကျွန်း (Nyaungoophee Island)

ကော့သောင်းမြို့မှ ရေမိုင် ၄၂ မိုင်အကွာ Speed boat ဖြင့် တစ်နာရီခန့်ခရီးနှင်ပါက TZK Hotel & Tour ဒေသခံကုမ္ပဏီ၏ Resort အပန်းဖြေစခန်းရှိရာ ညောင်ဦးဖီးကျွန်းသို့ ရောက်ရှိမည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေပြာပြာပင်လယ်ပြင်ကြီးနှင့် ညီညာပြန့်ပြူးသော ဖြူလွလွသဲသောင်ပြင်များ၊ ပင်လယ်ရေအောက်သက်မဲ့သဘာဝရှုခင်းများ၊ ရှားပါးသက်ရှိပင်လယ်သတ္တဝါမျိုးစိတ်ပေါင်းများစွာ ရှင်သန်ပေါက်ပွားကြီးပြင်းပေါများရာ၊ အပျော်စီးရွက်လှေနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ် အပန်းဖြေအနားယူရာ၊ ပင်လယ်ရေအောက်သန္တာကျောက်တန်းများ၊ သဘာဝရေမှော်ပင်နှင့် ရေနေသတ္တဝါများအား ရေငုပ်ကြည့်ရှုမှတ်တမ်းတင်ကြရာ အလွန်လှပကြည်နူးဖွယ် ကောင်းလှပါတယ်။


ညောင်ဦးဖီးကျွန်း



## ၁၁၅ ကျွန်း (115 Island)

၁၁၅ ကျွန်းသည် ကော့သောင်းမြို့၏ ၃၈ မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ၁၁၅ ကျွန်းတွင် ရှည်လျားကျယ်ဝန်းပြီး ဖြူဖွေးတဲ့ သဲသောင်ပြင်ရှိကာ Snorkelling လုပ်ရန် အကောင်းဆုံး တစ်နေရာဖြစ်ပြီး အရောင်အသွေးစုံလင်တဲ့ ငါးများ၊ လှပတဲ့ သန္တာကျောက်တန်းများကို အနီးကပ်လေ့လာနိုင်ပါတယ်။ ထို့အပြင် ခရီးသွားများအနေနဲ့ ကယက်လှေများဖြင့်လည်း လှော်ခတ် အပန်းဖြေနိုင်တယ်လို့ သိရပါတယ်။ ၁၁၅ ကျွန်းမှ ခံစားကြည့်ရှုနိုင်မယ့် Andaman ပင်လယ်ရဲ့ နေဝင်ချိန်အလှဟာ အလွန်လှပနှစ်လိုဖွယ် ကောင်းတယ်လို့ လည်းသိရပါတယ်။

စာမျက်နှာ (ဃ)သို့

စာမျက်နှာ (ဂ)မှ

## စောင်းကောက်ကျွန်း (Bruer Island)

ကော့သောင်းမြို့ကနေ စောင်းကောက်ကျွန်းကို တစ်နာရီခွဲဝန်းကျင်ခန့် Speedboat စီးပြီးသွားရပါတယ်။ စောင်းကောက်ပုံစံကျွန်းလေးရဲ့ထူးခြားချက်လေးက နှစ်ဖက်လှကမ်းခြေရှိခြင်းပဲဖြစ်ပါတယ်။ ကမ်းခြေနှစ်ခုရဲ့အလယ်မှာတော့ စားသောက်ဆိုင်လေး ဖွင့်ထားပါတယ်။ စိမ်းညို့ညို့တောအုပ်ရဲ့အရိပ်လေးမှာထိုင်ပြီး ကျွန်းရဲ့အလှအပများကို ခံစားခြင်းဖြင့် စိတ်ဖိစီးမှုတွေ၊ အပူအပင်တွေပျောက်ကင်းစေမှာ အမှန်ပင်ဖြစ်ပါတယ်။ ကနူးလှေတွေလည်း လှော်လို့ရပြီး ကျွန်းသေးလေးကို ပတ်လှော်ရင် မိနစ်၄၀ခန့် အချိန်ပေးရပါမယ်။ လူတစ်ရပ်ထက်မြင့်တဲ့ နှစ်တစ်ထောင်သစ်ပြားပျဉ်တွေကိုလည်း ကျွန်းရဲ့ထူးခြားတဲ့ အရာတစ်ခုအဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။






## ကြက်မောက်ကျွန်း(ခေါ်) Cock Comb Island

ကော့သောင်းမြို့အနောက်တောင်ဘက် ပင်လယ်ရေမိုင် ၂၈ မိုင်ခန့်အကွာ Speedboat ဖြင့်သွားလျှင် တစ်နာရီခန့်အတွင်း ရောက်ရှိနိုင်ကာ ကျွန်းအကျယ်အဝန်းဧက ၁၂၀ ခန့်ရှိပြီး ကျွန်းအလယ်ဗဟိုတွင် အချင်းပေ ၃၀၀ ခန့်ရှိ သဘာဝအလျောက်ဖြစ်တည်လျက် အသည်းနှလုံးပုံသဏ္ဌာန် လွန်စွာလှပသည့် ရေအိုင်ကြီးတစ်ခုကြောင့် ထူးဆန်းခြင်းဖြစ်သည်။ ထိုရေအိုင်ကြီးသို့ဝင်ရောက်ရန် တစ်ခုတည်းသောဝင်ပေါက်အဖြစ် ကျွန်း၏အရှေ့တောင်ဘက်အောက်ခြေကျောက်တန်းများအောက်မှ အကျယ် ၂၅ပေ၊ အလျားပေ ၃၀ ရှိ ပြွန်ပုံသဏ္ဌာန်လိုဏ်ဂူအပေါက်တစ်ခုမှ ပင်လယ်ဒီရေအနည်းငယ်ကျချိန်မှ ဝင်ရောက်နိုင်သည်။ ထွင်းဖောက်မြင်နိုင်လောက်အောင် စိမ်းမြကြည်လင်လှသည်။ ရေကန်ကြီးအတွင်း ဝင်ရောက်လည်ပတ် လေ့လာအပန်းဖြေရသည်မှာ မည့်သည့်ခံစားမှုနှင့်မျှမတူသော ထူးဆန်းပျော်ရွှင်ကြည်နူးဖွယ်ကောင်းသည့် ခံစားမှုတစ်ခုကိုဖြစ်ပေါ်စေမှာ အသေအချာဖြစ်တယ်။



## ခရင်းခွကျွန်း ( Macleod Island)

ကော့သောင်းမြို့မှ စက်လှေ (သို့မဟုတ်) ရွက်လှေဖြင့် ခရီးနှင်သော် ခုနစ် နာရီခန့် ကြာမြင့်နိုင်ပြီး Speedboat များဖြင့် သွားပါက နှစ်နာရီအတွင်း ရောက်နိုင်သော အလွန်လှပသည့် သဲသောင်ပြင်များ၊ အောက်ချင်းငှက်၊ ဂျီလောင်၊ တောဝက်ကဲ့သို့ တိရစ္ဆာန်များနှင့် သက်ရှိအများအပြား ရှင်သန်နေထိုင်ရာ ရေငုပ်၍ပင်လယ် ရေအောက် သဘာဝရှုခင်းများအား ကြည့်ရှုနိုင်ရာ၊ ရေကူးခြင်း၊ တောင်တက်ခြင်း စသည့် စွန့်စားဖွယ်ရာ၊ စိတ်လှုပ်ရှားဖွယ်ရာ ရသများခံစားနိုင်ပြီး မြန်မာအက်ဒမန် အပန်းဖြေစခန်း တစ်ခုတည်ရှိတဲ့အတွက် ခရီးသွားများ အေးချမ်းစွာ အနားယူအပန်းဖြေနိုင်ပါတယ်။

## ငလုံးလက်ဖယ်ကျွန်း (Pyin Sa Island)

ကော့သောင်းမြို့အနီးမှာတည်ရှိတဲ့ ငလုံးလက်ဖယ်ကျွန်း (Pyin Sa Island) ဟာ ပုလဲမွေးမြူရေး စခန်းတစ်ခုဖြစ်ပါတယ်။ ဒီကျွန်းလေးမှာဆိုရင် ပုလဲမွေးမြူရေးလုပ်ငန်းတွေကို အဓိကလုပ်ကိုင်သောကြောင့် ဧည့်သည်များအနေနဲ့ ပုလဲမွေးမြူးရေးနဲ့ပတ်သက်ပြီး အနီးကပ်လေ့လာနိုင်မယ့် အခွင့်အရေးတွေရရှိမှာ ဖြစ်ပါတယ်။ ပုလဲမွေးမြူရေးစခန်းမှာဆိုရင် မုတ်ကောင် (Oyster) များကို Long Line များနဲ့ ပင်လယ်ရေအောက်မှာ မွေးမြူထားရှိပုံတွေ၊ Floating House လို့ခေါ်တဲ့ ရေပေါ်အလုပ်ရုံတွေပေါ်မှာ မုတ်ကောင် ပြုစုထိန်းသိမ်းစောင့်ရှောက်ပုံတွေကို လေ့လာတွေ့မြင်နိုင်ပြီး အရွယ်ရောက်မုတ်ကောင်တွေရဲ့ ပုလဲဝတ်ဆံသွင်းပုံနဲ့ မုတ်ကောင်များမှ ပုလဲထုတ်ယူနေပုံတွေကို လက်တွေ့ကျကျ လေ့လာနိုင်မည်ဖြစ်ပါတယ်။







## ဘိုချိုကျွန်း (Bo Cho Island)

သဘာဝအမျိုးသားအဏ္ဏဝါဥယျာဉ်ရှိရာ လမ်ပိကျွန်း၏တောင်ဘက်နှင့် ညောင်ဝိကျွန်း၏မြောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိသည်။ ကျွန်း၏မြောက်ဘက်တွင် မကြံ့ဂလက်ခေါ် ဆလုံကျေးရွာရှိသည်။ ပင်လယ်ရေအောက် သန္တာကျောက်တန်းများ လှပစွာတည်ရှိသဖြင့် အနားယူအပန်းဖြေရင်း ဆလုံလူမျိုး များ၏ သဘာဝဓလေ့ထုံးစံများကို လေ့လာနိုင်မှာဖြစ်ပါတယ်။

ကြေးမုံ
အထူးကဏ္ဍ
မေ ၃၊ ၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများ

နိုင်လင်းကြည်

**“အားလုံးအတွက် တိုးတက်ကောင်းမွန်သောတရားမျှတမှုဆီသို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလဖြစ်သည့် ၂၀၁၈ခုနှစ်အတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများအနေဖြင့် လုပ်ငန်းနယ်ပယ်(၅)ရပ်ပါဝင်သော ၂၀၁၈-၂၀၂၂ ခုနှစ် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းကို ချမှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ် အထိဦးစားပေးအဆင့် (၃)ဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။**

၂၀၁၈ ခုနှစ်သည်ဤစီမံကိန်း၏ပထမနှစ်ကာလဖြစ်ပြီး ပထမနှစ်တွင် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၁၈)ကို မဟာဗျူဟာရည်မှန်းချက် (၁၄)ချက်ရေးဆွဲသတ်မှတ်၍ ဦးစားပေးအဆင့်(၁)ဖြစ်သည့် “ချက်ချင်းလုပ်ဆောင်ရန် အထူးအရေးကြီးမဟာဗျူဟာအစီအစဉ်များ”ကို ဆောင်ရွက်ရသည့်နှစ်လည်းဖြစ်သည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်မှုတွင် တိုးတက်ခိုင်မာလာစေရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(UNEP)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ရက်(AJNE)တို့နှင့် ပူးပေါင်းကာ “ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက်တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ” အာရှ-ပစိဖိတ် တရားရေးညီလာခံကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်ခဲ့သည်။

ယင်းညီလာခံတွင် သဘာဝပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာတရားစွဲဆိုမှုနှင့် တွေ့ကြုံရသောစိန်ခေါ်မှုများ၊ ပြောင်းလဲလာသည့် ကမ္ဘာ့ရာသီဥတုအခြေအနေတွင် တရားသူကြီးများ၏ အခန်းကဏ္ဍများနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များစသည့် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများက ရှုထောင့်မျိုးစုံမှ ပါဝင်ဆွေးနွေးခဲ့ကြသည်။

နားလည်မှုစာချွန်လွှာ ရေးထိုးမှုများအနေဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယအမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့သည် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကို နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် JICA Judicial and Legal Project တို့ သဘောတူလက်မှတ်ရေးထိုးထားသည့်စီမံချက်အဆင့်(၂)နှင့်စပ်လျဉ်း၍ ဆွေးနွေးမှုမှတ်တမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစည်းအဝေးခန်းမတွင်လည်းကောင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ

အထူးကဏ္ဍ [ ၁ ] သို့ »»


ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်မှုတွင် တိုးတက်ခိုင်မာလာစေရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်(UNEP)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ရက်(AJNE) တို့နှင့် ပူးပေါင်းကာ “ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ” အာရှ-ပစိဖိတ် တရားရေးညီလာခံကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်ခဲ့**

»»» အထူးကဏ္ဍ [ က ] မှ

ဖိတ်ကြားလာသော ပြည်တွင်းပြည်ပအလုပ်ရုံဆွေးနွေးပွဲများသို့ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတရားရေးအရာရှိများကို တက်ရောက်စေလျက်ရှိသည်။ ထို့ပြင် တရားသူကြီးများ၊ တရားရေးအရာရှိများအား နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက ခွဲဝေချထားသည့် နိုင်ငံခြားပညာသင်ဆုများကို ဖြေဆိုခွင့်ပြုစေခဲ့ပြီး အောင်မြင်သူများကိုလည်း ဩစတြေးလျ၊ အင်္ဂလန်၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ မဟာဥပဒေဘွဲ့သင်တန်းနှင့် ဥပဒေပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်ရန်စေလွှတ်လျက်ရှိသည်။

ထို့အပြင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၉ ရက်က စင်ကာပူသမ္မတနိုင်ငံဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား လက်မှတ်ရေးထိုးထားသည့် **“စင်ကာပူ-မြန်မာဥပဒေရေးရာအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ”**အရ ၂၀၁၄ ခုနှစ်မှစ၍ **“စင်ကာပူတရားရုံးများတွင် တွဲဖက်လေ့လာရေး အစီအစဉ်”**သို့ ပါဝင်တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကိုယ်စားလှယ်များကို စေလွှတ်ခဲ့ရာ ၂၀၁၉ ခုနှစ်မတ်လအထိ ရှစ်ကြိမ် စေလွှတ်ခဲ့ပြီးဖြစ်သည်။



၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။

စင်ကာပူတရားရုံးများတွင် တွဲဖက်လေ့လာရေးစေလွှတ်ခြင်းဖြင့် စင်ကာပူနိုင်ငံတရားရုံးများ၏အမှုစစ်ဆေးပုံ၊ လုပ်ထုံးလုပ်နည်းများ လက်တွေ့ကျင့်သုံးပုံများကို လေ့လာနိုင်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် တရားရုံးကဦးဆောင်သည့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များ၊ တရားရုံးလုပ်ထုံးလုပ်နည်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**စံချိန်စံညွှန်းမီ တရားရုံးအဆောက်အအုံ**

၂၀၁၈ ခုနှစ်တွင် တပ်ကုန်းမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံးနှင့် မောင်တောခရိုင်တရားရုံးများကို အသစ်ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တရားရုံးအဆောက်အအုံသစ်ဆောက်လုပ်ရာတွင် နိုင်ငံတကာရှိတရားရုံးများ၏ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အများပြည်သူနှင့် တရားရုံးအသုံးပြုသူများ ရုံးလုပ်ငန်းဆိုင်ရာဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်ရေး၊ လွယ်ကူချောမွေ့ရေး၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့အတွက် အမှုတွဲလက်ခံဌာန၊ သတင်းအချက်အလက်ရယူရန်ဌာနနှင့် စုံစမ်းရန်ဌာနများကို ထည့်သွင်းဆောက်လုပ်ထားသည့်အပြင် သက်သေများနားနေခန်း၊ ရှေ့နေများနှင့် ဥပဒေအရာရှိများနားနေခန်းများ၊ မသန်စွမ်းသူများသွားလာရေးလွယ်ကူစေရန် အစီအမံများနှင့်လုံခြုံရေးဂိတ်တဲများကို ထည့်သွင်းဆောက်လုပ်ထားသည်။

**နည်းပညာပစ္စည်းဆိုင်ရာထောက်ပံ့မှု**

၂၀၁၇ ခုနှစ် သက်သေခံအက်ဥပဒေပြင်ဆင်ချက်အရ တရားရုံးအသီးသီးတွင် မှုခင်းများစစ်ဆေးစီရင်ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နှစ်ဖက်အမှုသည်များက တင်ပြလာသည့်အသံဖိုင်များ၊ ဗီဒီယိုဖိုင်များ၊ ဓာတ်ပုံများနှင့် Memory Stick များမှာ မှန်ကန်မှု ရှိ၊ မရှိ၊ သက်သေခံဝင်ခြင်း ရှိ၊ မရှိ၊ အမှုနှင့်သက်ဆိုင်ခြင်း ရှိ၊ မရှိ၊ တရားသူကြီးများစိစစ်နိုင်ရန်၊ နှစ်ဖက်အမှုသည်များနှင့် အများပြည်သူများ တရားခွင်တွင်မြင်တွေ့နိုင်ရန်အတွက် ခရိုင်တရားရုံးအဆင့်အထိ တရားခွင်တိုင်းတွင်ကွန်ပျူတာ၊ ပရင်တာများနှင့် မိတ္တူကူးစက်တို့ကို ခွဲဝေပေးပြီး တပ်ဆင်အသုံးပြုစေခဲ့သည်။

၂၀၁၈ ခုနှစ်၏ အဓိကဆောင်ရွက်ချက်များတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအရ ဥပဒေဆိုင်ရာအထောက်အကူပေးရေး နည်းဥပဒေများ ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့်အဆင့်ဆင့်သော အဖွဲ့များဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့များအတွက် ဘဏ္ဍာရေးနှင့် ဝန်ထမ်းဖွဲ့စည်းပုံအပါအဝင် ထိရောက်သည့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ်စီမံဆောင်ရွက်ရန်ကိစ္စရပ်များ ပါဝင်သည်။

ထို့အတူ ၂၀၁၉ ခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အဓိက လုပ်ငန်းစဉ်များကို ထုတ်ပြန်ကြေညာခဲ့ရာ ဦးစားပေးလုပ်ငန်းစဉ်များမှာ မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး ၅ ရုံးနှင့် မြို့နယ်တရားရုံး ၄၃ ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊ မှုခင်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုများကို စံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်ရေးနှင့် အမှုရွှေ့ဆိုင်းမှုနှုန်းလျော့ကျရေးဆောင်ရွက်ရန်၊ ပြဋ္ဌာန်းဥပဒေသစ်များနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ၊ ကလေးသူငယ်မှုခင်းများ၊ စီးပွားရေးကူးသန်းရောင်းဝယ်ရေးမှုခင်းများစသည့် အထူးမှုခင်းကိစ္စများဆောင်ရွက်ရန်၊ အများပြည်သူ တရားမျှတမှုလက်လှမ်းမီရေးအတွက် တရားရုံးများရှိ အမှုလက်ခံဌာန၊ စုံစမ်းရန်နှင့်သတင်းအချက်အလက်ရယူရန် ကောင်တာများကို စနစ်တကျ အသုံးပြုရေးဆောင်ရွက်ရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုက်တွင် တရားရုံးနှစ်စဉ်အစီရင်ခံစာများ၊ မှုခင်းဆောင်ရွက်မှု အခြေအနေများနှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းဆိုင်ရာ စီရင်ချက်များဖော်ပြခြင်း၊ တရားရုံးလက်ကမ်းစာစောင်များကို တိုင်းရင်းသားဘာသာစကားဖြင့် ဖြန့်ဝေခြင်း၊ အများပြည်သူစိတ်ဝင်စားသည့် မှုခင်းများကို သတင်းထုတ်ပြန်ပေးခြင်းတို့ဖြင့် အများပြည်သူ တရားရုံးသတင်းပိုမိုလက်လှမ်းမီရေးဆောင်ရွက်ရန်၊ တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ခရိုင်တရားရုံး နှစ်ရုံးနှင့် မြို့နယ်တရားရုံး နှစ်ရုံးတွင် အကောင်အထည်ဖော်ခြင်းဖြင့် အခြားနည်းဖြေရှင်းနိုင်ရေးကို စတင်ဆောင်ရွက်ရန်တို့ဖြစ်သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»




၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် JICA Judicial and Legal Project တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

**အများပြည်သူနှင့် တရားရုံးအသုံးပြုသူများ ရုံးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်ရေး၊ လွယ်ကူချောမွေ့ရေး၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့အတွက် အမှုတွဲလက်ခံဌာန၊ သတင်းအချက်အလက်ရယူရန်ဌာနနှင့် စုံစမ်းရန်ဌာနများကို ထည့်သွင်း ဆောက်လုပ်ထားသည့်အပြင် သက်သေများနားနေခန်း၊ ရှေ့နေများနှင့် ဥပဒေအရာရှိများ နားနေခန်းများ၊ မသန်စွမ်းသူများသွားလာရေးလွယ်ကူစေရန် အစီအမံများနှင့် လုံခြုံရေးဂိတ်တဲများကို ထည့်သွင်းဆောက်လုပ်ထား**

»»» အထူးကဏ္ဍ [ ခ ] မှ

**တရားရုံးဝန်ဆောင်မှုကို မြှင့်တင်ခြင်း**

တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်ရေးအတွက် အမှုများ၏အမိန့်ချမှတ်မည့် နေ့ရက်များ၊ ကြားနာမည့်နေ့ရက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်ဝက်ဘ်ဆိုက် www.unionsupremecourt.gov.mm နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ပြည်သူ့ဆက်ဆံရေးဌာနခွဲ လူမှုကွန်ရက်စာမျက်နှာတို့တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးထားသည်။

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အင်တာနက်စာမျက်နှာကို အာဆီယံတရားစီရင်ရေး အင်တာနက်ပေါ်တယ် (ASIA Judiciaries Portal-AJP) နှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံတရားစီရင်ရေးနှင့် ဥပဒေစနစ်ဆိုင်ရာ သတင်းအချက်အလက်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် လွယ်ကူစွာရှာဖွေလေ့လာနိုင်သော Myanmar National Portal တွင်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏လုပ်ရှားဆောင်ရွက်မှုများကို လွှင့်တင်ဖော်ပြပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ ကိုယ်ပိုင် Website များ လွှင့်တင်ဖော်ပြနိုင်ရေးအတွက် Website ရေးဆွဲရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံတရားစီရင်ရေး၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကို "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ရည်ရွယ်၍တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာ စီမံကိန်း ၂၀၁၈-၂၀၂၂ ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။


၂၀၁၉ ခုနှစ် မတ် ၁၄ ရက်က မှုခင်းစီမံခန့်ခွဲမှုစနစ်နှင့် မှုခင်းခြေရာကောက်ခြင်း သင်တန်းဖွင့်လှစ်မှုကို တွေ့ရစဉ်။

**တရားရုံးအဆင့်ဆင့်တွင် မှုခင်းဆောင်ရွက်ခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက် အထိကာလအတွင်း အမှုပြီးပြတ်မှုနှုန်း ၉၈ ရာခိုင်နှုန်းဖြစ်ပြီး ယခင်နှစ်အမှုပြီးပြတ်မှုနှုန်းထက် ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ သို့သော် ရည်မှန်းချက်ပြည့်မီခြင်း မရှိသေးကြောင်း တွေ့ရှိရ၍ ၂၀၁၉ ခုနှစ်တွင် ရည်မှန်းချက်ပြည့်မီရေးဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း သိရသည်။

**နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဆောင်ရွက်ခြင်း**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်က စတင်ပြီး အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း ခရိုင်နှင့် မြို့နယ် အဆင့်တရားရုံး ၂၆ ရုံးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ခရိုင်နှင့် မြို့နယ် အဆင့်တရားရုံး ၄၈ ရုံးတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မှုခင်းစီမံခန့်ခွဲမှုသည် အမှုများစစ်ဆေးစီရင်ရာတွင် စံသတ်မှတ်ထားသည့်ကာလအတွင်း ပြီးပြတ်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရုံးကသက်ဆိုင်ရာ အမှုသည်များ၊ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ နည်းပညာအထောက်အပံ့များနှင့် စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင် အမှုတစ်မှုချင်း၏ဆောင်ရွက်ချက်များကို ကွန်ပျူတာတွင် စနစ်တကျရေးသွင်း၍ စောင့်ကြည့်စစ်ဆေးခြင်း၊ တရားရုံးအသီးသီး၏ စစ်ဆေးဆဲနှင့် ဆုံးဖြတ်ပြီးအမှုများ၏

အထူးကဏ္ဍ [ ဃ ] သို့ »»»

**နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်က စတင်ပြီး အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း ခရိုင်နှင့် မြို့နယ် အဆင့်တရားရုံး ၂၆ ရုံးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ခရိုင်နှင့် မြို့နယ် အဆင့်တရားရုံး ၄၈ ရုံးတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**


လှိုင်းဘွဲ့မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



»»» အထူးကဏ္ဍ [ ၈ ] မှ

ဆောင်ရွက်မှုများ၊ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှုအခြေခံစစ်တမ်းများ၊ သတ်မှတ်ကာလအတွင်း ရလဒ်စစ်တမ်းများကောက်ယူခဲ့သည်။ စစ်ဆေးဆဲအမှုများ၏သက်တမ်းမှာ ၁၂ လအထက် ရာဇဝတ်မှု ငါးရာခိုင်နှုန်း၊ ၃၆ လအထက် တရားမမှု ရှစ်ရာခိုင်နှုန်း၊ အမှုရွှေ့ဆိုင်းနှုန်းတွင် ရာဇဝတ်မှုများတွင် ၃၅ ရာခိုင်နှုန်းနှင့် တရားမမှုများတွင် ၂၉ ရာခိုင်နှုန်းဖြစ်သည်။

**စေ့စပ်ဖြေရှင်းရေးရှေ့ပြေးအစီအစဉ်**

တရားရုံးက ဦးဆောင်သောစေ့စပ်ဖြေရှင်းရေးရှေ့ပြေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးသည် တရားရုံးတွင် တရားမမှုစွဲဆိုပြီးနောက် နှစ်ဖက်အမှုသည်များအကြား အငြင်းပွားမှုကို တရားရုံးကတာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းသူက အမှုသည်များ ကျေနပ်လက်ခံနိုင်သည့် သဘောတူညီချက်ရရှိစေရန် ကူညီဆောင်ရွက်ပေးရန် စေ့စပ်ဖြေရှင်းသည့် နည်းလမ်းဖြစ်သည်။ တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးရှေ့ပြေးအစီအစဉ်ကို နေပြည်တော် ဒက္ခိဏခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်တရားရုံး၊ တောင်ငူမြို့နယ်တရားရုံးတို့တွင် ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်မှ စတင်အကောင်အထည်ဖော်ခဲ့သည်။ စစ်ဆေးဆဲတရားမမှုခင်းများကို အမှုသည်များ၏ သဘောတူညီချက်အရလည်းကောင်း၊ အသစ်စွဲဆိုသည့် ကူးသန်းရောင်းဝယ်ရေးပြဿနာ၊ မိသားစုပြဿနာ၊ ငွေကြေးပြဿနာများကို စေ့စပ်ဖြေရှင်းရန် သတ်မှတ်အမှုအမျိုးအစားအဖြစ် သတ်မှတ်ပြီး ကျန်တရားမမှုခင်းများကို နှစ်ဖက်အမှုသည်၏ သဘောတူညီချက်ဖြင့် စေ့စပ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။







မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ၂၀၁၅ ခုနှစ် ကောက်ယူသည့် အခြေခံစစ်တမ်းမှ ၂၀၁၈ ခုနှစ်အထိ တရားရုံးများအပေါ် ပြည်သူများ၏ ကျေနပ်မှုအခြေအနေ







**တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာပြောင်းလဲသတ်မှတ်ခြင်း**

၂၀၁၈ ခုနှစ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး တစ်ရုံးနှင့်ခရိုင်တရားရုံး တစ်ရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၃-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၈ ဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးကိုဖွဲ့စည်း၍ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်များတွင် ဖြစ်ပွားသော ရာဇဝတ်မှုနှင့်တရားမမှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုသော်လည်းကောင်း၊ ၁-၁၀-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄၅/၂၀၁၈ ဖြင့် ချင်းပြည်နယ် မတူပီခရိုင်တရားရုံးကိုဖွဲ့စည်း၍ မတူပီမြို့နယ်နှင့်ပလက်ဝမြို့နယ်တို့တွင် ဖြစ်ပွားသော ရာဇဝတ်နှင့် တရားမမှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်းခဲ့သည်။

**ဥပဒေလုပ်ထုံးလုပ်နည်းဆောင်ရွက်ချက်များ**

၂၀၁၈ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲရသောဥပဒေ (၅၂)မျိုးအနက် ခေတ်ကာလနှင့်လိုက်လျောညီထွေမှုရှိစေရန်ပြင်ဆင်ခြင်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ ဥပဒေမူကြမ်းရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၅-၄-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုဥပဒေအမှတ် ၁၁/၂၀၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၆၄၃/၂၀၁၈ ဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၅၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လုပ်ထုံးလုပ်နည်းများကို ၃၁-၇-၂၀၁၈ ရက်နေ့တွင် လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတ၍ အချိန်မီထိရောက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက် မှုခင်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများကို ၁-၈-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့သည်။

လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို နိုင်ငံတကာစံနှုန်းနှင့်အညီ ရေးသားပြုစု၍ ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ကြောင်း သိရသည်။

**အကျဉ်းထောင်နှင့်ရဲတပ်ဖွဲ့အချုပ်ခန်းများစစ်ဆေးခြင်း**

ပြည်ထောင်စုတရားစီရင်ရေးပုဒ်မ ၆၇ နှင့် ၆၈ တို့အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများသည် အကျဉ်းထောင်များသို့ ၇၆ ကြိမ်၊ ရဲတပ်ဖွဲ့အချုပ်ခန်းများသို့ အကြိမ် ၅၉၀ နှင့် စိုက်ပျိုး/ကုန်ထုတ်စခန်းများသို့ အကြိမ် ၃၀ သွားရောက်စစ်ဆေး၍ ပြစ်ဒဏ်ကျအကျဉ်းသူ၊ အကျဉ်းသားများ၊ အချုပ်ခံရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးစီရင်ရာတွင် နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးတို့အတွက် သွားရောက်စစ်ဆေး၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ရှေ့နေရှေ့ရပ်ဆိုင်ရာဆောင်ရွက်ချက်များ**

တရားစီရင်ရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် ရှေ့နေရှေ့ရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၁-၁-၂၀၁၈ မှ ၂၈-၂-၂၀၁၉ ရက်နေ့ထိ တရားလွှတ်တော်ရှေ့နေ လိုင်စင် ၅၅၃ ဦး၊ အထက်တန်းရှေ့နေ ၁၀၁၆ ဦးနှင့် အလုပ်သင်ရှေ့နေ ၂၀၆၅ ဦးကို ရှေ့နေလိုင်စင်များထုတ်ပေးခဲ့သည်။ ရှေ့နေလိုင်စင်များ ထုတ်ပေးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အသိမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားများကျင်းပ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ကိုယ်တိုင်ပေးအပ်ခြင်းဖြစ်သည်။

ရှေ့နေများအပေါ်အရေးယူမှုနှင့် စပ်လျဉ်း၍ အထက်တန်းရှေ့နေ ၈ ဦးနှင့် တရားလွှတ်တော်ရှေ့နေ ၁၄ ဦးအား အရေးယူခဲ့ရပါသည်။ ထို့အပြင် ရှေ့နေလိုက်ပါခွင့်ရပ်ဆိုင်းခြင်း ပြစ်ဒဏ်ခံရသည့် တရားလွှတ်တော်ရှေ့နေ ခြောက်ဦးနှင့်အထက်တန်းရှေ့နေ နှစ်ဦးတို့အား ရပ်ဆိုင်းကာလ ပြည့်မြောက်သဖြင့် ရှေ့နေအဖြစ် ပြန်လည်လိုက်ပါဆောင်ရွက်ခွင့်ပြုခဲ့သည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတရားစီရင်ရေး၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ကို လူတိုင်းသို့အရည်အသွေးမြင့်တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့်တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားဖော်ပြအပ်သည်။ ■




